ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အမြဲတည်ခြင်းသည် မရှိချေ**

အရိုးစု ၃၀၀ တို့ဖြင့် ဖွဲ့စည်းထားအပ်သော ဤခန္ဓာကိုယ်သည် အဆန်းတကြယ်ပြုလုပ်အပ်သော အရုပ်နှင့်တူ၏။ နာကျင်တတ်သောသဘောရှိ၏။ ယင်းခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီးခြင်းသို့ ရောက်ရ၏။ အမြဲတည်ခြင်းသည် မရှိချေ။ (ခန္ဓာကိုယ်သည် ကုန်ဆုံးပျက်စီး၍ အတည်မဲ့သောသဘောရှိသဖြင့် မစွဲလမ်း မနှစ်သက်အပ်ချေ။)

ဇရာဝဂ်(ဓမ္မပဒ-၁၄၇)

၁၃၇၉ ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၃ ရက်၊ ဗုဒ္ဓဟူးနေ့။ Wednesday, 1 November 2017 (၉၀၉၅)

# (၁၂) ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေး ဆက်လက်ကျင်းပ

နေပြည်တော် အောက်တိုဘာ ၃၁

**(၁၂)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်သည်။**

ယနေ့ အစည်းအဝေးတွင် တက်ရောက်လာကြသူများက နိုင်ငံရေးဆွေးနွေးမှုဆိုင်ရာမူဘောင်နှင့် လုပ်ငန်းလမ်းညွှန် (ToR)များ ပြန်လည်သုံးသပ်ရေး၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပခြင်းနှင့်စပ်လျဉ်းသည့် Standard Operating Procedure (SOP) မူကြမ်းရေးဆွဲရေးနှင့် အလုပ်အဖွဲ့ ဖွဲ့စည်းရေးကိစ္စ၊ အကြောင်းအရာအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (CSO Forum) ကျင်းပနိုင်ရေးနှင့် မူဝါဒစာတမ်း တင်ပြနိုင်ရေးကိစ္စ၊ UPDJC Proposal drafting process ကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ (UPDJC) ဒုတိယဥက္ကဋ္ဌ ဦးသုဝေက (၁၂)ကြိမ်မြောက် UPDJC အစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ခဲ့ပြီး အစည်းအဝေးက ဆုံးဖြတ်သည်များကို အကောင်အထည်ဖော်ကြရမည်ဖြစ်ပါကြောင်း၊ ထိုသို့ အကောင်အထည်ဖော်ရာတွင် ညီညီညွတ်ညွတ် အကောင်အထည်ဖော်ပါက ရည်မှန်းချက်ဆီသို့ အမြန်ရောက်မည်ဖြစ်ပါကြောင်း၊ UPDJC သည် လုပ်ငန်းတာဝန်အများအပြားကို တာဝန်ယူရသည့်အဖွဲ့အစည်းဖြစ်သည့်အတွက် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ✪



**(၁၂)ကြိမ်မြောက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီအစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်စဉ်။**



# ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာအား ခိုင်လုံသော ခေတ်ပြိုင်မှတ်တမ်းဖြစ်ခြင်းကြောင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်

**နေပြည်တော် အောက်တိုဘာ ၃၁**

ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အတွက် အပြည်ပြည်ဆိုင်ရာအကြံပေးကော်မတီ၏ အောက်တိုဘာ ၂၄ ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သည့် (၁၃) ကြိမ်မြောက် အစည်းအဝေးတွင် နိုင်ငံအသီးသီးမှ မှတ်တမ်းအမွေအနှစ်ပေါင်း (၁၃၀) အဆိုပြုတင်သွင်းရာ မြန်မာနိုင်ငံမှ ပုဂံရွှေစည်းခုံဘုရားရှိ ဘုရင့်နောင်မင်းတရားကြီး၏ ခေါင်းလောင်းစာအပါအဝင် မှတ်တမ်းအမွေအနှစ် (၇၈) ခုအား ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် သတ်မှတ်ခံရကြောင်း သိရသည်။

ပုဂံရွှေစည်းခုံဘုရား ရင်ပြင်တော်ပေါ်ရှိ ဘုရင့်နောင်ခေါင်းလောင်းကြီးကို မြန်မာသက္ကရာဇ် ၉၁၇(အေဒီ ၁၅၅၇)ခုနှစ်တွင် ဆင်ဖြူရှင်ဘုရင့်နောင်မင်းတရားကြီးက သွန်းလုပ်၍ ချိတ်ဆွဲလှူဒါန်းခဲ့ကာ ခေါင်းလောင်းပေါ်တွင် မွန်၊ မြန်မာ၊ ပါဠိ သုံးဘာသာဖြင့် ရေးထိုးထားကြောင်း သိရသည်။

ခေါင်းလောင်းစာတွင် ဘုရင့်နောင်၏ တိုက်ခိုက်အောင်မြင်ရာအရပ်ဒေသနှင့် ထိုဒေသတို့၌ သာသနာပြုပုံများကို ရက်စွဲများဖြင့် အတိအကျဖော်ပြလျက် မှတ်တမ်းတင်ထားခဲ့ပါသည်။ ဘုရင့်နောင်ခေါင်းလောင်းစာသည် ခိုင်လုံသောခေတ်ပြိုင်မှတ်တမ်းဖြစ်ခြင်း၊ နေ့ရက်များကို တိုက်ဆိုင်စစ်ဆေးသောအခါ တိကျမှန်ကန်ခြင်း၊ ဘုရင့်နောင်မင်းတရား၏ မိဖုရားအမည်များကို အတိအကျသိရခြင်း၊ မဟာရာဇဝင်ကြီးနှင့် မှန်နန်းရာဇဝင်တော်ကြီးတို့၌ မပြည့်မစုံ၊ မတိမကျဖော်ပြထားသည်များကို ပြည့်စုံတိကျအောင် ဖြည့်စွက်နိုင်ခြင်းစသည့် အချက်များနှင့် ပြည့်စုံသောကြောင့် ကမ္ဘာ့မှတ်တမ်းအမွေအနှစ်အဖြစ် တင်သွင်းခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

ဘဏ္ဍာရေးနှစ်ပြောင်းလဲသော်လည်း စိုက်ပျိုးစရိတ်ချေးငွေကာလကို ပြောင်းလဲရန် အစီအစဉ် မရှိ

စာမျက်နှာ - ၅

ကြက်ခြေနီလှုပ်ရှားမှုမှာ လူမျိုး၊ ဘာသာ၊ အသား အရောင်ခွဲခြားမှု လုံးဝမရှိ လိုအပ်မှုအပေါ်မှာ မူတည်ပြီး ထောက်ပံ့သွားမှာဖြစ်

စာမျက်နှာ - ၁၀



# ကြေးမုံ

## အများအလယ်တွင် ဝင့်ဝင့်ထည်ထည်

အသိုက်အမြုံအားကောင်းသူတို့သည် ဝင့်ဝင့်ထည်ထည်နေနိုင်၏။ မကြောက်မရွံ့နေနိုင်၏။တက်ကြွသည့်အားမာန်ရှိ၏။ ရန်သူကို အမှုမထား ခုခံနိုင်စွမ်းအားရှိ၏။အသိုက်အမြုံအားကောင်းသည်ဆိုသည်မှာ စည်းလုံးညီညွတ်ခြင်းဖြစ်၏။ စည်းလုံးညီညွတ်ခြင်းဆိုသည်မှာ တွဲလက်မဖြုတ်စတမ်းခိုင်မြဲနေခြင်းဖြစ်၏။

စည်းလုံးညီညွတ်ခြင်းကြောင့် သတ္တလောကဝယ် သတ္တဝါများ အသက်ရှင်ရပ်တည်နေထိုင်နိုင်ခြင်းဖြစ်၏။ စည်းလုံးခြင်းသည် အောင်မြင်ခြင်း၊ စည်းလုံးညီညာအောင်ကြောင်းဖြာ စသည်ဖြင့် စည်းလုံးညီညွတ်ခြင်း၏ ဂုဏ်သတ္တိထူးများ၊အကျိုးရလဒ်ကောင်းများ များစွာရှိပါသည်။ ကျွန်ုပ်တို့မြန်မာနိုင်ငံသည် တိုင်းရင်းသားများ စုပေါင်းနေထိုင်သော ပြည်ထောင်စုနိုင်ငံဖြစ်၍ စည်းလုံးညီညွတ်ခြင်း သင်္ကေတကို ဆောင်သည်။

တိုင်းရင်းသားများ အစုအပေါင်း၊အသိုက်အမြုံကြီးဖြစ်ပြီး တိုင်းရင်းသားလူမျိုးတစ်မျိုးစီတွင်လည်း စည်းလုံးခြင်း၏ အမှတ်လက္ခဏာ၊ ညီညွတ်ခြင်း၏ သင်္ကေတများ ရှိသည်။ ကချင်တိုင်းရင်းသားလူမျိုးတို့တွင် "အုပ်စုကွဲလျှင် ကျားကိုက်"၊ "လူသုံးယောက်ညီညွတ်က ပင်လယ်ရေကိုပင် ပက်လို့ရ"၊ ကရင်တိုင်းရင်းသားလူမျိုးတို့တွင် "စပါးများက ထမင်းဖြစ်၊ ဝါးလုံးများက မြစ်ကိုကျော်နိုင်၊ ညီအစ်ကို မောင်နှမညီညွတ်က ကျောက်ခဲမီးဖုတ်သော် ကန်စွန်းဥ ကဲ့သို့ကျက်"၊ မွန်တိုင်းရင်းသားလူမျိုးတို့တွင် "တစ်လှေတည်းစီး တစ်ခရီးတည်းသွား"၊ "နွားကွဲလျှင် ကျားကိုက်၊ လူကွဲလျှင် အထိနာ"၊ "နှမ်းတစ်စေ့နှင့်ဆီကြိတ်၍ မရနိုင်"၊ ရခိုင်တိုင်းရင်းသားလူမျိုးတို့တွင် "တစ်ဖောင်ဝါးတစ်လုံးတည်းနှင့်ကန်သော် အချည်းနှီး"၊ "တစ်ယောက်တစ်လက် ကျောင်းသားလက်"၊ "ဝိုင်းစားမှမြိန်သည်၊ ဝိုင်းထမ်းမှ ပေါ့သည်" စသည့် လူမျိုးအလိုက် စည်းလုံးညီညွတ်မှုကို ပြဆိုသော စကားပုံများရှိသည်။

ကျွန်ုပ်တို့ ပြည်ထောင်စုသားအားလုံး မှီတင်းနေထိုင်သော မြန်မာနိုင်ငံကြီးကို အနော်ရထာမင်းလက်ထက်က ပထမအကြိမ်၊ ဘုရင့်နောင်မင်းတရားကြီးလက်ထက်က ဒုတိယအကြိမ်၊ အလောင်းမင်းတရားလက်ထက်က တတိယအကြိမ်၊ ဗိုလ်ချုပ်အောင်ဆန်းနှင့် မျိုးချစ်ခေါင်းဆောင်များလက်ထက်၌ စတုတ္ထအကြိမ်အဖြစ် စည်းလုံးညီညွတ်မှုကို ပြသကာ နိုင်ငံအချုပ်အခြာအာဏာတည်တံ့ခိုင်မြဲစေပြီး မြန်မာနိုင်ငံ ဝင့်ဝင့်ထည်ထည်ရပ်တည်နိုင်ခဲ့သည်။

ပြည်ထောင်စုဖွား တိုင်းရင်းသားများ၊ နိုင်ငံ့ခေါင်းဆောင်များနှင့် ပြည်သူများ၏ ညီညွတ်မှုစွမ်းပကားများမှာ အံ့မခန်းဖွယ်ဖြစ်သလို နိုင်ငံတော်ကြီး အဓွန့်ရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်နိုင်ခဲ့သည်။ ကမ္ဘာ့အလယ်၊ ဒေသတွင်းနိုင်ငံများအကြားတွင် တင့်တင့်တယ်တယ်၊ ဝင့်ဝင့်ကြွားကြွားရပ်တည်နိုင်ခဲ့သည်။ နိုင်ငံများအကြားတွင် မျက်နှာမငယ်၊ သိက္ခာတက်ဖွယ်ရှိခဲ့သည်။ ယင်းသည် ညီညွတ်မှုစွမ်းအားကြောင့်ဖြစ်သည်။ စည်းလုံးမှုအင်အားကြောင့်ဖြစ်သည်။

ယင်းမြန်မာနိုင်ငံ၏ သမိုင်းကို မရိုင်းစေချင်။ ကျွန်ုပ်တို့လက်ထက်တွင် ဘိုးဘွားအမွေအနှစ်တည်ထောင်ထိန်းသိမ်းခဲ့သည့် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစိတ်ဓာတ်ကို လက်ဆင့်ကမ်းထိန်းသိမ်းမှ တန်ကာကျမည်။ ဘိုးဘွားများကို ကျေးဇူးဆပ်ရာရောက်မည်။ ယနေ့ ကျွန်ုပ်တို့ စည်းလုံးကြပါ၏လော၊ ညီညွတ်ကြပါ၏လော သုံးသပ်ကြရမည်ဖြစ်သည်။

ယနေ့ ကျွန်ုပ်တို့ တိုင်းရင်းသားပြည်သူများ ကွဲပြားနေကြသေးသည်။ ညီညွတ်မှုကို တူတူတန်တန်မထူထောင်နိုင်သေးချေ။ ထိုအခါ နိုင်ငံတကာအလယ်တွင် မျက်နှာငယ်ရသည်။ နှိမ့်ချခံရသည်။ အနိုင်ကျင့်ခံရသည်။ ထို့ကြောင့် အများအလယ်တွင် ဝင့်ဝင့်ထည်ထည်နေနိုင်ရန်၊ ကမ္ဘာ့အလယ်တွင် တင့်တင့်တယ်တယ်နေနိုင်ရန် ကျွန်ုပ်တို့ ညီညွတ်ကြဖို့လိုပြီ။ စည်းလုံးကြဖို့ အချိန်တန်ပြီ။ ။

## အမျိုးသမီးထုကျန်းမာကြံ့ခိုင်ရေးအတွက် စည်းရုံးလှုံ့ဆော်ဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ်မှ ကျင်းပသော အမျိုးသမီးထု ကျန်းမာကြံ့ခိုင်ရေးအတွက် စည်းရုံးလှုံ့ဆော် ဟောပြောပွဲကို အောက်တိုဘာ ၃၀ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ အားကစားနှင့် ကာယပညာသိပ္ပံ (ရန်ကုန်) သင်တန်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဒေါ်ခင်လေးက အမျိုးသမီးတစ်ယောက်အနေဖြင့် အားကစားကို ဘယ်လိုလိုက်စားသင့်သည်၊ အာဟာရပြည့်ဝသောအစာကို စားသုံးပြီး ခန္ဓာကိုယ်ကို ဘယ်လိုထိန်းသိမ်းသင့်သည်၊ အမြဲတန်း ဆေးရုံ/ဆေးခန်းသို့ သွားနေမည့်အစား မိမိခန္ဓာကိုယ်နှင့် လိုက်လျောညီထွေသော အားကစားတစ်ခုခုကို လေ့ကျင့်လိုက်စားဖို့ လိုအပ်သည့်အတွက်ကြောင့် မြန်မာအမျိုးသမီးထု အစဉ်ကျန်းမာစေရန်အတွက် အမျိုးသမီးအဖွဲ့ချုပ်အနေဖြင့် ပထမခြေလှမ်းကို စတင်ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ကျွမ်းကျင်ပညာရှင် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါက်တာ မြလေးစိန်(ညွှန်ကြားရေးမှူး-ငြိမ်း)နှင့် မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ် အလုပ်အမှုဆောင် ဒေါက်တာ ဟန်နီအေးတို့အား အားကစားနှင့် ဆေးပညာများနှင့် ဆောင်ရန်/ရှောင်ရန်၊ အမျိုးသမီးများ လိုက်လျောညီထွေစွာ အားကစားကို လေ့ကျင့်လိုက်စားစေခြင်းကဏ္ဍများကို ဟောပြောခဲ့သည်။

အခမ်းအနားသို့ အားကစားနှင့် ကာယပညာသိပ္ပံ(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးစိုးအောင်နှင့်တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အမျိုးသမီး အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်ခင်လေးနှင့် ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာ အမျိုးသမီးလုပ်ငန်းရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြသည်။

**(အား/ကာ)**

## ရေကြည်ရာ ရေဒီယိုအစီအစဉ် စကားဝိုင်းဆွေးနွေးပွဲများ စစ်ကိုင်းတိုင်းဒေသကြီး ကျေးရွာနှစ်ရွာတွင်စတင်

**စစ်ကိုင်း အောက်တိုဘာ ၃၁**

စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်နှင့် BBC Media Action တို့ ပူးပေါင်းဆောင်ရွက်သည့် ရေကြည်ရာ ရေဒီယိုအစီအစဉ် စကားဝိုင်းဆွေးနွေးပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် တုံကျေးရွာနှင့် ယင်းမာပင်မြို့နယ် ပေပင်စုကျေးရွာတို့တွင် စက်တင်ဘာ ၂၀ ရက်က စတင်လုပ်ဆောင်



နေပြီဖြစ်ရာ ဒေသခံများအနေဖြင့် အသိပညာဗဟုသုတများတိုးကာ အမြင်ပိုကျယ်ပြန့်လာစေကြောင်း သိရသည်။

"တုံရွာနဲ့ ပေပင်စုရွာတွေမှာ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်ကခန့်ထားတဲ့ လူငယ်ဝန်ထမ်းနှစ်ဦးက တစ်ပတ်တစ်ကြိမ် တစ်ယောက်တစ်ရွာစီသွားပြီး မြန်မာ့အသံကလွှင့်တဲ့ ရေကြည်ရာအစီအစဉ်ကို နားထောင်ကြပြီး အမြင်ချင်းဖလှယ်ဆွေးနွေးကြတာပါ။ ဒေသခံတွေအတွက် ဗဟုသုတတွေ အများကြီးရစေပါတယ်။ ဆွေးနွေးကြတာက ကိုယ့်ရဲ့မွေးရပ်မြေကို စွန့်ခွာပြီး အလုပ်သွားလုပ်တဲ့သူတွေနဲ့ ကျန်ရစ်ခဲ့တဲ့မိသားစုတွေအတွက် သိသင့်သိထိုက်တာတွေ၊ အလုပ်လုပ်တဲ့သူတွေက လွှဲလိုက်တဲ့ငွေကြေးတွေကို ဘယ်လိုပုံစံနဲ့ စီမံခန့်ခွဲမယ်ဆိုတာတွေကို ဆွေးနွေးကြတာပါ။ မရဖူးသေးတဲ့၊ မသိသေးတဲ့ ဗဟုသုတတွေရသွားစေတာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက် တာဝန်ခံ ကိုဇော်သူရိန်ထွန်းက ပြောသည်။

ရေကြည်ရာရေဒီယိုအစီအစဉ်သည် မြန်မာ့အသံကထုတ်လွှင့်သည့် အစီအစဉ်တစ်ခုဖြစ်ပြီး ရွှေ့ပြောင်းအလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ငွေကြေးစုဆောင်းနည်းများ စသည်တို့ကို မျှဝေပေးသည့်အစီအစဉ်ဖြစ်သည်။ စစ်ကိုင်းတိုင်းဒေသကြီး လူငယ်ကွန်ရက်မှ လူငယ်နှစ်ဦးသည် တစ်ပတ်လျှင် တစ်ကြိမ် ကျေးရွာနှစ်ရွာသို့သွားရောက်ပြီး ရေကြည်ရာအစီအစဉ်ကို ကျေးရွာဒေသခံများဖြင့် စုပေါင်းနားထောင်ကာ အပြန်အလှန်ဆွေးနွေးသည့်အစီအစဉ်ကို ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်(ရွှေဈေး) ၉၃၀၀၀၀ - ၉၃၀၀၀၀၊ မန္တလေး(ရွှေဈေး) ၉၃၀၀၀၀ - ၉၃၀၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၇၂၅/၇၅၅ ကျပ်၊ | ၇၆၅/၇၇၅ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၇၈၅/၈၀၀ ကျပ်၊ | ၈၈၅/၈၉၅ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၇၃၀/၇၆၀ ကျပ်၊ | ၇၉၅/၈၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၇၄၅/၇၇၅ ကျပ်၊ | ၇၈၅/၇၉၅ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၇၀၀/၇၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၂၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၇၀၀/၇၀၅ ကျပ်

***၂၄-၁၀-၂၀၁၇ ရက်နေ့မှ ၃၀-၁၀-၂၀၁၇ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း ၉၂ တစ်လီတာ ၆၈၉ ကျပ်၊ အောက်တိန်း ၉၅ တစ်လီတာ ၇၁၇ ကျပ်၊ ဒီဇယ် တစ်လီတာ ၆၉၈ ကျပ်နှင့် အဆင့်မြင့်ဒီဇယ် တစ်လီတာ ၇၁၇ ကျပ် ဖြစ်ပါသည်။***(လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၆၆. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၉၀. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၀၅. ၅၂ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁. ၁၂၀ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၂. ၆၆ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၆၁ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၀၇. ၆ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၁. ၇၂ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၅၀. ၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၀၃. ၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေးသန်း၊ ဦးကျော်ဇေယျာမြင့်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလဲ့သင်း၊ ဒေါ်စန္ဒာဝင်း

**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအေဝမ်းစိုး၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း
**သတင်းထောက်** - ဒေါ်ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ကာတာလိုနီးယား ခွဲထွက်ရေးခေါင်းဆောင်အား သူပုန်ထမှုနှင့် နိုင်ငံတော်အား အကြည်ညိုပျက်စေမှုဖြင့် စွဲချက်တင်မည်

**မဒရစ် အောက်တိုဘာ ၃၁**
ခွဲထွက်ရေးတောင်းဆိုခဲ့သည့် ကာတာလိုနီးယားဒေသ ခေါင်းဆောင်အား သူပုန်ထမှုဖြင့်လည်းကောင်း၊ နိုင်ငံတော်အား အကြည်ညိုပျက်စေမှုဖြင့်လည်းကောင်း စွဲချက်တင်ကာ စပိန်အစိုးရ ရှေ့နေချုပ်က တရားစွဲဆိုမည်ဖြစ်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ရာထူးမှ ဖယ်ရှားခံရသော ကာတာလိုနီးယားဒေသ ခေါင်းဆောင် ကားလ်စ်ပစ်ဒီမောင့်သည် ဖြုတ်ချခံခဲ့ရသော ၎င်း၏ ဒေသန္တရအစိုးရအဖွဲ့မှ အဖွဲ့ဝင်များနှင့်အတူ ဘယ်လ်ဂျီယမ်နိုင်ငံသို့ ထွက်ပြေးသွားခဲ့ပြီး ရှေ့နေတစ်ဦးငှားရမ်းထားစဉ်တွင် အထက်ပါ အတိုင်း စွဲချက်တင်လိုက်ခြင်းဖြစ်သည်။

စပိန်နိုင်ငံမှ ခွဲထွက်၍ လွတ်လပ်ရေး ကြေညာနိုင်ရေးအတွက် ပြည်သူ့ဆန္ဒခံယူပွဲကို တရားမဝင်ပြုလုပ်ခဲ့မှုဖြင့် ကာတာလိုနီးယားဒေသဆိုင်ရာ ခေါင်းဆောင်များကို သူပုန်ထမှု၊ နိုင်ငံတော်အား အကြည်ညိုပျက်စေမှု၊ ငွေကြေး မသမာမှုနှင့် ရန်ပုံငွေများ အလွဲသုံးမှုတို့ဖြင့် စွဲချက်တင်မည်ဟု စပိန်ရှေ့နေချုပ် ဟိုဆေးမင်နျူယယ်မာဇာက အတည်ပြုပြောကြားသည်။ ထိုစဉ်အတွင်း ဗဟိုအစိုးရ အဖွဲ့က ယင်းဒေသကို တိုက်ရိုက်အုပ်ချုပ်မှု စတင်ပြုလုပ်သည်။

ကြွယ်ဝချမ်းသာသော ဒေသတစ်ခုဖြစ်ပြီး ကိုယ်ပိုင်ဘာသာစကားနှင့် ယဉ်ကျေးမှုတို့ရှိသော ကာတာလိုနီးယားဒေသ၌ အောက်တိုဘာ ၁၁ ရက်က ပြည်သူ့ဆန္ဒခံယူပွဲ ပြုလုပ်ခဲ့ရာမှ ဖြစ်ပေါ်လာသည့် နိုင်ငံရေး အကျပ်အတည်းသည် ဆယ်စုနှစ်ပေါင်းများစွာ ကာလအတွင်း အကြီးအကျယ်ဆုံးသော နိုင်ငံရေးတင်းမာမှု ဖြစ်သည်။

စပိန်ဝန်ကြီးချုပ် မာရီယာနို ရေဂျွိုင်းသည် ကာတာလိုနီးယား ခွဲထွက်ရေးဝါဒီအစိုးရအဖွဲ့ကို ဖြုတ်ချခဲ့ပြီး ရွေးကောက်ပွဲကို စော၍ခေါ်ယူခဲ့ကာ ဒီဇင်ဘာ ၂၁ ရက်တွင် ဒေသန္တရ ရွေးကောက်ပွဲ ပြုလုပ်ရန် ရက်သတ်မှတ်ပေးခဲ့သည်။

ရာထူးမှ ဖယ်ရှားခံခဲ့ကြရသော ကာတာလိုနီးယား ခေါင်းဆောင်အချို့က ၎င်းတို့အား ရာထူးမှ ဖြုတ်ချမှုကို လက်ခံနိုင်မည်မဟုတ်ဟု ပြောကြားကြသည်။ **ရိုက်တာ။**


စပိန်ရှေ့နေချုပ် ဟိုဆေးမင်နျူယယ်မာဇာ။



## နယူးဇီလန်နိုင်ငံ တောင်ကျွန်း၌ သဘာဝဓာတ်ငွေ့ ထုတ်လုပ်လာနိုင်ဖွယ်ရှိ

**ဝယ်လင်တန် အောက်တိုဘာ ၃၁**
နယူးဇီလန်နိုင်ငံရှိ တောင်ကျွန်း၌ သဘာဝဓာတ်ငွေ့ တူးဖော်ထုတ်လုပ်နိုင်မည့် အလားအလာကောင်းများကို တွေ့မြင်ရသည်ဆိုသော အစီရင်ခံစာ ပေါ်ထွက်လာခြင်းနှင့် ပတ်သက်၍ မိမိတို့ ကြိုဆိုကြောင်း နယူးဇီလန် ရေနံစူးစမ်းရှာဖွေရေးနှင့် ထုတ်လုပ်ရေးအသင်းက ပြောကြားလိုက်သည်။

နယူးဇီလန်၏ အဓိကကျွန်းကြီးနှစ်ကျွန်းအနက် အရွယ်အစား ပိုမိုကြီးမားသော ကျွန်းကြီးဖြစ်သည့် တောင်ကျွန်း၏ ပင်လယ်ကမ်းရိုးတန်းကမ်းလွန်၌ သဘာဝဓာတ်ငွေ့သိုက်တစ်ခုကို ရှာဖွေတွေ့ရှိရကြောင်း၊ ယင်းသဘာဝဓာတ်ငွေ့သိုက်မှဓာတ်ငွေ့ထုတ်ယူမည့်ကာလပတ်လုံး အစိုးရအဖွဲ့အနေဖြင့် ခိုင်ကြေးနှင့် အခွန်အကောက်တို့အရ နယူးဇီလန်ဒေါ်လာ ၃၂ ဘီလီယံ (အမေရိကန်ဒေါ်လာ ၂၂ ဘီလီယံ)အထိ ဝင်ငွေရရှိနိုင်ကြောင်း နယူးဇီလန်ရေနံနှင့် ဓာတ်ငွေ့လုပ်ငန်းက ထုတ်ပြန်သော အစီရင်ခံစာတွင်ဖော်ပြသည်။ခိုင်ကြေးဆိုသည်မှာ ရေနံနှင့် ဓာတ်သတ္တု တူးဖော်ထုတ်ယူခွင့်အတွက် မြေရှင်ထံပေးရသော ငွေကြေးကို ဆိုလိုသည်။

သဘာဝဓာတ်ငွေ့ ထုတ်ယူနိုင်မည့် ရေနံဓာတ်ငွေ့သိုက်မှာ အိုမာရူမြို့မှကမ်းလွန် ကီလိုမီတာ ၆၀ အကွာတွင် တည်ရှိကြောင်း၊ သို့ရာတွင် ယခုအထိ ဓာတ်ငွေ့တူးဖော်ရေး ပြုလုပ်ရန်အစိုးရကဆုံးဖြတ်ချက်ချမှတ်ခြင်း မရှိသေးကြောင်း အဆိုပါအသင်း၏ အမှုဆောင်အရာရှိ ကင်မရွန်း ဗာဒစ်ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။ တောင်ကျွန်းရှိ ကန်တာဘူရီနှင့် အိုတာဂိုဒေသများ အနီးတစ်ဝိုက်၌ မက်သနော စက်ရုံ၊ နို့နှင့် နို့ထွက်ပစ္စည်းစက်ရုံနှင့် ဓာတ်မြေဩဇာစက်ရုံ စသည့်စက်ရုံများကို ထူထောင်ကာ သဘာဝဓာတ်ငွေ့ကို ဝယ်ယူသုံးစွဲကြခြင်းဖြင့် ဓာတ်ငွေ့ဈေးကွက်တစ်ခု ပေါ်ထွန်းလာမည်ဖြစ်ကြောင်း ကြေညာချက်တွင် ဖော်ပြသည်။ **ဆင်ဟွာ။**

## ဂါဇာနယ်စပ်ဒေသရှိ မြေအောက်ဥမင်ကို အစ္စရေးတပ်ဖွဲ့ဖျက်ဆီး စစ်သွေးကြွ ခုနစ်ဦးသေဆုံး

**ဂါဇာ-ဂျေရုဆလင် အောက်တိုဘာ ၃၁**
ဂါဇာကမ်းမြောင်ဒေသ နယ်စပ်မြေအောက်တွင် တူးဖော်ထားသည့် ဥမင်လိုဏ်ခေါင်း တစ်ခုကို အစ္စရေးတပ်ဖွဲ့က အောက်တိုဘာ ၃၀ ရက်တွင် ဖောက်ခွဲဖျက်ဆီးခဲ့ရာ ပါလက်စတိုင်း စစ်သွေးကြွ ခုနစ်ဦးသေဆုံးသွားကြောင်း ရိုက်တာသတင်းတွင် ဖော်ပြသည်။

ပါလက်စတိုင်းလူမျိုးများ ပြန်လည်သင့်မြတ်ရေးအတွက် ကြိုးပမ်းအားထုတ်မှုများ ပျက်ပြားစေရန် အစ္စရေး၏ လုပ်ဆောင်ချက်ဖြစ်ကြောင်း ဟားမားစ်အဖွဲ့က ပြောကြားသည်။

-- ရည်ညွှန်း --

ယခုလအစောပိုင်းက ပါလက်စတိုင်း သမ္မတ မာမွတ်အဘတ်စ်နှင့် ဟားမားစ်အဖွဲ့တို့အကြား ပြန်လည်ရင်ကြားစေ့ရေးသဘောတူညီမှု ရရှိခဲ့ခြင်းကို ရည်ညွှန်းပြောကြားခြင်းဖြစ်သည်။

သို့ရာတွင် အစ္စရေးနှင့် ဟားမားစ်အဖွဲ့တို့က နှစ်ဖက်တင်းမာမှုအရှိန်မြင့်တက်လာခြင်းကို ရှောင်ရှားရန် စိတ်အားထက်သန်နေကြသည်။

မြေအောက်ဥမင်ဖျက်ဆီးခြင်းကို အစ္စရေးတို့က ၎င်းတို့ပိုင်ဘက်ခြမ်း အတွင်း၌သာ လုပ်ဆောင်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။

အစ္စရေး ကာကွယ်ရေးတပ်ဖွဲ့ (အိုင်ဒီအက်ဖ်)အနေဖြင့် ဟားမာ့စ်အဖွဲ့နှင့် တင်းမာမှုမြင့်တက်စေရန် မရည်ရွယ်ကြောင်း၊ သို့သော် အခြေအနေအမျိုးမျိုးအတွက် ပြင်ဆင်ထားကြောင်း အစ္စရေးစစ်ဘက် ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ယောနသန်ကွန်ရီကတ်စ်က ပြောကြားသည်။ **ရိုက်တာ။**



## အမေရိကန် ယူတားတက္ကသိုလ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား တစ်ဦးသေဆုံး

**လော့စ်အန်ဂျလိစ် အောက်တိုဘာ ၃၁**
အမေရိကန်ပြည်ထောင်စု ယူတားတက္ကသိုလ်၌ အောက်တိုဘာ ၃၀ ရက်ညက သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ လူတစ်ဦးထက်မနည်း သေဆုံးကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဦးခေါင်းတွင် ဒဏ်ရာရရှိထားသော အမျိုးသားတစ်ဦးက သေနတ်ပစ်ခတ်မှုနှင့် ပတ်သက်၍ သတင်းပေးပို့ခဲ့ကြောင်း၊ ဖြစ်စဉ်တွင် လူတစ်ဦးထက်မနည်းသေဆုံးကြောင်း၊ ဆော့လိတ်စီးတီးရဲဌာနမှ တပ်ကြပ်ကြီး ဘရန်ဒွန်ရှီယာယာက ပြောကြားသည်ဟု ဆော့လိတ်ထရီဗြွန်း သတင်းစာက ကိုးကားဖော်ပြသည်။

ဆော့လိတ်စီးတီးတွင် တည်ရှိသော ယင်းတက္ကသိုလ်၌ ည ၈နာရီခွဲတွင် ပစ်ခတ်မှုဖြစ်ပွားခဲ့သောကြောင့် လုံခြုံသည့် နေရာများ၌သာ ရှိနေကြရန် ကျောင်းသား ကျောင်းသူများကို သတိပေးနှိုးဆော်ခဲ့သည်။

သံသယရှိသူမှာ လူဖြူအမျိုးသားတစ်ဦးဖြစ်ပြီး အနက်ရောင် ဝတ်စုံဝတ်ထားကာ မျက်နှာပေါ်တွင် တက်တူးထိုးထားကြောင်း တက္ကသိုလ်၏ တွစ်တာစာမျက်နှာတွင် ရေးသားထားသည်။ တရားခံ အမျိုးသားကို စုံစမ်းရှာဖွေနေဆဲဖြစ်ပြီး တက္ကသိုလ်ဝင်းအတွင်း ရဲတပ်ဖွဲ့ဝင်များကို ဖြန့်ကြက်ထားသည်။ **ဆင်ဟွာ။**

## လစ်ဗျားအရှေ့ပိုင်း ဒါနာမြို့အနီးရှိ စစ်သွေးကြွအခြေစိုက်စခန်းကို အမျိုးအမည်မသိ လေယာဉ်များက စီးနင်းတိုက်ခိုက်

**ထရီပိုလီ အောက်တိုဘာ ၃၁**
လစ်ဗျားနိုင်ငံ အရှေ့ပိုင်း ဒါနာမြို့အနီးရှိ စစ်သွေးကြွများ၏ အခြေစိုက်စခန်းကို အောက်တိုဘာ ၃၀ ရက်က အမျိုးအမည်မသိ လေယာဉ်များ၏ စီးနင်းတိုက်ခိုက်မှုကြောင့် လူဒါဇင်ပေါင်းများစွာ သေကျေဒဏ်ရာရခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းများအရ သိရသည်။

တောင်တန်းထူပြောသော အယ်လ်ဖာတာ၊ အယ်လ်သူဟာနှင့် အယ်လ်အမ်မာဒေသတို့တွင် လေကြောင်းစီးနင်း တိုက်ခိုက်မှု လေးကြိမ်မဖြစ်ပွားမီ အောက်တိုဘာ ၃၀ ရက် ဒေသစံတော်ချိန် ည ၈ နာရီခန့်တွင် ကင်းထောက်လေယာဉ်များက နာရီဝက်ခန့်ကြာမျှ အကြိမ်ပေါင်းများစွာ ပျံသန်းခဲ့ကြောင်း၊ လေကြောင်းစီးနင်းတိုက်ခိုက်မှု ပစ်မှတ်မှာ ဒါနာ ရှူရာကောင်စီ စစ်ဌာနချုပ်ဖြစ်ပြီး လူဒါဇင်များစွာ ထိခိုက်သေကျေခဲ့ကြောင်း၊ ယင်းကောင်စီ၏ သတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ဒါနာရှူရာကောင်စီ၏ စစ်ဌာနချုပ်သည် အရပ်သား နေအိမ်များအနီးတွင် တည်ရှိခြင်းကြောင့် လေကြောင်း စီးနင်းတိုက်ခိုက်မှုတွင် အရပ်သားအများအပြား သေဆုံး၊ ဒဏ်ရာရခဲ့ကြောင်း၊ ရှူရာကောင်စီ၏ လက်နက်ကိုင်တပ်ဖွဲ့ များသည် ယင်းတိုက်ခိုက်မှုကြောင့် ကြီးမားသည့် ဆုံးရှုံးမှုခံစားရကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

လေကြောင်းစီးနင်း တိုက်ခိုက်မှုကို ညပိုင်းအချိန်တွင် ပြုလုပ်ခဲ့ခြင်းကြောင့် မည်သည့်လေယာဉ်များ ဖြစ်သည်ကို ခွဲခြားသိရှိနိုင်ခြင်း မရှိကြောင်း၊ ယင်းလေယာဉ်များက စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်းကို အာရုံစိုက်တိုက်ခိုက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ယင်းလေကြောင်း စီးနင်းတိုက်ခိုက်မှုမှာ ၎င်းတို့ လုပ်ဆောင်ခဲ့ခြင်းဖြစ်ကြောင်း လစ်ဗျားလေတပ်ဖွဲ့က ယခုအချိန်အထိ ထုတ်ပြန်ခြင်းမရှိပေ။ လစ်ဗျားစစ်ဘက်မှ အရှေ့ပိုင်းအခြေစိုက် တပ်ဖွဲ့များ၏ တပ်မှူး ဗိုလ်ချုပ် ခါလီဖာဟက်ဖ်တက်က ၂၀၁၅ ခုနှစ်ကတည်းကပင် ဒါနာမြို့အား ရေလမ်းနှင့် ကုန်းလမ်းမှ ပိတ်ဆို့မှုများ ပြုလုပ်ထားခဲ့ပြီး လူသားချင်းကူညီစောင့်ရှောက်ရေးနှင့် ကျန်းမာရေးဆိုင်ရာ ကိစ္စများမှအပ ဒါနာဒေသခံများအား ယင်းမြို့သို့ ဝင်ရောက်ခြင်း၊ ယင်းမြို့မှ ထွက်ခွာခြင်း မပြုလုပ်ရန် တားမြစ်ခဲ့သည်။

ဒါနာမြို့သည် ဘင်ဂါဇီမြို့၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၅၀ အကွာရှိ ကမ်းရိုးတန်းမြို့ဖြစ်ပြီး လစ်ဗျားနိုင်ငံ အရှေ့ပိုင်းတွင် လစ်ဗျားလက်နက်ကိုင်တပ်ဖွဲ့များ၏ ထိန်းချုပ်မှုအောက်မှ လွတ်မြောက်သည့် တစ်ခုတည်းသော မြို့ဖြစ်သည်။

**ဆင်ဟွာ။**

# ဘဏ္ဍာရေးနှစ်ပြောင်းလဲသော်လည်း စိုက်ပျိုးစရိတ်ချေးငွေကာလကို ပြောင်းလဲရန်အစီအစဉ်မရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

စိုက်ပျိုးစရိတ်ချေးငွေများ ထုတ်ချေးခြင်းသည် တောင်သူလယ်သမားများအား စိုက်ပျိုးစရိတ်အချိန်မီရရှိနိုင်ရန် ရည်ရွယ်ခြင်းဖြစ်ပါသဖြင့် ဘဏ္ဍာရေးနှစ်ပြောင်းလဲသော်လည်း ချေးငွေကာလကိုပြောင်းလဲရန် အစီအစဉ်မရှိပါကြောင်းနှင့် သတ်မှတ်ထားသည့် အချိန်များအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ပြောကြားသည်။

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် **နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ပြောင်းလဲပြင်ဆင်သတ်မှတ်သည့်ကိစ္စ**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အထက်ပါအတိုင်း ရှင်းလင်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ပြည်ထောင်စုအစိုးရအဖွဲ့က ဘဏ္ဍာရေးနှစ်ကို ပြောင်းလဲသတ်မှတ်ဆောင်ရွက်လိုသည့် အဓိကအကြောင်းရင်းမှာ ယနေ့အချိန်အခါသည် ပြည်သူတို့၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ဆောင်ရွက်ရာတွင် လိုအပ်နေသော အခြေခံအဆောက်အအုံများကို အရှိန်အဟုန်ဖြင့် တည်ဆောက်ရန် လိုအပ်နေသည့်အချိန်ဖြစ်သဖြင့် ပြည်ထောင်စုနှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရများ၏ တည်ဆောက်ရေးနှင့် ဝယ်ယူရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် တစ်ဆက်တည်းဖြစ်သော ပွင့်လင်းရာသီ အများဆုံးရရှိနိုင်စေရန် ဖြစ်ပါကြောင်း။

ဘဏ္ဍာရေးနှစ် ပြောင်းလဲသည့်အခါ စနစ်ဟောင်းမှ စနစ်သစ်ကို ကူးပြောင်းချိန်အတွင်း ပထမပိုင်းတွင် ဖြစ်ပေါ်နိုင်သည့် အခြေအနေအရပ်ရပ်သည် စီမံခန့်ခွဲမှုနည်းလမ်းအသွယ်သွယ်ဖြင့် ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပြီး ကာလရှည်တွင် ကောင်းမွန်သည့် အကျိုးရလဒ်များသာ စဉ်ဆက်မပြတ် ရရှိနိုင်မည်ဖြစ်ပါကြောင်း၊ ဘဏ္ဍာရေးနှစ်ပြောင်းလဲမှုနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ပြည်ထောင်စုအစိုးရအဖွဲ့က လွှတ်တော်နှင့် ညှိနှိုင်း၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကုန်ကျစရိတ်ရှိလာနိုင်မှုနှင့် ပတ်သက်၍ ပြုပြင်ပြောင်းလဲမှုပြုလုပ်တိုင်း ကုန်ကျစရိတ်သည် အထိုက်အလျောက်ရှိမည်ဖြစ်ပါကြောင်း၊ ကုန်ကျစရိတ်များမှာ ပြုပြင်ပြောင်းလဲသည့် အချိန်တွင်သာရှိမည်ဖြစ်ပြီး ပြောင်းလဲမှုပြုလုပ်ပြီး နောက်ပိုင်းနှစ်များတွင် ပုံမှန်လုပ်ငန်းဆောင်ရွက်နိုင်မည့် အနေအထားရောက်ရှိပါက ကုန်ကျစရိတ်ရှိတော့မည် မဟုတ်ပါကြောင်း၊ ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်ပေးမည့် အစိုးရ၏ လုပ်ငန်းဆောင်တာများကို ပိုမိုထိရောက်အောင်မြင်စွာဖြင့် ဆောင်ရွက်နိုင်စေရေးနှင့် ပြည်သူ့ဘဏ္ဍာငွေရရှိ/သုံးစွဲမှုများကို ပြည်သူ့အတွက် ပိုမိုထိရောက်အကျိုးရှိစွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်စေရေးတို့အတွက် ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ် ဆောင်ရွက်မည်ဖြစ်ပါကြောင်း၊ ယင်းသို့ ပြောင်းလဲဆောင်ရွက်မည့်အကြောင်းကို လွှတ်တော်က မှတ်တမ်းတင်ပေးနိုင်ပါရန် နိုင်ငံတော်သမ္မတက သဝဏ်လွှာပေးပို့ အကြောင်းကြားခဲ့ပြီးဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးနှစ်ကို အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်ရန်ကိစ္စကို ပြည်ထောင်စုလွှတ်တော်မှ မှတ်တမ်းတင်ပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်း ရှင်းလင်းဆွေးနွေးသည်။



ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယကက မြန်မာနိုင်ငံ၏ လက်ရှိကျင့်သုံးနေသော ဘဏ္ဍာရေးနှစ်ဖြစ်သည့် ဧပြီ ၁ ရက်မှ မတ် ၃၁ ရက်အစား အောက်တိုဘာ ၁ ရက်မှ စက်တင်ဘာ ၃၀ ရက်အထိ ပြောင်းလဲပြင်ဆင်သတ်မှတ်မှုကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှစတင်၍ ဆောင်ရွက်မည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ၏ သဝဏ်လွှာအပါအဝင် ၎င်းကိစ္စအပေါ် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆွေးနွေးချက်များနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၏ ရှင်းလင်းတင်ပြချက်များကို ပြည်ထောင်စုလွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်းက နိုင်ငံတော်သမ္မတရုံးမှ ပေးပို့သော ကချင်ပြည်နယ်အတွင်းရှိ ကျေးရွာ၊ ကျေးရွာအုပ်စုနှင့် ရပ်ကွက်များ အမည်ပြောင်းလဲပြင်ဆင်ဖွဲ့စည်းခြင်း၊ တိုးချဲ့ခြင်း၊ ပယ်ဖျက်ခြင်းနှင့် ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို တင်ပြ၍ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေဆိုင်ရာသုံးသပ်ချက် အစီရင်ခံစာနှင့် ငွေကြေးဆိုင်ရာ သုံးသပ်ချက်အစီရင်ခံစာများကို ဥပဒေကြမ်းပူးပေါင်းကော်မတီအတွင်းရေးမှူး ဒေါက်တာ မြတ်ညဏစိုးနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) ဦးအောင်မင်းတို့က ဖတ်ကြားတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယကက ယင်းဥပဒေကြမ်း၏မူနှင့် အခြေခံသဘောများ၊ ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ပြစ်မှုဆိုင်ရာကိစ္စရပ်များ၌ ဥပဒေပိုင်း အပြန်အလှန်အကူအညီပေးမှုဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်းကို မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးပါဝင်ရန်ကိစ္စ**နှင့် စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

**ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအာဏာပိုင် အဖွဲ့အစည်းအကြီးအကဲများနှင့် တရုတ်နိုင်ငံ မြို့ပြလေကြောင်းအုပ်ချုပ်ရေးအဖွဲ့တို့အကြား လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာတွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရန်ကိစ္စ**နှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက နားလည်မှုစာချွန်လွှာတွင် အဓိကအားဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့အကြား လေယာဉ်မတော်တဆထိခိုက်မှုနှင့်ဖြစ်ပွားမှု၊ စုံစမ်းစစ်ဆေးရေးနှင့် သက်ဆိုင်သည့် အကူအညီ၊ အထောက်အကူပစ္စည်းနှင့် ကိရိယာတန်ဆာပလာများပေးအပ်ခြင်း၊ သင်တန်းများ တက်ရောက်ခွင့်ပြုခြင်း၊ သက်ဆိုင်မှုအပေါ် မူတည်၍ စုံစမ်းစစ်ဆေးမှုတွင် လေ့လာသူအဖြစ် ပါဝင်ခွင့်ပြုခြင်း၊ လေ့လာရေးခရီးစဉ်နှင့် အစည်းအဝေးများပြုလုပ်ခြင်း၊ သတင်းအချက်အလက်နှင့် ကျွမ်းကျင်မှုဖလှယ်ခြင်း စသည်တို့တွင် ပူးပေါင်းဆောင်ရွက်ကြရန် ပြဋ္ဌာန်းချက်များ ပါဝင်ပါကြောင်း။

ဤနားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ မြန်မာနိုင်ငံ၏ လေပိုင်နက်တွင် ဖြတ်ကျော်ပျံသန်းနေသော အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတွင် မှတ်ပုံတင်ထားသည့် လေယာဉ်များ မတော်တဆထိခိုက်မှုဖြစ်ပွားခဲ့ပါက ၎င်းတို့၏ သက်ဆိုင်ရာတာဝန်ရှိပုဂ္ဂိုလ်များနှင့် လွယ်လင့်တကူ ဆက်သွယ်နိုင်ကာ သတင်းအချက်အလက်များ ဖလှယ်နိုင်မည့်အပြင် အကူအညီနှင့် အထောက်အကူပစ္စည်းများရရှိနိုင်ခြင်း၊ လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးအတွက် အရေးပါသော Flight Recorders များကို တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ အလွယ်တကူ Readout and Analysis ပြုလုပ်နိုင်ခြင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၌ ဖွင့်လှစ်သော လေယာဉ်မတော်တဆထိခိုက်မှု စုံစမ်းစစ်ဆေးရေးဆိုင်ရာသင်တန်းများ၊ အလုပ်ရုံဆွေးနွေးပွဲများနှင့် လေ့လာရေးခရီးစဉ်များသို့ တက်ရောက်ခွင့်ရရှိနိုင်ခြင်း၊ နားလည်မှုစာချွန်လွှာဝင် နိုင်ငံများ၌ ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုအရ လေ့လာသူအဖြစ် ပါဝင်ခွင့်ရရှိနိုင်ခြင်းတို့ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါ နားလည်မှုစာချွန်လွှာအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံက လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

**ဆက်လက်၍ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လေယာဉ်မှူးလိုင်စင်ထုတ်ပေးခြင်းဆိုင်ရာ အာဆီယံ၏ အပြန်အလှန်အသိအမှတ်ပြုမှုအစီအစဉ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုး၍ လက်ခံအတည်ပြုကြောင်း အကြောင်းကြားနိုင်ရေးကိစ္စ**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးကျော်မျိုးက ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက က ယင်းကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ပဥ္စမနေ့ကို နိုဝင်ဘာ ၇ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်၊ အေးအေးသန့်**

## သံအမတ်ကြီး ဦးဟန်သူအား သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဟန်သူအား သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျအား ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးအဖြစ် ခန့်အပ်

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် နိုင်ငံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျအား ပြင်သစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး H.E. Mr. Tom D. Kijiner အား မြန်မာနိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် နိုဝင်ဘာ ၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Tom D. Kijiner အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည်။

H.E. Mr. Tom D. Kijiner ကို ၁၉၄၅ ခုနှစ် ဩဂုတ် ၂၉ ရက်တွင် မာရှယ်ကျွန်းစုသမ္မတနိုင်ငံ Likiep မြို့၌ မွေးဖွားခဲ့ပြီး ၎င်းသည် ၁၉၆၅ ခုနှစ်မှ ၁၉၇၃ ခုနှစ်အထိ ဂူအမ်တက္ကသိုလ်နှင့် ဟာဝိုင်ယီတက္ကသိုလ်တို့တွင် အထွေထွေပညာရေးဘာသာရပ်ကို သင်ကြားခဲ့ပါသည်။ H.E. Mr. Tom D. Kijiner သည် ၁၉၇၄ ခုနှစ်မှ ၂၀၀၉ ခုနှစ်အထိ လွှတ်တော်အမတ်၊ ပညာရေးဝန်ကြီး၊ ဘဏ္ဍာရေးဝန်ကြီး၊ နိုင်ငံခြားရေးဝန်ကြီး၊ ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး၊ သံအမတ်ကြီး(နိုင်ငံခြားရေးဝန်ကြီးဌာန)တို့အဖြစ် ရာထူးတာဝန်အသီးသီးကို ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၁၂ ခုနှစ်မှစတင်၍ ယနေ့အထိ ဂျပန်နိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပြီး ဗီယက်နမ်နိုင်ငံ၊ စင်ကာပူနိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ထိုင်းနိုင်ငံ၊ မွန်ဂိုလီးယားနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံဆိုင်ရာ မာရှယ်ကျွန်းစုသမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲတာဝန်ထမ်းဆောင်လျက်ရှိပါသည်။ ၎င်းသည် မာရှယ်နှင့် အင်္ဂလိပ်ဘာသာစကားများ တတ်ကျွမ်းသည်။ H.E. Mr. Tom D. Kijiner သည် အိမ်ထောင်ရှိသူတစ်ဦးဖြစ်ပြီး သားသမီး ခုနစ်ဦး ထွန်းကားသည်။ **(သတင်းစဉ်)**

## Yangon Book Street ရန်ကုန် စနေ-တနင်္ဂနွေ စာအုပ်လမ်း

ပြန်ကြားရေးဝန်ကြီးဌာန၏ စာအုပ်စာပေ ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်အရ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီတို့၏ ကူညီမှုနှင့်အတူ နိုဝင်ဘာ ၁၁ ရက်မှစတင်၍ Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းကို စာအုပ်ဆိုင်များနှင့် အထိမ်းအမှတ်ပစ္စည်းအရောင်းဆိုင်များအပါအဝင် စုစုပေါင်းဆိုင်ခန်း ၁၇၀ ခန့်ဖြင့် ပြန်လည်ဖွင့်လှစ်ရောင်းချပေးသွားမည်ဖြစ်ပြီး Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်း ဖွင့်ပွဲအခမ်းအနားတွင် စာအုပ်လမ်းသို့ လာရောက်မည့် စာဖတ်သူများအား စာအုပ်လက်ဆောင်ပေးခြင်း၊ ရေးသူဖတ်သူ ဆွေးနွေးပွဲကျင်းပခြင်း၊ စာရေးသူတို့၏ စာဖတ်ဝိုင်းအစီအစဉ်၊ စာပေ ပဟေဠိအစီအစဉ်၊ တေးဂီတအစီအစဉ်များဖြင့် ဖျော်ဖြေခြင်း၊ ကာတွန်းဆရာများ၏ ကယ်ရီကေးချားရေးဆွဲခြင်း စသော အစီအစဉ်များ ပါဝင်ကြမည်ဖြစ်ပါသောကြောင့် စာပေဝါသနာရှင်များ၊ စာပေချစ်မြတ်နိုးသူများအားလုံး ပြန်လည်ဖွင့်လှစ်မည့် Yangon Book Street စနေ-တနင်္ဂနွေ ရန်ကုန်စာအုပ်လမ်းသို့ ကြွရောက်အားပေးနိုင်ပါရန်နှင့် ဖွင့်ပွဲအထိမ်းအမှတ်အဖြစ် နိုဝင်ဘာ ၁၁ ရက်မှ ၁၃ ရက်အထိ စနေ-တနင်္ဂနွေ-တနင်္လာ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျန်ရက်သတ္တပတ်များတွင် စနေ-တနင်္ဂနွေနေ့များ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

**မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း(၀၉ ၃၀၀၀၂၃၁၁)**

# ရခိုင်ပြည်နယ်မှာ ပြန်လည်စိစစ်လက်ခံရေး ဟိုဘက်က သဘောတူညီချက်မရလို့ အစီအစဉ်တွေ နှောင့်နှေးကြန့်ကြာနေတယ်

**ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှုပူးတွဲကော်မတီ(UPDJC)အစည်းအဝေးသို့ သတင်းလာရောက်ရယူကြသည့် သတင်းမီဒီယာများမှ ယနေ့အစည်းအဝေးအပြီးတွင် ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုများဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သိလိုသည်များကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးအား မေးမြန်းခဲ့ပါသည်-**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက "ရခိုင်ပြည်နယ်အရေးကိစ္စနဲ့စပ်လျဉ်းပြီးတော့လည်း ကျွန်တော်တို့က ဘင်္ဂလားဒေ့ရှ်နဲ့ညှိနှိုင်းနေတယ်။ အဓိကပြောချင်တဲ့ Message က ဘာလဲဆိုတော့ ပြန်လည်စိစစ်လက်ခံရေးလုပ်ငန်းစဉ်ကို ကျွန်တော်တို့ဘက်က အသင့်ဖြစ်နေပြီ။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က သံတမန်တွေနဲ့ ကမ္ဘာကိုပြောထားပြီးဖြစ်တယ်။ အချိန်မရွေးလက်ခံဖို့ အဆင်သင့်ရှိတယ်။ အဲဒီအပေါ်မှာမှ ဆက်ပြီးညှိကြရမယ်။ ညှိတော့ ကျွန်တော်တို့က အခုစိုးရိမ်တယ်။ စိုးရိမ်တယ်ဆိုတာ ဒီပြန်လည်လက်ခံရေးအစီအစဉ် မြန်မာနိုင်ငံက အားသွန်ခွန်စိုက်ကြိုးပမ်းနေတဲ့အစီအစဉ်တွေကို နှောင့်နှေးနေမှာစိုးတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ အချိန်မရွေးလက်ခံမယ်လို့ ပြောထားတယ်။ ပြောထားပြီးနောက်မှာ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဘင်္ဂလားဒေ့ရှ်ကိုသွားတယ်။ အဲဒီမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လမ်းညွှန်ချက်က ဘာလဲဆိုတော့ ၁၉၉၃ သဘောတူညီချက်ကို အခြေခံပြီးလုပ်မယ်လို့ ပြောထားပြီးသားဖြစ်တယ်။

ပြည်ထောင်စုဝန်ကြီး သွားပြီးနောက် ဘင်္ဂလားဒေ့ရှ်က နိုင်ငံခြားရေးဝန်ကြီးနဲ့ ပြည်ထဲရေးဝန်ကြီးကို မြန်မာနိုင်ငံကို လာခဲ့ပါလို့ဖိတ်တယ်။ ပြည်ထဲရေးဝန်ကြီးလာတယ်။ ပြီးခဲ့တဲ့အပတ်မှာပဲ နေပြည်တော်မှာ ဝန်ကြီးအဆင့်အစည်းအဝေး၊ အဆင့်မြင့်အရာရှိအစည်းအဝေးတွေ ဆွေးနွေးတယ်။ MoU နှစ်ခု လက်မှတ်ထိုးတယ်။ ဒါပေမယ့် ပြန်လည်လက်ခံရေးနဲ့ပတ်သက်လို့ သဘောတူညီချက်မရသေးဘူး။ ကျွန်တော်တို့ဘက်က အဆင်သင့်ဖြစ်ပြီ။ စိစစ်လက်ခံဖို့လည်းအသင့်ပဲ။ ဟိုဘက်က သဘောတူညီချက်မရလို့ဘဲ ဒီအစီအစဉ်တွေ နှောင့်နှေးကြန့်ကြာနေတယ်။ ဒါက နံပါတ် တစ်အချက်။ နှစ်အချက်က ၁၉၉၃ သဘောတူညီချက်အပြင် နှစ်နိုင်ငံအကြားမှာ လူတွေ ပြန်လက်ခံဖို့နဲ့ပတ်သက်ပြီး နှစ်ကြိမ်တိုင်တိုင် အောင်အောင်မြင်မြင် ဆောင်ရွက်နိုင်ခဲ့တယ်။ အဲဒါကို အခြေခံဆောင်ရွက်ရင်



**ဦးဇော်ဌေး**
**(ညွှန်ကြားရေးမှူးချုပ်၊**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန)**

အားလုံးအဆင်ပြေမယ်ဆိုတာနဲ့ ချဉ်းကပ်တယ်။ ဘင်္ဂလားဒေ့ရှ်ဘက်က သဘောတူညီချက်မရဘူး။ သဘောတူညီချက်ရမှ နောက်ဆက်တွဲတွေ လုပ်လို့ရမယ်။ ဒီပေါ်မှာ ကြန့်ကြာနေရတဲ့အကြောင်းရင်းကတော့ ဟိုဘက်မှာလည်း ကမ္ဘာ့အကြီးဆုံးဒုက္ခသည်စခန်းဆောက်ဖို့ ပြောထားတယ်။ နောက် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမှာ ဒုက္ခသည်တွေအတွက် ဒေါ်လာသန်းရာနဲ့ချီပြီးတော့ လှူဒါန်းကြတယ်။ ကမ္ဘာ့အကြီးဆုံးဒုက္ခသည်စခန်း တည်ဆောက်ထားတယ်။ ဒေါ်လာသန်းသုံးရာကျော်၊ လေးရာလောက်ရထားတယ်။ ရထားတဲ့အပေါ်မှာ ဒီလူတွေကို ကျွန်တော်တို့ဘက် ပြန်လွှတ်ဖို့ နှေးသွားမှာကြောက်တယ်။ ကမ္ဘာ့အကြီးဆုံးဒုက္ခသည်စခန်းမှာထားတယ်။ ပြောရရင် အဲဒီမှာ နိုင်ငံတကာထောက်ပံ့ကူညီမှုတွေလည်းရတယ်။ ရတဲ့ဟာတွေက သူတို့ ဒီလူတွေကို ကျွေးဖို့ အချိန်ကာလ ဘယ်လောက်ထိမှန်းထားလဲ။ ဥပမာ ကျွန်တော်တို့နဲ့ ပြန်လည်ပြီးတော့ စိစစ်ပြီး ပြန်လွှဲပြောင်းပေးဖို့ သူတို့မှာ အခြားစဉ်းစားချက်တွေရှိနေလားဆိုတာ ကျွန်တော်တို့က စိုးရိမ်တယ်။ သို့သော် ကျွန်တော်တို့ကတော့ ဆက်ပြီးတော့ညှိသွားမယ်။ ညှိပြီးတော့ အမြန်ဆုံးလက်ခံဖို့ လုပ်သွားမယ်။

ပြန်လက်ခံတဲ့အခါမှာ ကျွန်တော်တို့ နှစ်နေရာသတ်မှတ်ထားတယ်။ နှစ်နေရာနဲ့ ပြန်လက်ခံမယ်၊ စိစစ်မယ်။ စိစစ်တာကလည်း ၁၉၉၃ သဘောတူညီချက်ကို အခြေခံပြီး ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာနှစ်နိုင်ငံ သဘောတူညီတဲ့ စည်းမျဉ်းစည်းကမ်းတွေအတိုင်း ကျွန်တော်တို့ စစ်မယ်။ စစ်လို့ ကျွန်တော်တို့ဘက်မှာ နေထိုင်တယ်မှန်ကန်ကြောင်း အထောက်အထားတွေရှိမယ်ဆိုရင် ဒီလူတွေကို အတတ်နိုင်ဆုံး မူလနေရာကို ပြန်လည်ပို့ဆောင်ပေးမယ်။ ကျေးရွာတွေ ပြန်တည်ပေးဖို့ လုပ်နေပြီ။ အခုလောလောဆယ် ခုံတိုင်မှာစနေပြီ။ ခုံတိုင်မှာဆိုရင် မြို့တိုင်းရင်းသားတွေ အများကြီး ရွာလုံးကျွတ် ထွက်ပြေးရတာတွေ၊ မီးတွေရှို့ခံရတာတွေရှိတယ်။ ဒါပေမယ့် လုံခြုံရေးအရ သူတို့အတွက် ပိုပြီး လုံခြုံတဲ့နေရာတွေမှာ ပြန်ပြီးတည်ဆောက်တာတွေ စနေပြီ။ ယာယီထားမယ့်နေရာတွေလည်း လုပ်နေပြီ။

ဆိုလိုတာက ပြန်လက်ခံပြီး ဘင်္ဂလားဒေ့ရှ်လိုစခန်းအကြီးကြီးထားပြီးတော့ လုပ်မှာမဟုတ်ဘူး။ သူတို့ရဲ့ ရွာတွေကို အမြန်ဆုံးပို့ဆောင်ပေးဖို့လုပ်ပေးမယ်။ အဲဒီအပေါ်မှာ ဘင်္ဂလားဒေ့ရှ်ဘက်ကလည်း ပြင်ဆင်နေတယ်။

ကျွန်တော်တို့က နှစ်နိုင်ငံကြားမှာ ပြေလည်ခဲ့တဲ့ ညှိနှိုင်းမှုနဲ့ လုပ်ငန်းစဉ်တွေ၊ စည်းမျဉ်းစည်းကမ်းတွေ အခြေခံပြီးတော့ အခု တတိယအကြိမ် ကျွန်တော်တို့ လုပ်မှာ။ လုပ်တဲ့အခါမှာလည်း စည်းမျဉ်းစည်းကမ်းတွေ ပြေလည်သွားရင် တောက်လျှောက်လက်ခံမယ်၊ စိစစ်မယ်။ ဒါပေမယ့် ဟိုဘက်မှာဖြစ်ပေါ်နေတဲ့ အနေအထားအရ ကြန့်ကြာသွားမှာစိုးတယ်။ ဒီလို ကြန့်ကြာသွားရင် ဘာတွေဖြစ်မလဲဆိုတော့ မြန်မာနိုင်ငံကပဲ ဒီလူတွေကို ပြန်လက်မခံချင်လို့ တမင်သက်သက် ရည်ရွယ်ချက်ရှိရှိ လုပ်နေတယ်လို့ ယူဆမှာ စိုးရိမ်တယ်။

ကျွန်တော်အလေးထားပြောချင်တာက ဘင်္ဂလားဒေ့ရှ် ပြည်ထဲရေးဝန်ကြီး မြန်မာနိုင်ငံကို အစည်းအဝေးလာတဲ့ ခရီးစဉ်မှာ မြန်မာနိုင်ငံ ရဲချုပ်ကနေပြီးတော့ ဘင်္ဂလားဒေ့ရှ်ရဲချုပ်ကို အဲဒီမှာရောက်နေတဲ့ လူစာရင်းလိုချင်တယ်ဆိုပြီး တောင်းထားပါတယ်။ တောင်းထားပေမယ့် ရတယ်လို့မသိရသေးပါဘူး။ အီးမေးလ်နဲ့ ပြန်မယ်လို့ ပြောတယ်။ ဒါကအရေးကြီးပါတယ်။ ဘာလို့အရေးကြီးလဲဆိုတော့ ကျွန်တော်တို့မှာ ငယ်စာရင်းတွေရှိတယ်။ ဟိုဘက်မှာ ရောက်နေတဲ့ လူက အခုတစ်သန်းနီးပါးတောင်ရှိတယ်လို့ မီဒီယာတွေကရေးတယ်။ လက်တွေ့မှာ လုံးဝမဖြစ်နိုင်ဘူး။ မဖြစ်နိုင်တော့ ကျွန်တော်တို့က သူတို့ဆီက လူစာရင်းကို တောင်းတယ်။ မြန်မာနိုင်ငံက သွားတယ်ဆိုတဲ့ လူစာရင်းကျွန်တော်တို့ဆီကို ပေးပါဆိုပြီးတောင်းတယ်။ အခုချိန်အထိတော့ မရသေးဘူး။ အဲဒီလူစာရင်းရပြီဆိုရင် ကျွန်တော်တို့ စိစစ်ရမယ့်လုပ်ငန်းစဉ်က ပိုအဆင်ပြေမယ်။ ဒီလူတွေ မြန်မာဘက်မှာ နေထိုင်ခဲ့တာ ဟုတ်၊ မဟုတ် လူဝင်မှုကြီးကြပ်ရေး အထောက်အထားတွေရှိတယ်။ ဆွဲတင်စစ် အထောက်အထားတွေရှိတယ်။ ဒါတွေနဲ့ ပြန်တိုက်ဆိုင်လိုက်ရင် ပိုမြန်မယ်။ ပိုမြန်မှာမို့လို့ ကျွန်တော်တို့က တောင်းထားတာ။ အခုထိတော့ မရသေးဘူး။ နံပါတ် (၁)အချက် ကျွန်တော်တို့က ကြန့်ကြာမှာစိုးရိမ်တယ်။ (၂) အချက် လူစာရင်းပေးပါလို့ တောင်းထားတယ်။ အခုထိ မရသေးဘူး။ လက်ခံမယ့်နေရာတွေက တောင်ပြိုလက်ဝဲနဲ့ ငါးခူရ။ ကျွန်တော်တို့ ပြည်ထောင်စုစီမံချက်ဖွဲ့ထားတာက အဓိက လုပ်ငန်းစဉ်(၃)ရပ်ရှိတယ်။ (၁)က လူသားချင်းစာနာထောက်ထားမှုပြန်လည်လက်ခံရေး၊ (၂)အချက်က ပြန်လည်နေရာချထားရေး၊ ထူထောင်ရေး၊ နံပါတ် (၃) အချက်ကတော့ ဒေသဖွံ့ဖြိုးရေးနဲ့ ရေရှည်ပဋိပက္ခကင်းဝေးရေး။ ဒီလုပ်ငန်းစဉ်(၃)ရပ်ကို အလေးထားပြီး လုပ်မယ်။ ဒီလုပ်ငန်းစဉ်(၃)ရပ်လုံးကို အကူအညီပေးချင်တဲ့ နိုင်ငံတကာ အဖွဲ့ အစည်းအားလုံးကို ဖိတ်ခေါ်ထားတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ကိုယ်တိုင် ပြောထားပါတယ်။

**မျိုးမြင့်၊ မီမီဖြိုး(သတင်းစဉ်)**

---

## ☆ ဘာသာပေါင်းစုံမှ

လူမျိုးဘာသာမခွဲခြားဘဲ အတူတကွငြိမ်းချမ်းစွာ နေထိုင်နေကြပါတယ်။ ငြိမ်းချမ်းစွာပြည်ထောင်စုကြီးကို ထူထောင်ချင်ပါတယ်လို့ ဆန္ဒပြုနေကြတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးရဲ့ တူညီတဲ့ဆန္ဒတွေရှိနေမယ်ဆိုရင် ဒီလိုတူညီတဲ့ဆန္ဒတွေ၊ ဆုတောင်းတွေဟာ ခွန်အားတွေဖြစ်လာမှာ ဖြစ်ပါတယ်။ ဒီခွန်အားဟာ ကျွန်တော်တို့နိုင်ငံတော်ကြီးကို ငြိမ်းချမ်းစေမှာဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ရဲ့ အချိန်တွေကိုဖဲ့ပြီး ကျွန်တော်တို့ရဲ့ နိုင်ငံတော်ကြီး၊ ပြည်ထောင်စုကြီးငြိမ်းချမ်းဖို့အတွက် ကျွန်တော်တို့ ဆန္ဒပြုနေကြတာဖြစ်ပါတယ်။ ကျွန်တော်တို့အားလုံးဟာ ရင်ထဲက မျှော်မှန်းချက်တွေရှိပါတယ်။ ကျွန်တော်တို့ ငြိမ်းချမ်းချင်တယ်။ ကျွန်တော်တို့ရဲ့ ဘဝတွေကို အေးအေးချမ်းချမ်းနဲ့ ထူထောင်ချင်ကြတယ်။ ကျွန်တော်တို့နိုင်ငံတော်ကြီး တိုးတက်ဖွံ့ဖြိုးစေလိုတယ်။ အခွင့်အရေးတွေကို တန်းတူညီမျှရချင်ကြတယ်။ ဒီအခြေအနေတွေအတွက် ကျွန်တော်တို့ အတူရုန်းကန်ကြပါစို့။ ကျွန်တော်တို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ရဲ့ ဦးဆောင်မှုအောက်မှာ ကျွန်တော်တို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြမယ်ဆိုရင် အောင်မြင်မှုပန်းတိုင်ကိုရောက်ရှိမှာ သေချာပါတယ်။ ဒီကနေ့ ကျွန်တော်တို့ရဲ့ စုစည်းမှု၊ ညီညွတ်မှုနဲ့ ကျွန်တော်တို့အားလုံးရဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်အပေါ်မှာ ယုံကြည်မှုအားလုံးကို ကျွန်တော်တို့ ထုတ်ဖော်ပြသခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ ကြိုးပမ်းမှုတွေ၊ စုစည်းမှုတွေ၊ ဆန္ဒတွေဟာ အောင်မြင်မှုပန်းတိုင်ကို ရောက်မှာသေချာပါတယ်။ ဒီအတွက် ကျွန်တော်တို့ ညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်ကြပါစို့"ဟု တိုက်တွန်းပြောကြားသည်။

ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူး အဖွဲ့ဝင် ဦးဉာဏ်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (ဌာနချုပ်) အုပ်ချုပ်ရေးမှူး ဦးသိန်းဦး၊ အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် ရန်ကုန်တိုင်းဒေသကြီးဥက္ကဋ္ဌ ဦးမြင့်ဌေး၊ ဆုတောင်းပွဲဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးထွန်းမြင့်နှင့် ဘာသာပေါင်းစုံမှ ကိုယ်စားလှယ်တော်ကြီးများ၊ ပြည်သူများက ငြိမ်းချမ်းရေးဖယောင်းတိုင်များကို ထွန်းညှိကိုင်ဆောင်ကာ ငြိမ်းချမ်းရေးအတွက် သံပြိုင်ဆုတောင်းမေတ္တာပို့သကြသည်။

အဆိုပါဆုတောင်းပွဲတွင် ပါဝင်သူ သဃ်န်းကျွန်းမြို့နယ်မှ အစ္စလာမ်ဘာသာဝင် ကိုစိုးမင်းထိုက်က "ဒီလိုပွဲတွေလုပ်ပေးခြင်းအားဖြင့် ဘာသာတစ်ခုနဲ့တစ်ခုကြားမှာ မလိုလားအပ်တဲ့ပြဿနာတွေ မဖြစ်ပွားနိုင်ပါဘူး။ တစ်ဦးနဲ့တစ်ဦး၊ တစ်ဘာသာနဲ့ တစ်ဘာသာ ချစ်ခင်ယုံကြည်မှုတွေပိုမိုရရှိလာပြီး ကျွန်တော်တို့နိုင်ငံ အနာဂတ်အတွက် မျှော်လင့်ချက်ကောင်းတွေရရှိလာမယ်။ နိုင်ငံတိုးတက်ဖို့အတွက် အခွင့်အလမ်းကောင်းတွေ ရရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့နိုင်ငံကို ပြည်ပက ထင်နေကြသလိုမျိုးမဟုတ်ဘဲ ဘာသာပေါင်းစုံ စည်းစည်းလုံးလုံးနဲ့ နေထိုင်ကြပြီး ငြိမ်းချမ်းရေးအတွက် ဖော်ဆောင်နေတယ်ဆိုတဲ့ အခြေအနေအမှန်ကို သိရှိနိုင်မှာဖြစ်ပါတယ်"ဟု သူ၏အမြင်ကို ပြောသည်။

အလားတူ ဆုတောင်းပွဲတွင်ပါဝင်သူ မင်္ဂလာတောင်ညွန့်မြို့နယ်မှ ဒေါ်ဝါဝါထွန်းက "ဘာသာပေါင်းစုံဆုတောင်းပွဲဆိုတော့ ဒီနိုင်ငံမှာနေတဲ့ ပြည်သူတစ်ယောက်အနေနဲ့ ပါဝင်သင့်ပါတယ်။ ဒီပွဲတွေမှာ ဘာသာပေါင်းစုံက ညီအစ်ကို မောင်နှမတွေ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူတကွ မြင်တွေ့ရတာ အင်မတန်ကြည်နူးစရာကောင်းပါတယ်။ တစ်ဦးနဲ့တစ်ဦး အထင်မှား အမြင်မှားတွေရှိနေရင်လည်း ပြေပျောက်သွားပြီး တစ်ဦးနဲ့တစ်ဦး ယုံကြည်မှုတွေ ပိုမိုရရှိလာနိုင်ပါတယ်။ ဒါ့မှလည်း နိုင်ငံသူ နိုင်ငံသားအားလုံး ဘာသာလူမျိုးမခွဲခြားဘဲ ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံးနဲ့ နေထိုင်ကြတယ်ဆိုတာကို ကမ္ဘာ့နိုင်ငံအားလုံးက သိရှိသွားမှာဖြစ်သလို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဖော်ဆောင်နေတဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွေကိုလည်း အားပေးထောက်ခံရာရောက်မှာဖြစ်ပါတယ်"ဟု ဆိုသည်။

ငြိမ်းချမ်းရေးဆုတောင်းပွဲများကို ရန်ကုန်တိုင်းဒေသကြီးအတွင်း အောက်တိုဘာ ၁၀ ရက်က အောင်ဆန်းအားကစားကွင်း၌ လည်းကောင်း၊ အောက်တိုဘာ ၁၇ ရက်က လှိုင်မြို့နယ်ရှိ အင်းလျားကန်ပေါင်တွင်လည်းကောင်း၊ အောက်တိုဘာ ၂၄ ရက်က သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဘူမိ Event Park ၌ လည်းကောင်း ကျင်းပခဲ့ရာ ဘာသာပေါင်းစုံမှ ဘာသာရေးခေါင်းဆောင်များနှင့် ပြည်သူများ တစ်ခဲနက် တက်ရောက်ဆုတောင်းမေတ္တာပို့သခဲ့ကြသည်။

ထို့အပြင် ယင်းကဲ့သို့ဆုတောင်းပွဲများကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ မြို့ကြီးများတွင်လည်း ပြုလုပ်လျက်ရှိကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဇော်မင်းလတ်**

---

## ✻ အာဆီယံဖူဆယ်ပြိုင်ပွဲမှ

စွမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ ဦးဌေးမြင့်သည် ၂၀၁၆ ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် အမျိုးသားဖူဆယ်အသင်းအား အာဆီယံဖူဆယ်ပြိုင်ပွဲ တစ်လျှောက် ဗိုလ်လုပွဲတက်ရောက်နိုင်အောင် စွမ်းဆောင်နိုင်ခဲ့ပြီး ယခုအကြိမ်တွင်လည်း ဆီမီးဖိုင်နယ်သို့ ပို့ဆောင်ကာ အာရှပြိုင်ပွဲအား ပထမဆုံးအကြိမ် ယှဉ်ပြိုင်ခွင့်ရခဲ့ခြင်းဖြစ်သည်။ **(ရဲရင့်ရှိုင်း)**

---

## ○ ကျောဖုံးမှ

"မြန်မာဆိုတာ ဂုဏ်ယူနိုင်အောင် ကျွန်တော်ကြိုးစားမယ်။ ဝိတ်ဘယ်လောက်များများ၊ ဘယ်လောက်ကြီးကြီး ကျွန်တော် လုံးဝဂရုမစိုက်ဘူး။ ကျွန်တော် နှစ်ချီအတွင်း နိုင်အောင်ထိုးပါမယ်။ သူထိုးတဲ့ပွဲတွေက နှစ်ချီထက်မပိုဘူး။ အဲဒါကြောင့် ကျွန်တော်နှစ်ချီအတွင်း အနိုင်ထိုးမယ်လို့ပြောတာပါ။ ပရိသတ်ကြီးလည်း မစိုးရိမ်ပါနဲ့။ ကျွန်တော်နိုင်မယ်လို့ တစ်ရာရာခိုင်နှုန်းယုံကြည်ပါတယ်။ MMA မှာ ကျွန်တော်က သူ့ထက်အတွေ့အကြုံပိုရှိတယ်။ သူက မွေ့ထိုးကစားသမားဆိုတော့ သူ့ရဲ့ ဒူးတွေ၊ တံတောင်တွေကို သတိထားရမယ်။ ဘယ်လိုအနိုင်ယူမလဲဆိုတော့ သူပေးတာ ယူမယ်။ သူပေးတဲ့ အမှားတစ်ခုကိုယူပြီး အနိုင်ကစားမယ်လို့ စဉ်းစားထားတယ်။ ကျွန်တော့်ကို အားပေးတဲ့ ပြည်တွင်းပြည်ပက ပရိသတ်တွေကို ကျေးဇူးတင်ပါတယ်"ဟု အောင်လအန်ဆန်က ပြောသည်။

အောင်လအန်ဆန်သည် အသက်(၃၂)နှစ်အရွယ်ရှိပြီး မြန်မာနိုင်ငံ၏ သမိုင်းတစ်လျှောက် အောင်မြင်မှုအရှိဆုံး ကိုယ်ခံပညာအခြေပြုအားကစားသမားတစ်ဦးဖြစ်ပြီး ပြိုင်ဘက်အား ဖမ်းချုပ်ဆုပ်ကိုင်အနိုင်ယူနိုင်သည့် ယှဉ်ပြိုင်မှုပုံစံကြောင့် "မြန်မာစပါးအုံး" (The Burmese Python) အမည်တွင်သူဖြစ်သည်။

ဟဲဗီးဝိတ်လောကတွင် အလဲထိုးအနိုင်ယူသူ ဆရာတစ်ဆူအဖြစ် နာမည်ကျော်ကြားသည့် အလိန်းဂါလာနီ(ကျားသစ်နက်)သည် ဟောင်ကောင်အခြေစိုက် Impart MMA အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး ကင်မရွန်းနိုင်ငံတွင် မွေးဖွားခဲ့သူဖြစ်သည်။ ဟဲဗီးဝိတ်တန်းမွေ့ထိုးနှင့် Kiickboxing ကမ္ဘာ့ချန်ပီယံတစ်ဦးဖြစ်ပြီး One ဟဲဗီးဝိတ်ခါးပတ်လုပွဲ၌ စိန်ခေါ်သူ Hideki Sekine အား ၁၁ စက္ကန့်ဖြင့် အလဲထိုးထားသူဖြစ်သည်။

"အချင်းချင်းရိုင်းပင်းကူညီခြင်းဟာ ကျွန်တော်ချစ်မြတ်နိုးတဲ့အလေ့အထတစ်ခုပါ။ ကျွန်တော့်ပတ်ဝန်းကျင်ကောင်းကျိုးအတွက် အမြဲတမ်းတစ်ခုခုလုပ်ပေးချင်ပါတယ်။ အခုပွဲဟာ လူကြိုက်များတဲ့ပွဲတစ်ခုဖြစ်ပါတယ်။ ဒါကြောင့် ဒီပွဲကနေ ကိုယ်ခံပညာရပ်များရဲ့ကောင်းကျိုးတွေ၊ အားကစားလိုက်စားခြင်းရဲ့ ကောင်းကျိုးတွေကို မြန်မာပြည်သူတွေကို မျှဝေချင်ပါတယ်။ ကျွန်တော် အောင်လကို လေးစားတယ်။ သူက ကြိုးစားပြီး ဂုဏ်ယူဖို့ကောင်းတဲ့ သူတစ်ယောက်ဖြစ်ပါတယ်။ အခုလာမယ့်ပြိုင်ပွဲဟာ ပြိုင်ပွဲတွေထဲမှာ အဆင့်အမြင့်ဆုံးစိန်ခေါ်မှုအများဆုံးဖြစ်တဲ့အတွက် ကျွန်တော်တို့တွေရဲ့ စွမ်းရည်ကို ပြသဖို့အတွက် ရင်ခုန်နေပါပြီ" ဟု ဂါလာနီက ပြောသည်။ **(ဇာနည်မောင်)**

# ဒီနေ့အားလုံးသဘောတူနိုင်တဲ့ အင်မတန်မှအရေးကြီးတဲ့ သဘောတူညီချက်တစ်ခုက မူဘောင်ပြန်လည်သုံးသပ်တဲ့ အစည်းအဝေးကို အမြန်ဆုံးလုပ်မယ်၊ အဲဒီမူဘောင်ကို အမြန်ဆုံးအတည်ပြုမယ်

**ရန်ကုန် အောက်တိုဘာ ၃၁**
ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) အစည်းအဝေးကို နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ၌ အောက်တိုဘာ ၃၀ ရက်မှ ၃၁ ရက်အထိ ကျင်းပခဲ့ရာ အစည်းအဝေးသို့ တက်ရောက်ခဲ့ကြသည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးနှင့် EAO- UPDJC အဖွဲ့ခေါင်းဆောင် ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်းတို့၏ အစည်းအဝေးနှင့်စပ်လျဥ်းသည့်အမြင်များကို ဖော်ပြလိုက်ပါသည်။

**ဦးဇော်ဌေး**
**ညွှန်ကြားရေးမှူးချုပ်**
**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန**

UPDJC အစည်းအဝေးက ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးပြီးတဲ့နောက်မှာ ပထမဆုံးခေါ်ယူနိုင်တဲ့ အစည်းအဝေး ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးမှာ နှစ်ရက် ကျွန်တော်တို့ဆွေးနွေးတယ်။ ဆွေးနွေးတဲ့အခါမှာ ဆုံးဖြတ်ချက်တွေချနိုင်တယ်။ ပထမအချက်က နောက်လာမယ့် (၂၁)ရာစု ပင်လုံ တတိယအစည်းအဝေးမှာ ဘယ်ဟာတွေဆွေးနွေးမလဲဆိုတာ သဘောတူနိုင်ခဲ့တယ်။ နောက် ဒုတိယအချက်ကတော့ ပြီးခဲ့တဲ့ညီလာခံပြီးတဲ့အချိန်မှာ အစုအဖွဲ့အသီးသီးက Review တွေပြန်လုပ်တယ်။ ပြန်သုံးသပ်တယ်။ EAO ကလည်း ပြန်သုံးသပ်တယ်။ အစိုးရကလည်း ပြန်သုံးသပ်တယ်။ နိုင်ငံရေးပါတီကလည်း ပြန်သုံးသပ်တယ်။ ပြန်သုံးသပ်တဲ့အခါမှာ အားသာချက်၊ အားနည်းချက်တွေကို တွေ့ထားပြီးတော့ ဖွင့်ပွဲနေ့မှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ပြောသလိုပဲ မူဘောင်ပြန်ပြင်မယ်။ ပြန်ပြင်ပြီးရင် လုပ်ငန်းလမ်းညွှန်တွေပြန်ပြင်မယ်။ မကြာခင် အမြန်ဆုံးဒီအဖွဲ့တွေတွေ့ဆုံပြီးတော့ အစုအဖွဲ့တစ်ခုကို အတွင်းရေးမှူး ငါးယောက် အပေါင်းသုံး ရှစ်ယောက်စီနဲ့ ကျွန်တော်တို့လုပ်မယ်။ ဒီကြားမှာလည်း အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲကျင်းပမယ့်ကိစ္စတွေ ကျွန်တော်တို့ဆွေးနွေးတယ်။ နောက်တစ်ချက် အရေးကြီးတာက CSO Forum နဲ့ ပတ်သက်ပြီး ဆုံးဖြတ်ချက်ချတယ်။ နိုဝင်ဘာလအတွင်းမှာ CSO Forum ကျင်းပမယ်။ ကျင်းပပြီးရင် CSO Forum ကနေပြီး မူဝါဒအဆိုပြုချက်စာတမ်းတွေ တင်သွင်းနိုင်အောင် လုပ်ပါဆိုပြီး ဆုံးဖြတ်ချက်ချထားတယ်။

ပြီးခဲ့တဲ့ညီလာခံမှာ သဘောတူညီမှုမရရှိလို့ ကျန်ခဲ့တာ၊ သဘောတူစာချုပ် မချုပ်နိုင်ခဲ့တာ ဘာရှိလဲဆိုတော့ ကိုယ်ပိုင်ပြဌာန်းခွင့်နဲ့ဖက်ဒရယ် ခွဲမထွက်ရေးကိစ္စ ဒါတွေမှာ သဘောတူညီချက်မရခဲ့ဘူး။ မရခဲ့တဲ့အပြင် အခြားစီးပွားရေးကဏ္ဍမှာလည်း သဘောတူညီမှုမရလို့ ချန်ထားခဲ့တာတွေရှိတယ်။ အဲဒါတွေ ကျွန်တော်တို့ ပြန်ဆွေးနွေးမယ်။ နောက်အချက်က ပြီးခဲ့တဲ့ညီလာခံမှာ အချိန်ကန့်သတ်ချက်အရ ညီလာခံမှာ တင်ပြီးဆွေးနွေးရင် သဘောတူညီမှုရဖို့ ခက်ခဲမယ့်အကြောင်းအရာအများကြီး မဆွေးနွေးဘဲနဲ့ ရွေးချယ်ထုတ်နုတ်ပြီးတော့ ဆွေးနွေးခဲ့တယ်။ အဲဒီမှာချန်လှပ်ခဲ့တဲ့ အကြောင်းအရာတွေရှိတယ်။ အဲဒီအကြောင်းအရာတွေကိုလည်း ကျွန်တော်တို့ ထပ်ပြီးဆွေးနွေးမယ်။ ချုပ်လိုက်ရင်တော့ ညီလာခံမှာ ပြီးခဲ့တဲ့ ဒုတိယအကြိမ်အစည်းအဝေးက ခေါင်းစဥ်တွေကိုပဲ ကျွန်တော်တို့ ပြန်ဆွေးနွေးမယ်။ အထူးသဖြင့် နိုင်ငံရေးကိစ္စတွေကို ဦးစားပေးပြီးဆွေးနွေးမယ်။ နိုင်ငံရေးကိစ္စဆိုတာ ကိုယ်ပိုင်ပြဌာန်းခွင့်၊ တိုင်းရင်းသားအခွင့်အရေးနဲ့ ခွဲမထွက်ခွင့် ဒီကိစ္စတွေကို အလေးထားပြီး ဆွေးနွေးမယ်။ သို့သော် ကျန်တဲ့ကဏ္ဍသုံးခုကိုလည်း ဆွေးနွေးမယ်။ လုံခြုံရေးကဏ္ဍနဲ့ပတ်သက်လို့ အစိုးရနဲ့ EAO အကြား အလွတ်သဘောဆွေးနွေးမှုတွေလုပ်မယ်။ ဆိုလိုတာက ပြီးခဲ့တဲ့ညီလာခံမှာ တစ်ခုတည်းသော တပ်မတော်ပြည်ထောင်စုတပ်မတော်မူကို ဆွေးနွေးဖို့ချလိုက်တယ်။ ချလိုက်တဲ့အချိန်မှာ အယူအဆမတူဘူး။ အယူအဆမတူတဲ့အပေါ်မှာ အခုဒါတွေကို အမျိုးသားအဆင့်ကို ချပေးတာမဟုတ်ဘူး။ ပြည်ထောင်စုအဆင့်မှာ စဆွေးနွေးမယ်လို့ သတ်မှတ်ထားတယ်။ လုံခြုံရေးကဏ္ဍနဲ့ပတ်သက်လို့ တပ်မတော်နဲ့ EAO၊ အစိုးရနဲ့ EAO ဒီအကြားမှာ သီးသန့်ဆွေးနွေးပြီးတော့ သဘောတူညီချက်ရမှ ဆက်လို့ရမယ်ဆိုတာ ဒီအစည်းအဝေးမှာ ဆွေးနွေးပါတယ်။

**ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း**
**EAO- UPDJC အဖွဲ့ခေါင်းဆောင်**

ကျွန်တော်တို့ဆွေးနွေးတာ အင်မတန်မှ ကျေကျေညက်ညက်ဖြစ်ပါတယ်။ ကျေကျေလည်လည်လည်းဖြစ်တယ်။ ကျွန်တော်တို့သဘောတူနိုင်တဲ့ အချက်တွေလည်း အများကြီးရပါတယ်။ ပြီးတော့ ကျွန်တော်တို့ဆက်လက်ဆွေးနွေးဖို့ချန်ထားတာတွေလည်း ရှိပါတယ်။ ကျန်တာအားလုံးတော့ ကျွန်တော်တို့ဆွေးနွေးပြီးပါပြီ။ အထွေထွေလောက်ပဲ ကျန်ပါတော့တယ်။

အဖြေကောင်းတွေအများကြီးရပါတယ်။ ပြီးတော့ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲတွေအားလုံးကျင်းပနိုင်ဖို့အတွက် ဆက်လက်ကြိုးစားမယ်ဆိုတဲ့ဟာလည်း ကျွန်တော်တို့ရပါတယ်။ ဒါပေမယ့် နေရာသတ်မှတ်မှုတို့ဘာတို့မှာတော့ ဆက်လက်ဆွေးနွေးဖို့လိုအပ်ပါတယ်။

ဒီနေ့အားလုံးသဘောတူနိုင်တဲ့ အင်မတန်မှအရေးကြီးတဲ့ သဘောတူညီချက်တစ်ခုက မူဘောင်ပြန်လည်သုံးသပ်တဲ့ အစည်းအဝေးကို အမြန်ဆုံးလုပ်မယ်။ အဲဒီမူဘောင်ကို အမြန်ဆုံး အတည်ပြုမယ်။ အဲဒီမူဘောင်အတိုင်း UPDJC ဖြစ်ဖြစ်၊ JMC ဖြစ်ဖြစ်၊ JICM ဖြစ်ဖြစ်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲပဲဖြစ်ဖြစ်၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ ကျင်းပပုံကျင်းပနည်းပဲဖြစ်ဖြစ် ကျွန်တော်တို့အားလုံး ပြန်ပြီးအတည်ပြုဖို့လိုပါတယ်။


ဒေါက်တာဆလိုင်းလျန်မှုန်းဆာခေါင်း
EAO- UPDJC အဖွဲ့ခေါင်းဆောင်

NCA စာချုပ်မှာပါတဲ့ အချက်အလက်တွေ မူဘောင်ပါတဲ့အချက်အလက်တွေ အားလုံးမှာ နားလည်မှုတူညီဖို့လိုပါတယ်။ အဲဒီအပေါ်မှာ ကျွန်တော်တို့နဲ့ အစိုးရနဲ့ တပ်မတော်၊ နိုင်ငံရေးပါတီအားလုံးလက်ခံနိုင်တဲ့ နိုင်ငံရေးလမ်းပြမြေပုံ ဆောင်ရွက်လိုက်မယ်ဆိုရင် ပြဿနာတွေ ပြေလည်မှာဖြစ်ပါတယ်။ ဒါ့အတွက်ကြောင့် ဒါကို နိုဝင်ဘာလ အတွင်းမှာ အပြီးအစီးဆောင်ရွက်ဖို့ ကျွန်တော်တို့ သဘောတူထားပါတယ်။ ဒါဟာ အင်မတန်မှ အရေးကြီးတဲ့ဆုံးဖြတ်ချက်ဖြစ်ပါတယ်။

**မျိုးမြင့်၊ မီမီဖြိုး(သတင်းစဉ်)**



## မင်းပြား-မြေပုံကားလမ်းပေါ်မှ ကြပ်စင်မြစ်ကူးတံတားတည်ဆောက်မှု ၅၄ ရာခိုင်နှုန်းကျော် ပြီးစီး

**မောင်တော အောက်တိုဘာ ၃၁**
ကြပ်စင်မြစ်ကူးတံတားသည် ရခိုင်ပြည်နယ် မင်းပြားမြို့မှ မြေပုံမြို့သို့ သွားရာကားလမ်း မိုင်တိုင်အမှတ် (၂၂/၄)နှင့် (၂၃/၁) ကြားတွင် တည်ရှိသည်။ ကြပ်စင်မြစ်ကိုဖြတ်၍ တည်ဆောက်လျက်ရှိသည့် အဆိုပါ တံတားတည်ဆောက်မှုမှာ ယခုအခါ ၅၄ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ကြပ်စင်တံတားတည်ဆောက်မှုကို ၂၀၁၄ ခုနှစ် ဇူလိုင် ၁ ရက်တွင် စတင်ခဲ့ပြီး ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် တံတားတည်းဆောက်မှု ပြီးစီးရန် ရည်မှန်းထားကြောင်း သိရသည်။ တံတားတည်ဆောက် ပြီးစီးပါက ဒေသခံပြည်သူများအတွက် ကုန်စည်ကူးသန်းစီးဆင်းမှုလွယ်ကူလျင်မြန်ပြီး လူနေမှုအဆင့်အတန်းလည်း မြင့်မားလာမည်ဖြစ်ကြောင်း သိရသည်။

"အခု ကြပ်စင်တံတားတည်ဆောက်မှုက ၅၄ ရာခိုင်နှုန်းပြီးစီးနေပြီလို့ ဆိုရမှာပါ။ ဒီတံတားကြီးမပြီးခင်အထိတော့ မင်းပြားမြို့နဲ့ မြေပုံမြို့တို့ကို သွားမယ်ဆိုရင် ကြပ်စင်မြစ်ကို ဇက်ရေယာဉ်နဲ့ စက်လှေတွေ အသုံးပြုပြီးဖြတ်ကူးရပါတယ်။ ဒေသခံတွေ အနေနဲ့ဝန်ထုပ်ဝန်ပိုးဖြစ်ပြီး ကုန်ကျစရိတ်တွေရှိပါတယ်။ ဒီတံတားကြီး ပြီးစီးသွားရင်တော့ ဒေသခံတွေရောတခြားလာရောက်ကြတဲ့ ဧည့်သည်တွေပါ အချိန်ကုန်လူပန်း သက်သာပြီး အချိန်မရွေး ဖြတ်သန်းသွားလာနိုင်မှာ ဖြစ်ပါတယ်"ဟု တံတားစီမံကိန်းတာဝန်ခံ တံတားအထူးအဖွဲ့(၈)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနိုင်က ပြောသည်။

ကြပ်စင် မြစ်ကူးတံတားသည် အလျားပေ ၁၉၂၀ ရှိပြီး ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိကာ လူသွားလမ်းတစ်ဖက်လျှင် သုံးပေစီပါရှိသည်။ တံတားအမျိုးအစားမှာ အုတ်မြစ်တွင် သံကူကွန်ကရစ်ဘိုးပိုင်အမျိုးအစား၊ တံတားအောက်ထည်မှာ သံကူကွန်ကရစ်ဖြစ်ကာ တံတားအပေါ်ထည်မှာ သံမဏိသံပေါင်၊ Plate Girder နှင့် RC ကြမ်းခင်းဖြစ်ကြောင်း သိရသည်။

ကြပ်စင်မြစ်ကူးတံတားသည် ရေလမ်းကင်းလွတ်အကျယ် ၂၁၅ ပေ (၆၅ ဒသမ ၅၃မီတာ)၊ရေလမ်းကင်းလွတ်အမြင့် ၃၉ ပေ ၄ လက်မဖြစ်ကာ တံတားခံနိုင်ဝန်မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်သည်။ တံတားတစ်စင်းလုံး၏ ခန့်မှန်းစီမံကိန်းကုန်ကျတန်ဖိုး ငွေကျပ်သန်းပေါင်း ၁၀၄၀၀ ဖြစ်သည်။

ယခုအခါ မင်းပြားမြို့မှ မြေပုံမြို့သို့ သွားမည်ဆိုပါက ယင်းကြပ်စင်မြစ်ကို ဇက်ရေယာဉ်နှင့် လှေငယ်များအသုံးပြု၍ သွားလာလျက်ရှိပြီး ညပိုင်းအချိန်များတွင် သွားလာရခက်ခဲကြောင်း သိရသည်။ **(သတင်းစဉ်)**

## နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ ဌာနမှူး(ဒုညွှန်ချုပ်) ဦးမင်းလွင်စိုးနှင့် တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ဌာနမှူး(ဒုညွှန်ချုပ်) ဒေါက်တာခိုင်စိုးလှတို့အား တရားစွဲဆိုအရေးယူ

**နေပြည်တော် အောက်တိုဘာ ၃၁**
နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်နေ နစ်နာသူတို့က နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)ဦးမင်းလွင်စိုး၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)ဒေါက်တာ ခိုင်စိုးလှတို့အပေါ် အရေးယူပေးပါရန် အဂတိလိုက်စားမှု တိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားခဲ့သည်။

တိုင်ကြားစာအရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့ရာ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဈေးခုံစနစ်အား ဖျက်သိမ်း၍ လိုင်စင်စီစနစ်ဖြင့် ပြောင်းလဲလုပ်ကိုင်ရန် ညွှန်ကြားသည့်ကိစ္စနှင့်ပတ်သက်၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်) ဦးမင်းလွင်စိုးသည် ဝက်သားသတ်လုပ်ငန်း လိုင်စင်စီရရှိသူတစ်ဦးထံမှ ဩဂုတ် ၁၉ ရက်တွင် ငွေကျပ် ၁၀ သိန်းနှင့် လက်ဆောင်ခြင်းတို့ကိုလည်းကောင်း၊ ဝက်သားသတ်လိုင်စင်စီ ရရှိသူတစ်ဦးထံမှ မတ်လတွင် ငွေကျပ်သိန်း၂၀ ကိုလည်းကောင်း ရယူခဲ့ခြင်း၊ တိရစ္ဆာန်ဆေးကုနှင့် သားသတ်ရုံများဌာနမှ ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)ဒေါက်တာခိုင်စိုးလှသည် ဝက်သားသတ်လုပ်ငန်း လိုင်စင်စီရရှိသူတစ်ဦးထံမှ ဩဂုတ် ၁၁ ရက်တွင် ငွေကျပ်ငါးသိန်း၊ ဩဂုတ် ၁၉ တွင် လက်ဆောင်ခြင်းနှင့် ငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ ဝက်သားသတ်လုပ်ငန်း လိုင်စင်စီရရှိသူ တစ်ဦးထံမှ မေလဆန်းတွင် ငွေကျပ် သိန်း ၄၀ ကိုလည်းကောင်း ရယူခဲ့ခြင်းတို့သည် လုပ်ပိုင်ခွင့်အာဏာကိုအသုံးပြု၍ လာဘ်ငွေရယူခဲ့ကြောင်း စစ်ဆေးပေါ်ပေါက်သဖြင့် ၎င်းတို့အပေါ် ၂၀၁၃ ခုနှစ် အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ မန္တလေးတိုင်းဒေသကြီးတရားလွှတ်တော်တွင် ယနေ့ တရားစွဲဆို အရေးယူဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## ရန်ကုန်-မန္တလေးလမ်းဟောင်းတွင် ကျောင်းသားငါးဦး ကားတိုက်မိရာ နှစ်ဦးသေဆုံး

**ရန်ကုန် အောက်တိုဘာ ၃၁**
ရန်ကုန်-မန္တလေး လမ်းဟောင်းတွင် ယနေ့နံနက် ၅ နာရီခွဲခန့်က ယာဉ်တစ်စီး အရှိန်မထိန်းနိုင်ဘဲ တစ်ဖက် ယာဉ်ကြောသို့ရောက်ရှိကာ ကျောင်းတက်သွားသည့် ကျောင်းသားလေးများအား ဝင်တိုက်မှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် မရင်းကြီးကျေးရွာနှင့် ခေတ်အေးကျေးရွာကြား မိုင်တိုင်အမှတ် (၂၆၃/၅) နှင့် (၂၆၃/၆)ကြား ရန်ကုန်-မန္တလေး လမ်းဟောင်းပေါ်တွင် ယာဉ်မောင်း ဇော်နိုင်ဝင်း (၄၅) နှစ် မိတ္ထီလာမြို့နေသူ မောင်းနှင်ပြီး ယာဉ်နောက်လိုက် လှမင်း(၃၂)နှစ် ရွာငံကျေးရွာ ရှမ်း(တောင်)နေသူ လိုက်ပါလာသော 9N/--- Fuso ကြက်စာများ တင်ဆောင်လာသည့် ယာဉ်သည် ပျဉ်းမနားဘက်မှ တပ်ကုန်းဘက်သို့ မောင်းနှင်လာစဉ် အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ ခေတ်အေး အထက်တန်းကျောင်းသို့ သွားသည့် မရင်းကြီးကျေးရွာနေ အဌမတန်း ကျောင်းသား ငါးဦးအား ဝင်တိုက်ခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ကျောင်းသားနှစ်ဦးမှာ နေရာတွင်ပင် သေဆုံးခဲ့ပြီး သုံးဦးဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူ သုံးဦးအနက် တစ်ဦးမှာ စိုးရိမ်ရကြောင်း၊ သေဆုံးသူနှစ်ဦးနှင့် ဒဏ်ရာရသူ သုံးဦးတို့အား နေပြည်တော် ခုတင် (၁၀၀၀) ဆေးရုံသို့ ပို့ဆောင်ထားကြောင်း၊ ယာဉ်တိုက်မှုဖြစ်စဉ်ကို နေပြည်တော် ယာဉ်မှုစစ်ဌာနမှ စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူ

**စစ်တွေ အောက်တိုဘာ ၃၁**

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့်အဖွဲ့သည် ယနေ့ညနေ ၃ နာရီတွင် စစ်တွေမြို့ သဒ္ဓမ္မဂုရု(ပုသိမ်)ကျောင်းတိုက်၌ ကျင်းပသော စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲ အခမ်းအနားကို တက်ရောက်သည်။

အခမ်းအနားကို ဆရာတော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်ဝန်ကြီးနှင့် တက်ရောက်လာကြသူများက နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ကြပြီး ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများကို လျှောက်ထားသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်ဩဝါဒါစရိယ ဒက္ခိဏာရာမ ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တစန္ဒ၊ နိုင်ငံတော်ဩဝါဒါစရိယ သဒ္ဓမ္မဂုရု (ပုသိမ်)ကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတနှင့် နိုင်ငံတော်သံဃမဟာနာယက(အနားယူ) မင်္ဂလာရတနာကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသောမတို့ထံမှ ဩဝါဒကထာများ နာယူကြသည်။

ညနေပိုင်းတွင် ဓမ္မသုခကျောင်းတိုက်၌ စစ်တွေမြို့ပေါ်ရှိ ဆရာတော်ကြီးများအား ဖူးမြော်ကြည်ညို၍ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲအခမ်းအနားကို တက်ရောက်သည်။ အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား ဆရာတော်ကြီးများထံ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ပြည်နယ်သံဃနာယကဉက္ကဋ္ဌ ဓမ္မသုခကျောင်းတိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တသောမ၊ ပြည်နယ်သံဃနာယက ဒုတိယဉက္ကဋ္ဌ နန္ဒာရာမပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တနန္ဒာသိရီ၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် မြို့မကျောင်းတိုက် ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တစရဏမဟာထေရ်မြတ်တို့ထံမှ ဩဝါဒကထာများနာယူကြသည်။



အဆိုပါဩဝါဒခံယူပွဲသို့ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**တင်ထွန်း(ပြန်/ဆက်)**

# မြန်မာအစိုးရမှ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်းတွင် ဒသမအကြိမ် ဗုဒ္ဓဂယာကထိန်သင်္ကန်း လှူဒါန်းပွဲကျင်းပ



**ရန်ကုန် အောက်တိုဘာ ၃၁**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရက ကြီးမှူး၍ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟအသင်းနှင့် ဗုဒ္ဓဂယာမဇ္ဈိမဒေသဘုရားဖူးစေလွှတ်ရေးကြီးကြပ်မှု ကော်မတီ၏ ပူးပေါင်းပါဝင်လှူဒါန်းမှုများဖြင့် အိန္ဒိယနိုင်ငံ ဗီဟာပြည်နယ် ဂယာမြို့ ဗုဒ္ဓဂယာ မြန်မာဘုန်းတော်ကြီးကျောင်း၌ ဗုဒ္ဓဂယာကထိန်သင်္ကန်း ဆက်ကပ်လှူဒါန်းပွဲကို အောက်တိုဘာ ၂၆ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

လှူဒါန်းပွဲတွင် အိန္ဒိယနိုင်ငံရှိ မြန်မာဘုန်းတော်ကြီးကျောင်း ၃၂ ကျောင်းမှ သံဃာတော် ၂၆၇ ပါး၊ သီလရှင် ၁၆ ပါး၊ အိန္ဒိယနိုင်ငံရှိ ပညာသင်သံဃာတော် ၄၉၉ ပါး၊ ပညာသင်သီလရှင် သုံးပါး စုစုပေါင်းသံဃာတော် ၇၆၆ ပါးနှင့် သီလရှင် ၁၉ ပါးတို့အား အမေရိကန်ဒေါ်လာ ၃၃၅၀၊ ရူပီး ၄၆၉၂၀၀၊ ငွေကျပ် ၂၆၀၃၉၅၀၀ တို့ကို လှူဒါန်းခဲ့ကြသည်။

လှူဒါန်းပွဲသို့ အိန္ဒိယနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာထေရဝါဒဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာ့နုဂ္ဂဟ အသင်းဉက္ကဋ္ဌ၊ အိန္ဒိယနိုင်ငံ ကိုးလ်ကတ္တားမြို့ မြန်မာကောင်စစ်ဝန်ချုပ်၊ သာသနာ့နုဂ္ဂဟအဖွဲ့ဝင်များ၊ ဗုဒ္ဓဂယာမဇ္ဈိမ ဒေသ ဘုရားဖူးစေလွှတ်ရေးကြီးကြပ်မှု ကော်မတီမှ တာဝန်ရှိသူများ၊ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့များ၊ အလှူရှင်ဒါယကာ ဒါယိကာမများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ငြိမ်းချမ်းရေးဂီတပွဲတော်တွင် လက်ရွေးစင်အဆိုရှင် ၁၁ ဦးရွေးချယ်

**ရန်ကုန် အောက်တိုဘာ ၃၁**

ပြန်ကြားရေးဝန်ကြီးဌာန၏ ကြီးကြပ်မှုဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ကျင်းပလျက်ရှိသော ငြိမ်းချမ်းရေး ဂီတပွဲတော် လက်ရွေးစင် အဆိုရှင် ၁၁ ဦးအား မီဒီယာနှင့် မိတ်ဆက်အပ်နှံခြင်း စာနယ်ဇင်းရှင်းလင်းပွဲကို အောက်တိုဘာ ၃၁ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ရှိ မြန်မာ့အသံ စတူဒီယိုခန်းမ၌ ပြုလုပ်ခဲ့သည်။

ငြိမ်းချမ်းရေး ဂီတပွဲတော်ကို ဇူလိုင်လ ပထမအပတ်မှ စတင်ကာ မြန်မာနိုင်ငံအနှံ့မြို့ကြီး ၁၁ မြို့မှ ဂီတဝါသနာရှင်များကို လှည့်လည်ရွေးချယ်ဖော်ထုတ်ခဲ့ရာ ဒေသလက်ရွေးစင် ၃၆ ဦးကို ကနဦး ရွေးထုတ်ပေးနိုင်ခဲ့သည်။ ယင်းနောက် အဆင့်(၂) ပြိုင်ပွဲအဖြစ် ပြိုင်ပွဲဝင် ၁၁ ဦးကို ဆန်ခါတင် ရွေးချယ်ခဲ့ခြင်း ဖြစ်သည်။

ရွေးချယ်ခံရသည့် လက်ရွေးစင် ၁၁ ဦးမှာ မြစ်ကြီးနားမှ အဆိုရှင် စလား(PMF01)၊ ပုသိမ်မှ အဆိုရှင် ဇင်သူဇာထွန်း( PMF02)၊ စစ်တွေမှ အဆိုရှင် ဖြူလှ(PMF03)၊ ပုသိမ်မှ အဆိုရှင် လင်းသစ်(PMF04)၊ ရန်ကုန်မှ အဆိုရှင် မေသဇင်(PMF05)နှင့် ဖုန်းဝေသွင် (PMF06)၊ ဘားအံမှ အဆိုရှင် Sa Paung (PMF07)၊ တောင်ကြီးမှ အဆိုရှင် Aဒေး (PMF08)၊ ကလေးမှ အဆိုရှင် ကြူကြူခိုင်(PMF09)၊ ရန်ကုန်မှ အဆိုရှင် မေသူကျော် (PMF010)၊ ရန်ကုန်မှ အဆိုရှင် R ဝါလင်း (PMF011)တို့ဖြစ်ကြောင်း သိရသည်။

ယင်းတို့သည် အဆင့်(၃) ပြိုင်ပွဲ၏ ပွဲစဉ်(၁)အတွက် မိမိကြိုက်နှစ်သက်ရာ သီချင်းတစ်ပုဒ်ဖြင့်လည်းကောင်း၊ ပွဲစဉ်(၂)တွင် မိမိနှစ်သက်ရာ သီချင်းတစ်ပုဒ်စီဖြင့် လည်းကောင်း၊ ပွဲစဉ်(၃)တွင် မိမိနှစ်သက်ရာ တေးသီချင်းဖြင့် တစ်ပုဒ်၊ ပြဋ္ဌာန်းတေးသီချင်းအသစ်တစ်ပုဒ်ဖြင့် လည်းကောင်း၊ ပွဲစဉ် (၄)တွင် မိမိနှစ်သက်ရာ တေးသီချင်းဖြင့် တစ်ပုဒ်၊ ပြဋ္ဌာန်းတေးသီချင်း အသစ်တစ်ပုဒ်ဖြင့် လည်းကောင်း ယှဉ်ပြိုင်သွားရမည် ဖြစ်သည်။

ပွဲစဉ်(၁)ကို လာမည့် နိုဝင်ဘာ ၅ ရက်တွင် နေပြည်တော်၌ ပြုလုပ်မည်ဖြစ်ပြီး ကျန်ပွဲစဉ်များကိုမူ နိုဝင်ဘာလအတွင်း ရန်ကုန်မြို့၌ ပြုလုပ်သွားမည်ဟု သိရသည်။ အဆင့် (၃) ပြိုင်ပွဲတွင် SMS Voting One Sim One Vote ဖြင့် ပရိသတ်မဲပေးမှု ရလဒ်ပေါ်မူတည်ကာ မဲအနည်းအများဖြင့် ရွေးချယ်သွားမည်ဟု သိရသည်။ ထိုရလဒ်များအရ အမှတ်အနည်းဆုံး သုံးဦးမှ တစ်ဦးကိုသာ အကဲဖြတ်ဒိုင်များက ပြန်လည်ကယ်တင်ခြင်းဖြင့် နောက်ဆုံးပြိုင်ပွဲကြီးအတွက် သုံးဦးရွေးချယ်သွားမည် ဖြစ်သည်။

နောက်ဆုံး ပြိုင်ပွဲကြီးကို ဒီဇင်ဘာ ၁၀ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး နောက်ဆုံးပြိုင်ပွဲဝင် သုံးဦးအနက်မှ ပထမဆုကို ကျပ်သိန်း ၃၀၀၊ ဒုတိယဆုကို ကျပ်သိန်း ၂၀၀၊ တတိယဆုကို ကျပ်သိန်း ၁၀၀ ချီးမြှင့်ပေးမည့်အပြင် နှစ်သိမ့်ဆု တစ်ဆုလျှင် ငွေကျပ်သိန်း ၃၀ ဖြင့် ခုနစ်ဆု ချီးမြှင့်သွားမည်ဖြစ်သည်။ မိမိ နှစ်သက်ရာ တေးသံရှင်အတွက် မဲပေးလိုသည့် ပရိသတ်များအနေဖြင့် မိမိကိုင်ဆောင်သည့်ဖုန်း MPT၊ Ooredoo၊ Telenor တို့မှ တစ်ဆင့် အလွယ်တကူ မဲပေးနိုင်ကြောင်း သိရသည်။

နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပြည်သူများ၏ စိတ်ပါဝင်စားမှု၊ ထောက်ခံပါဝင်မှု၊ ပူးပေါင်းဆောင်ရွက်မှု ပိုမိုရရှိစေရန်နှင့် အထောက်အကူပြုစေရေးတို့အတွက် ရည်ရွယ်၍ ငြိမ်းချမ်းရေးဂီတပွဲတော်ကို ကျင်းပနေခြင်းဖြစ်သည်။

**သတင်း-ခင်ဇာလီ**
**ဓာတ်ပုံ-မီချီကိုဟန်**



# မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ မောင်တောမြို့နယ်ရှိ ပိုင်ရှင်မဲ့ ကျွဲ၊ နွားများ ထိန်းကျောင်းလျက်ရှိ

**မောင်တော အောက်တိုဘာ ၃၁**

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့နှင့် မြောက်ဦးခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကျော်၊ ဒုဦးစီးမှူး ဒေါက်တာအောင်မျိုးလင်းတို့သည် ပန်းတောပြင်စခန်း ပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားနှစ်ကောင်၊ ဆိတ်ခုနစ်ကောင်၊ ခုံတိုင်စခန်းပတ်ဝန်းကျင်ကျေးရွာတို့ရှိ ဆိတ်နှစ်ကောင်နှင့် ငါးခူရပတ်ဝန်းကျင်ကျေးရွာတို့ရှိ နွားလေးကောင်၊ ဆိတ်သုံးကောင် စုစုပေါင်းစခန်းသုံးခု၏ ပတ်ဝန်းကျင်ကျေးရွာတို့တွင် နွားခြောက်ကောင်အား ကာကွယ်ကုသပေးခြင်း၊ ဆိတ် ၁၂ ကောင်တို့အား ဆေးကုသဆောင်ရွက်ပေးခဲ့ပြီး ယနေ့အထိ စခန်းသုံးခုပတ်ဝန်းကျင်ရှိ ကျေးရွာများတွင် စုစုပေါင်း နွား ၂၄၄ ကောင်တို့အား ကာကွယ်ကုသဆေးထိုးနှံပေးခြင်း၊ ဆိတ် ၅၇၄ ကောင်တို့အား ဆေးကုသပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မောင်တောမြို့နယ်ရှိ မြို့နယ်တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်ရေးအဖွဲ့နှင့် မြောက်ဦးခရိုင်ဦးစီးမှူး ဒေါက်တာအောင်ကျော်နှင့်အဖွဲ့တို့သည် စခန်းပတ်ဝန်းကျင်ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့သင်တန်း၊ သိပ္ပံဘွဲ့သင်တန်းနှင့် A.G.T.I ဒီပလိုမာသင်တန်းဆင်းပွဲများကျင်းပ



**နေပြည်တော် အောက်တိုဘာ ၃၁**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)၏ ၂၀၁၆-၂၀၁၇ ပညာသင်နှစ် ဝိဇ္ဇာဘွဲ့၊ သိပ္ပံဘွဲ့နှင့်A.G.T.I ဒီပလိုမာသင်တန်းတို့၏ ဘွဲ့နှင်းသဘင် အခမ်းအနားကို ယမန်နေ့နံနက် ၉ နာရီတွင် အဆိုပါ ဒီဂရီကောလိပ်ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရဲအောင် တက်ရောက် အမှာစကား ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ထောင်စုကြီး တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်စေရန် အတွက် တိုင်းရင်းသားများ၏ နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်စေရန်၊ လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရန်၊ ဒီဂရီကောလိပ်(ရန်ကုန်)ကို ၂၀၀၀ ပြည့်နှစ် ဇွန် ၁၅ ရက်တွင် ဖွင့်လှစ်ခဲ့ကြောင်း၊ ယနေ့အထိ ဝိဇ္ဇာဘွဲ့ ၃၂၄ ဦး၊ သိပ္ပံဘွဲ့ ၉၁၂ ဦး၊ A.G.T.I ဒီပလိုမာ ၄၅၆ ဦး စုစုပေါင်း ၁၈၂၇ ဦးတို့အား ဝန်ကြီးဌာန ၁၅ ခုမှာ ဝန်ထမ်းကောင်းများအဖြစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးတာဝန်များကို အသီးသီး ထမ်းဆောင်လျက်ရှိကြပါကြောင်း၊ သင်တန်းဆင်းပြီးသူများထဲမှ မဟာဘွဲ့ ၁၀၂ ဦး၊ မဟာသုတေသနဘွဲ့ ၄၃ ဦး၊ B.E ဘွဲ့ ၈၈ ဦး၊ M.E ဘွဲ့ ၁၃ ဦး၊ Ph.D ဘွဲ့ ၁၃ ဦးကို အောင်မြင်စွာ မွေးထုတ်ပေးနိုင်ခဲ့သလို တိုင်းရင်းသားမျိုးနွယ်စုပေါင်း ၅၁ မျိုး သင်တန်းဆင်းခဲ့ကြပြီးဖြစ်ကြောင်း၊ သင်တန်းဆင်းများအနေဖြင့် ဝန်ကြီးဌာနအသီးသီးတွင် နိုင်ငံတော်၏တာဝန်အမျိုးမျိုးကို ထမ်းဆောင်နေကြပြီဖြစ်ကြောင်း၊ ရှေ့အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းပြီး နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်နှင့်အညီ လေ့လာသင်ယူနေသော လူ့ဘောင်အဖွဲ့အစည်းအတွင်းမှ Long Life Learning အနေဖြင့် ယခုထက်ပိုမိုမြင့်မားသည့် မဟာဘွဲ့သင်တန်း၊ ပါရဂူဘွဲ့သင်တန်းများကို နိုင်ငံ့တာဝန်ထမ်းဆောင်ရင်း ဆက်လက်ဆည်းပူးကြိုးစားစေလိုကြောင်း၊ နယ်စပ်ဒေသက တိုင်းရင်းသားလူမျိုးများ၏ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို နိုင်ငံတော်အစိုးရအဆက်ဆက် အားကြိုးမာန်တက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း။

သင်တန်းဆင်းဘွဲ့ရသည်နှင့် အလုပ်တာဝန်တစ်ခါတည်း ခန့်အပ်ပေးသွားမည်ဖြစ်သည့်အတွက် ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားများ၊ လိုက်နာရမည့်ကျင့်ဝတ်၊ စောင့်ထိန်းရမည့် စည်းကမ်းများကိုလည်း တိတိကျကျလိုက်နာသွားရန်လိုအပ်ကြောင်း။

နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ၏ ဘဝတိုးတက်မြင့်မားစေလိုသည့် ရည်ရွယ်ချက်နှင့် ပညာသင်ယူခဲ့သည့်ကာလအတွင်း နိုင်ငံတော်က ၁၀၀ ရာခိုင်နှုန်းပြည့်နီးပါး ထောက်ပံ့ခဲ့ပါကြောင်း၊ ဝန်ထမ်းကောင်းတစ်ယောက်ဖြစ်ရန်အတွက် လိုအပ်သည့် အသိပညာ၊ အတတ်ပညာ အရည်အချင်းများပြည့်ဝရန် သင်ကြားပို့ချပေးခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တာဝန်ကျရာဒေသတွင် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို သိရှိလိုက်နာသည့် နိုင်ငံ့ဝန်ထမ်းကောင်းများအဖြစ် တာဝန်ထမ်းဆောင်ရင်း တိုင်းရင်းသားလူငယ်များကို ဥပဒေလေးစားလိုက်နာပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နိုင်သူများဖြစ်အောင် လက်တွဲခေါ်ဆောင်ပေးရန်နှင့် နိုင်ငံတော်နှင့် တိုင်းရင်းသားမိဘပြည်သူများအကြား ထိရောက်သည့် ကြားခံပေါင်းကူးများအဖြစ် ပါဝင်ဆောင်ရွက်သွားကြရန်နှင့် တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် ပွင့်လင်းမြင်သာမှုများကို အခြေခံပြီး နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သစ္စာရှိရှိ တာဝန်သိသိဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန် မှာကြားလိုကြောင်း။

တိုင်းရင်းသားလူမျိုးများတွင် မှန်ကန်သော ပြည်ထောင်စုစိတ်ဓာတ်၊ အတွေးအခေါ် ခံယူချက်များဖြစ်လာရန် ကြိုးစားဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ ကိုယ်ကျင့်တရားနှင့် ဂုဏ်သိက္ခာကို ထိန်းသိမ်းတန်ဖိုးထားရန်၊ မလိုလားအပ်သည့် ငွေကြေး၊ မိန်းမ၊ အရက်သေစာ၊ မူးယစ်ဆေးဝါးလမ်းကြောင်းပေါ် မရောက်ရှိရန် ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းသွားကြရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ဒို့တာဝန်အရေး(၃)ပါးကို ဦးထိပ်ပန်ဆင်ပြီး နိုင်ငံတော်၏ ကျေးဇူးသစ္စာကို အမြဲစောင့်သိရိုသေသည့် နိုင်ငံ့သားကောင်းများအဖြစ် ကြိုးစားသွားကြပါဟု ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းအလိုက် ထူးချွန်ဆုရ ကျောင်းသားများအား ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ပြီး ပြည်ထောင်စုတိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်(ရန်ကုန်)မှ ကျောင်းဆင်းကျောင်းသားများဖြစ်သော ဝိဇ္ဇာဘွဲ့ရ ၇၉ ဦး၊ သိပ္ပံဘွဲ့ရ ၁၄၆ ဦး၊ A.G.T.I ဒီပလိုမာ ၆၈ ဦး၊ စုစုပေါင်း ၂၉၃ ဦးတို့အား ဝန်ကြီးဌာန ၁၁ ဌာနသို့ တာဝန်ပေးအလုပ်ခန့်အပ်လွှာပေးအပ်ပွဲ ဆက်လက်ကျင်းပရာ ဝန်ကြီးဌာနကိုယ်စားလှယ်များက သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ခန့်အပ်လွှာများပေးအပ်ရာ ကျောင်းသားကိုယ်စားလှယ်တစ်ဦးစီက လက်ခံရယူသည်။ အခမ်းအနားအပြီးတွင် တက်ရောက်လာကြသည့် ဌာနဆိုင်ရာ အကြီးအကဲများ၊ ကျောင်းသားများနှင့် မိဘများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး မှတ်တမ်းဓာတ်ပုံရိုက်ကူးကြသည်။

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က သင်တန်းဆင်းကျောင်းသားများအား ညနေစာဖြင့် တည်ခင်းဧည့်ခံခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## အမျိုးသားနေ့အထိမ်းအမှတ် စာပေဟောပြောပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်(မြောက်ပိုင်းခရိုင်) အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာပေဉယျာဉ် (Book Club) အသင်းတို့က ကြီးမှူးကျင်းပသည့် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာပေဟောပြောပွဲ အခမ်းအနားကို အောက်တိုဘာ ၂၉ ရက် ည ၇ နာရီက အင်းစိန်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူမှုအခြေပြုဗဟိုဌာန (Community Center)ရှေ့၌ ကျင်းပသည်။

ဟောပြောပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဌေးက အမှာစကားပြောကြားပြီး စာပေဉယျာဉ် (Book Club) ဥက္ကဋ္ဌ ဦးဗိုလ်ကြည်က စာပေဟောပြောပွဲ ကျင်းပရခြင်း အကြောင်း ပြောကြားသည်။ ထို့နောက် စာရေးဆရာတက္ကသိုလ်စိန်တင်က 'ဗိုလ်ချုပ်အောင်ဆန်းနှင့် မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ၊' စာရေးဆရာဝင်းနွယ်(ပုသိမ်)က 'လွတ်လပ်စွာ သဘောကွဲလွဲနိုင်ပါသည်'၊ စာရေးဆရာ သံလျှင်(မောင်မောင်ဦး)က 'ရယ်စရာမောစရာ'၊ စာရေးဆရာ ရန်မိုးအောင် (အင်းစိန်)က 'ငါတို့သွေးနဲ့ ရေးခဲ့သည်' စသည့်ခေါင်းစဉ်များဖြင့် ဟောပြောခဲ့ကြကြောင်း သိရသည်။

**(ကြေးမုံ)**

## မောင်တောမြို့နယ်အတွင်း နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြားထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး လုပ်ငန်းစဉ်များအနက် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့် နိုင်ငံသားစိစစ်ရေးလုပ်ငန်းနှင့် နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးရေးလုပ်ငန်းများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးဆောင်၍ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဝန်ထမ်းများက မောင်တောမြို့နယ် ရွှေဇားကျေးရွာ အခြေခံပညာ မူလတန်းလွန်ကျောင်းဝင်းအတွင်း၌ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်တွင် ဒုတိယပြည်နယ်ဦးစီးမှူး ဦးစန်းဝေက NV Card လာရောက်ဆောင်ရွက်သူ ဒေသခံရွာသူ ရွာသားများအား ခြင်ထောင်နှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ယင်းလုပ်ငန်းများကို ယခင်က ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသော်လည်း အကြောင်းအမျိုးမျိုးကြောင့် လုပ်ငန်းဆောင်ရွက်မှု နှောင့်နှေးကြန့်ကြာလျက်ရှိပြီး ဩဂုတ် ၂၅ ရက်တွင် ဖြစ်ပွားခဲ့သည့် ARSA အစွန်းရောက် အကြမ်းဖက်သမားများ၏ အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားပြီးနောက်ပိုင်း အောက်တိုဘာ ၁၂ ရက်မှစ၍ ရခိုင်ပြည်နယ် (မြောက်ပိုင်း) မောင်တောမြို့နယ် ရွှေဇားကျေးရွာအုပ်စု၌ စတင်ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၃၀ ရက်အထိ National ID စနစ်အတွက် Biometric နည်းဖြင့် စိစစ်မှတ်တမ်းတင်ဆောင်ရွက်၍ နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေးပြီးသူမှာ အမျိုးသား ၁၁၀၊ အမျိုးသမီး ၃၄ ဦး စုစုပေါင်း ၁၄၄ ဦးရှိပြီး National ID စနစ်အတွက် Biometric နည်းဖြင့် သီးသန့်မှတ်တမ်းတင်ပြီးသူ အမျိုးသား ၁၈ ဦး၊ အမျိုးသမီး ၁၅ ဦး စုစုပေါင်း ၃၃ ဦး ဆောင်ရွက်ပြီးဖြစ်ကြောင်း သိရသည်။

ယင်းကဲ့သို့ ဒေသခံရွာသူ ရွာသားများအား NV Card ထုတ်ပေးခြင်းနှင့် National ID စနစ်အတွက် Biometric နည်းဖြင့် မှတ်တမ်းတင်ခြင်း လုပ်ငန်းများကို စဉ်ဆက်မပြတ် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပြီး ရခိုင်ပြည်နယ်အတွင်းရှိ နိုင်ငံသားအဖြစ် အသိအမှတ်ပြုသင့်သူများကို အသိအမှတ်ပြု၍ နိုင်ငံသားအခွင့်အရေးရရှိစေရေးအတွက် နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ် (National Verification Process) အား အရှိန်အဟုန်ဖြင့် ဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းစီမံချက် ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**




## ရန်ကုန်တက္ကသိုလ်၌ လူငယ်ဆိုင်ရာ ပြည်သူ့စကားဝိုင်းများ ကျင်းပမည်

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) များကို ကျင်းပလျက်ရှိရာ **လူငယ်နှင့်လူမှုမီဒီယာ** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၄ ရက်(စနေနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း၊ **လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း** ခေါင်းစဉ်ဖြင့် နိုဝင်ဘာ ၅ ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင်လည်းကောင်း ပြည်သူ့စကားဝိုင်းများကို ရန်ကုန်တက္ကသိုလ် Recreation Centre ၌ ပြုလုပ်မည်ဖြစ်သည်။

**လူငယ်နှင့်လူမှုမီဒီယာ** ခေါင်းစဉ်ကို ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်း၊ သဃ်န်းကျွန်းမြို့နယ် အမှတ်(၁)ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးနေဘုန်းလတ်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ ဦးသောင်းစုငြိမ်း (CEO, Information Matrix Co.,Ltd.)နှင့် လူငယ်ကိုယ်စားလှယ် ဦးရန်နိုင်ဦး (CEO, The Door Institute and Social Enterprise) တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်သည်။

**လူငယ်နှင့်အလုပ်အကိုင်အခွင့်အလမ်း** ခေါင်းစဉ်ကို ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုး၊ အင်းစိန်မြို့နယ် အမှတ်(၂)ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဒေါ်သီတာတင်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ဌေးဝင်း၊ ဦးဝင်းနိုင် (JPE Everest Ltd.၊ ပြည်တွင်းအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီ)နှင့် ဦးသန်းစိုး (CEO & Chief Editor, 7 HR Business Group and Two Four DMA Media Group)တို့က ပါဝင်ဆွေးနွေးကြမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပါသည်။

# ရခိုင်ပြည်နယ်သတင်း

## တစ်ဖက်နိုင်ငံသို့ ထွက်ပြေးတိမ်းရှောင်သူများ ပြန်လည်လက်ခံရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၃၁**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး Ms. Ulha Toernaes နှင့်အဖွဲ့နှင့် မြန်မာနိုင်ငံဆိုင်ရာ ဒိန်းမတ်နိုင်ငံသံအမတ်ကြီး Mr. Peter Lysholt Hansen တို့အား ယနေ့ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ နေရပ်စွန့်ခွာ ထွက်ပြေးတိမ်းရှောင်သူများ ပြန်လည်လက်ခံရေးအတွက် မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ ဝန်ကြီးဌာနအနေဖြင့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အစီရင်ခံစာပါ လုပ်ငန်းများအနက် ဦးစားပေးလုပ်ငန်းတစ်ခုဖြစ်သည့် ရခိုင်ပြည်နယ်အတွင်း နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်နှင့် NV Card ထုတ်ပေးရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ရခိုင်ပြည်နယ်အတွင်း ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေမှု၊ မြန်မာနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့အကြား အလုပ်သမားရေးရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများနှင့်စပ်လျဉ်း၍ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

■



## ကြက်ခြေနီလှုပ်ရှားမှုမှာ လူမျိုး၊ ဘာသာ၊ အသားအရောင်ခွဲခြားမှု လုံးဝမရှိ လိုအပ်မှုအပေါ်မှာ မူတည်ပြီး ထောက်ပံ့သွားမှာဖြစ်

**အမေး၊ အရေး-မော်စီ**
**ဓာတ်ပုံ-ဟန်လင်းနိုင်**

**ရခိုင်ပြည်နယ်အတွင်း ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ဘေးဒုက္ခခံစားနေရသူများအား မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနှင့် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖက်ဒရေးရှင်းတို့ ပူးပေါင်း၍ ကြက်ခြေနီလှုပ်ရှားမှုအစီအစဉ်ဖြင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ ထောက်ပံ့ပေးအပ်လျက်ရှိသည်။ ရခိုင်ပြည်နယ်အတွင်းရှိ ဘေးဒုက္ခခံစားနေရသူများကို လူသားချင်းစာနာ ထောက်ထားမှုအကူအညီများ ပေးအပ်လျက်ရှိသည့် ကြက်ခြေနီလှုပ်ရှားမှုအစီအစဉ်တွင် ပါဝင်ဆောင်ရွက်နေသည့်အသင်း၊ ကော်မတီနှင့်အဖွဲ့များမှ တာဝန်ရှိသူများအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်ပါသည်။**

**ဦးအောင်သောင်းရွှေ၊ ဒုတိယညွှန်ကြားရေးမှူး**
**မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ ဘေးဒုက္ခစီမံခန့်ခွဲရေးဌာန**

*မေး။ ဆရာ့ရဲ့ တာဝန်နဲ့ ကြက်ခြေနီလှုပ်ရှားမှုအစီအစဉ်နဲ့ မောင်တောမြို့မှာ လုပ်ငန်းဆောင်ရွက်နေမှုတွေကို သိပါရစေ။*

ဖြေ။ ကျွန်တော်က လက်ရှိမှာတော့ မောင်တောမြို့မှာနေပြီး မြန်မာနိုင်ငံကြက်ခြေနီအသင်း တာဝန်ခံအနေနဲ့ ဆောင်ရွက်နေပါတယ်။ ကြက်ခြေနီလှုပ်ရှားမှုမှာ မြန်မာနိုင်ငံကြက်ခြေနီအသင်းရယ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီရယ်၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနဲ့ လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းရယ် အဖွဲ့သုံးဖွဲ့ ပူးပေါင်းပြီး လက်ရှိရခိုင်ပြည်နယ်မှာ ဖြစ်ပွားနေတဲ့ ပဋိပက္ခမှာ အမှန်တကယ် အကူအညီလိုအပ်သူတွေကို ကူညီကယ်ဆယ်ရေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။

*မေး။ ကညင်ချောင်းဆိပ်ကမ်းမှာရောက်ရှိနေတဲ့ သင်္ဘောနဲ့ ပတ်သက်ပြီး ဘာပစ္စည်းတွေပါတယ်။ ဘယ်ဒေသတွေကို ဘယ်လိုအစီအစဉ်နဲ့ ဖြန့်ဝေပေးသွားမယ်ဆိုတာ ရှင်းပြပေးပါ။*

ဖြေ။ ကညင်ချောင်းဆိပ်ကမ်းမှာ ဆိုက်ထားတဲ့ သင်္ဘောမှာ ရန်ကုန်ကနေ မောင်တောကို ပို့တဲ့ပစ္စည်းတွေပါလာတယ်။ ဒီသင်္ဘောပေါ်မှာ ကြက်ခြေနီလှုပ်ရှားမှုဆိုင်ရာ အဖွဲ့ပစ္စည်းတွေ ပါလာတယ်။ အဓိကကတော့ ဆန်ရယ်၊ ပဲရယ်၊ ဆားရယ်၊ ဆီရယ်၊ ကလေးတွေအတွက် အာဟာရမုန့်တွေပါပါတယ်။ နောက်ပြီး တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းတွေ၊ စောင်၊ ခြင်ထောင် စတဲ့ပစ္စည်းတွေလည်း ပါပါတယ်။

အသေးစိတ်ပြောရရင်တော့ ဆန် တန် ၂၅၀၊ ပဲ တန် ၆၀၊ ဆီ ၁၀ ဒသမ ၅ တန်၊ ဆား ၂ ဒသမ ၅ တန်နဲ့ အာဟာရမုန့် ၁ ဒသမ ၅တန် ပါပါတယ်။ နောက်ပြီး စားသောက်ကုန်မဟုတ်သော စောင်၊ ခြင်ထောင်နဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးသုံးပစ္စည်းတွေ၊ မိသားစုသုံးပစ္စည်းတွေ ပါပါတယ်။

သွားတိုက်ဆေးနဲ့ ခေါင်းလျှော်ရည်ထုပ်တွေနဲ့ တစ်ကိုယ်ရေသန့်ရှင်းရေးသုံး ပစ္စည်းတွေပါပါတယ်။ နောက်မိသားစုသုံးပစ္စည်းတွေပါ။ ဒီထဲမှာ ဘာတွေပါလဲဆိုရင် စောင်၊ တာပေါ်လင်နှစ်ချပ်၊ တူ၊ ကြိုး၊ အမျိုးသားဝတ်လုံချည်၊ အမျိုးသမီးဝတ်လုံချည်၊ ကလေးငယ်တွေအတွက် ကျောင်းစိမ်းနဲ့ ဆေးစိမ်ခြင်ထောင်တွေပါပါတယ်။

ဒီပစ္စည်းတွေကို မြန်မာနိုင်ငံကြက်ခြေနီအသင်းက ဝန်ထမ်းတွေနဲ့ စေတနာ့ဝန်ထမ်းတွေရဲ့အင်အားနဲ့ ဖြန့်ဖြူးပေးသွားမှာဖြစ်ပါတယ်။ ပစ္စည်းတွေဖြန့်ဝေတဲ့နေရာမှာ ဘူးသီးတောင်နဲ့မောင်တောမှာရှိတဲ့ အမှန်တကယ် လိုအပ်နေတဲ့ ပြည်သူတွေ၊ ကွင်းဆင်းကြည့်ရှုမှုအရ လိုအပ်တဲ့နေရာမှာ သူတို့ရဲ့လိုအပ်ချက်တွေအပေါ် မူတည်ပြီး ထောက်ပံ့ပေးသွားမှာ ဖြစ်ပါတယ်။



ဦးအောင်သောင်းရွှေ
ဒုတိယညွှန်ကြားရေးမှူး



ICRC မောင်တောရုံးခွဲ
တာဝန်ခံကိုယ်စားလှယ်



လခြမ်းနီလှုပ်ရှားမှုအသင်းများ
ဖက်ဒရေးရှင်းကိုယ်စားလှယ်

*မေး။ ကြက်ခြေနီလှုပ်ရှားမှုအဖွဲ့ရဲ့ ထောက်ပံ့ခဲ့မှုအခြေအနေနဲ့ ဘယ်လောက်ထောက်ပံ့ပေးပြီးပြီလဲဆိုတာ သိချင်ပါတယ်။*

ဖြေ။ ထောက်ပံ့တဲ့နေရာမှာ နှစ်ပိုင်းရှိပါတယ်။ နေရပ်ပြန်ပြည်သူတွေအတွက်ကျတော့ တစ်ဦးချင်းထောက်ပံ့ပါတယ်။ နေရပ်ပြန်ပြည်သူတွေအတွက် စစ်တွေက ပြန်လာရင် အစိုးရအနေနဲ့ သင်္ဘောခငွေကျပ် ၉၀၀၀ နဲ့ ငွေကျပ် ၂၀၀၀၀ ပေးသလို ကြက်ခြေနီလှုပ်ရှားမှုအနေနဲ့ တစ်ဦးကို ငွေကျပ် ၄၅၀၀၀ ထောက်ပံ့ပေးပါတယ်။ ဒါက လူတစ်ဦးချင်းကို ထောက်ပံ့ပေးတာပါ။ မိသားစုအတွက်တော့ မိသားစုအသုံးအဆောင်ပစ္စည်းတွေ ထောက်ပံ့ပေးပါတယ်။ ကြက်ခြေနီလှုပ်ရှားမှုအနေနဲ့ ၂၀၁၇ ခုနှစ် ဒီဇင်ဘာလကုန်မှာ စုစုပေါင်း လူဦးရေ ၁၈၀၀၀၀ အထိ ထောက်ပံ့သွားနိုင်အောင် စီစဉ်ဆောင်ရွက်နေပါတယ်။

ငွေကြေးထောက်ပံ့မှုအနေနဲ့က လူဦးရေ ၁၀၀၀၀ ကျော် ထောက်ပံ့ပေးပြီးသွားပါပြီ။ အခုလက်ရှိလည်း ရွာတွေကို သွားရောက်ထောက်ပံ့လျက်ရှိပါတယ်။

*မေး။ နောက်ထပ် ထောက်ပံ့ပေးမယ့် အစီအစဉ်ရှိရင်လည်း သိချင်ပါတယ်။*

ဖြေ။ အခုရောက်နေတဲ့ သင်္ဘောက ပထမဆုံးအကြိမ်အဖြစ် ထောက်ပံ့ဖို့ရောက်နေတာ ဖြစ်ပါတယ်။ နောက်ထပ် ထောက်ပံ့ပစ္စည်း တန် ၄၀၀ လောက်ကို သင်္ဘောနဲ့ သယ်ယူပြီးတော့ ထောက်ပံ့သွားဖို့လည်း စီစဉ်ထားပါတယ်။ ဆက်လက်ပြီး ထောက်ပံ့မှာက ပြည်သူတွေ အမှန်တကယ် လိုတဲ့ အခြေခံလိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေးအတွက် အစားအစာတွေ၊ သောက်ရေသန့်တွေ၊ ကျန်းမာရေးဆိုင်ရာတွေဖြစ်တဲ့ ရေနဲ့ ပတ်ဝန်းကျင်သန့်ရှင်းရေးတွေအပြင် ငွေကြေးထောက်ပံ့မှုတွေကို အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်သွားဖို့ရှိပါတယ်။

နောက်ထပ်ရောက်လာမယ့်ပစ္စည်းတွေထဲမှာ ဆန်တွေ၊ ငါးဆီသွပ်ဘူး၊ တစ်ကိုယ်ရေသုံး သန့်ရှင်းရေးသုံးပစ္စည်းတွေ၊ မိသားစုအသုံးအဆောင်ပစ္စည်းတွေနဲ့ အမျိုးသမီးသုံးပစ္စည်းတွေ ပါဖို့ရှိပါတယ်။ ကျွန်တော်တို့ ဒီမှာ အသင်းအဖွဲ့တွေရှိပါတယ်။ ၂၀၁၄ ခုနှစ် ပဋိပက္ခဖြစ်စဉ်တွေ စတင်ဖြစ်ပွားကတည်းက ရွေ့လျားအသင်းတွေဖွဲ့ပြီး လိုအပ်သလို ပူးပေါင်းဆောင်ရွက်နေပါတယ်။

*မေး။ ကြက်ခြေနီလှုပ်ရှားမှုအစီအစဉ်ရဲ့ ရည်ရွယ်ချက်နဲ့ ဘယ်လိုမူတွေကို အခြေခံပြီး ဆောင်ရွက်နေလဲဆိုတာ ရှင်းပြပေးပါ။*

ဖြေ။ ကျွန်တော်တို့ ကြက်ခြေနီလှုပ်ရှားမှုဆိုတာ လူမျိုး၊ ဘာသာ၊ အသားအရောင် ခွဲခြားမှုမရှိပါဘူး။ အခြေခံမူ ခုနစ်ချက်ထဲမှာပါဝင်တဲ့ ကြားနေခြင်းနဲ့ လွတ်လပ်စွာဆောင်ရွက်ခြင်းဆိုတဲ့မူကို အဓိကအခြေခံပြီး လုပ်ပါတယ်။ အဲဒီလိုလုပ်တဲ့နေရာမှာ တိုင်းရင်းသားနဲ့ အခြားဆိုပြီး ခွဲခြားမှုမရှိပါဘူး။ သူတို့တွေ ဘာတွေ လိုအပ်နေသလဲ။ ဘယ်သူတွေက ပိုပြီးထိခိုက်ခံစားရသလဲ။ ဒီလိုအခြေအနေတွေပေါ်မှာ မူတည်ပြီး ထောက်ပံ့သွားတာပါ။ ကြက်ခြေနီလှုပ်ရှားမှုမှာ လူမျိုး၊ ဘာသာ၊ အသားအရောင်ခွဲခြားမှု လုံးဝမရှိပါဘူး။ သူတို့ရဲ့လိုအပ်မှုအပေါ်မှာ မူတည်ပြီးတော့ ထောက်ပံ့သွားမှာ ဖြစ်ပါတယ်။

*မေး။ ထောက်ပံ့မှုတွေပေးတဲ့အခါ တစ်ပြေးညီထောက်ပံ့မှုတွေပေးပါသလား။ ဘယ်လိုသတ်မှတ်ပြီး ထောက်ပံ့နေပါသလဲ။ ရေရှည်ဆောင်ရွက်သွားမယ့် အစီအစဉ်ရှိရင်လည်း သိချင်ပါတယ်။*

ဖြေ။ ကျွန်တော်တို့က မိသားစုအပေါ်အခြေခံပြီး ထောက်ပံ့တာရှိပါတယ်။ တစ်ဦးချင်းထောက်ပံ့မှုကတော့ ငွေသားထောက်ပံ့ပေးတာကိုပဲ တစ်ဦးချင်းထောက်ပံ့ခဲ့တာ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ပြည်သူတွေ မိမိတို့ရပ်ရွာတွေမှာ ပြန်လည်ရောက်ရှိတဲ့အခါမှာ အဓိကလိုအပ်တဲ့ စားနပ်ရိက္ခာ၊ ရေနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေး၊ ကျန်းမာရေးအသိပညာပေးမှု၊ ဒါတွေအပြင် နောက်ပိုင်းမှာ စိတ်ပိုင်းဆိုင်ရာ အားပေးကူညီမှုတွေကို လုပ်ဆောင်ပေးဖို့ ရေရှည်စီမံချက် ချထားပါတယ်။

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ (ICRC)**
**မောင်တောရုံးခွဲ တာဝန်ခံကိုယ်စားလှယ်**

မောင်တောမှာ တာဝန်ထမ်းဆောင်နေတာ တစ်နှစ်ကျော်ကြာပြီဖြစ်ပါတယ်။ ဩဂုတ် ၂၅ ရက် နောက်ပိုင်းမှာ ဖြစ်ပေါ်ခဲ့တဲ့ အကြမ်းဖက်မှုကြောင့် ဘေးဒုက္ခခံစားနေရတဲ့ သူတွေကို ကူညီစောင့်ရှောက်ဖို့အတွက် ကြက်ခြေနီလှုပ်ရှားမှုအနေနဲ့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနဲ့ လခြမ်းနီအသင်းများ ဖက်ဒရေးရှင်းတို့နဲ့ အတူ ပူးပေါင်းဆောင်ရွက်ဖို့ ဒီဒေသကို ရောက်ရှိနေတာ ဖြစ်ပါတယ်။

**အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုအသင်းများဖက်ဒရေးရှင်း၊ အသက်မွေးကျောင်းဆိုင်ရာ ကိုယ်စားလှယ်**

ရခိုင်မှာရောက်နေတာ ရှစ်လရှိပါပြီ။ လက်ရှိကြက်ခြေနီလှုပ်ရှားမှုမှာ အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီနဲ့ မြန်မာနိုင်ငံကြက်ခြေနီအသင်းတို့နဲ့အတူ ပူးပေါင်းဆောင်ရွက်နေပါတယ်။

# ရခိုင်ပြည်နယ်သတင်း

## UEHRD စီမံကိန်းလုပ်ငန်းများဆောင်ရွက်နိုင်ရေး မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာအလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၃၁**

ရခိုင်ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီအထောက်အပံ့ပေးရေး၊ ပြန်လည်နေရာချထားရေး၊ ဖွံ့ဖြိုးရေးစီမံကိန်း၏လုပ်ငန်းစဉ်တစ်ခုဖြစ်သော ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့်ပတ်သက်၍ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ရောက်ရှိနေသူများအား ပြန်လည်ခေါ်ယူခြင်းလုပ်ငန်းများဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် "မိမိဆန္ဒအလျောက် နေရပ်ပြန်ခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ"ကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR)တို့ ပူးပေါင်း၍ ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ Sofitel Hotel ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။




ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းရင်းသားအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဥပဒေနှင့်အညီအုပ်ချုပ်သည့် စီမံခန့်ခွဲမှုစနစ် ပေါ်ပေါက်လာရေး၊ ပြည်သူအားလုံးလွတ်လပ်လုံခြုံစွာ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ရခိုင်ပြည်နယ်နှင့် ပတ်သတ်သည့် ကိစ္စရပ်များတွင်လည်း ဝန်ကြီးဌာနများ၏ ဆောင်ရွက်မှုအပြင် ပြည်သူတစ်ရပ်လုံး ပါဝင်သော ပြည်ထောင်စုစီမံကိန်းကိုလည်း ဖော်ဆောင်လျက်ရှိပါကြောင်း၊ မိမိတို့နိုင်ငံတွင် အကြောင်းအမျိုးမျိုးကြောင့် အခြားနိုင်ငံများသို့ရောက်ရှိသွားသူများရှိသလို ပြန်လည်ဝင်ရောက်လာလိုသူများ ရှိပါကြောင်း၊ ထိုင်းနိုင်ငံနှင့် အိန္ဒိယနိုင်ငံများသို့ အကြောင်းအမျိုးမျိုးကြောင့် ရောက်ရှိသွားသူများကိုလည်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအစီအစဉ်ဖြင့် ပြန်လည်လက်ခံခဲ့သည်များ ရှိပါကြောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်မှ ပြန်လည်ဝင်ရောက်လာသူများကိုလည်း ၁၉၉၃ ခုနှစ် မြန်မာ-ဘင်္ဂလားဒေ့ရှ်သဘောတူညီချက်ဖြင့် ပြန်လည်လက်ခံခဲ့ပါကြောင်း၊ ပြန်လည်ခေါ်ယူရေး လုပ်ငန်းစဉ်များတွင် UNHCR သည် ပါဝင်ကူညီခဲ့သောအဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် အခြားနိုင်ငံများသို့ရောက်ရှိနေသူများ ၎င်းတို့ဆန္ဒအလျောက်ပြန်လိုပါက ပြန်လည်လက်ခံရမည်ဖြစ်ပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုတွင် ပါဝင်ဆောင်ရွက်လို၍ ပြန်လည်ဝင်ရောက်လာသူများလည်းရှိပါကြောင်း၊ သို့ဖြစ်ရာ ပြန်လည်လက်ခံရေးလုပ်ငန်းများကို နိုင်ငံတကာဥပဒေများ၊ မူဘောင်များ၊ စံသတ်မှတ်ချက်များ၊ အခြေခံစည်းမျဉ်း စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည်ဖြစ်ပြီး မိမိတို့နိုင်ငံ၏ဥပဒေများ၊ စည်းကမ်းချက်များနှင့်လည်း ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ယနေ့အလုပ်ရုံဆွေးနွေးပွဲသည် နိုင်ငံတော်က ဆောင်ရွက်နေသည့် UEHRD စီမံကိန်းအောင်မြင်ရေးအတွက် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု၏ လုပ်ငန်းတစ်စိတ်တစ်ဒေသဖြစ်ရာ ဆွေးနွေးပွဲမှရလဒ်ကောင်းများပေါ်ထွက်လာမည်ဟု ယုံကြည်ပါကြောင်းပြောကြားသည်။

ဆက်လက်၍ UNHCR မှ Mr.IndrikaRatwatte နှင့် Regional Representative, JosephpalD.e Vincetisတို့က မြန်မာနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ၊ ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ဗိုလ်ချုပ်သန်းထွဋ်၊ UEHRD စီမံကိန်းကော်မတီညှိနှိုင်းရေးမှူးချုပ် ဒေါက်တာအောင်ထွန်းသက်နှင့်တာဝန်ရှိသူများ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မောင်တောမြို့ လက်ရှိအခြေအနေများနှင့်စပ်လျဉ်း၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၏စကားသံများ



ဦးလှသိန်း



ဦးကျော့ဂျီအောင်



ဦးအောင်လှိုင်



ဦးမြအောင်ကျော်



ဦးဇော်ထူး



ဦးနူရ်အီစွလာမ်

**မောင်တောမြို့၏ လက်ရှိအခြေအနေများနှင့်စပ်လျဉ်း၍ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် အောက်တိုဘာ ၃၁ ရက်တွင် မိမိတို့သတင်းအဖွဲ့ဝင်များ တွေ့ဆုံမေးမြန်းထားပါသည် -**

**ဦးလှသိန်း(မောင်တောမြို့မတောင်ရပ်ကွက် ခေတ္တအုပ်ချုပ်ရေးမှူး)**

မောင်တောမြို့မှာ အခြေအနေတည်တည်ငြိမ်ငြိမ်ပါပဲ။ သိပ်ပြဿနာမရှိပါဘူး။ ပြဿနာမဖြစ်ပွားအောင် ကျွန်တော်တို့ ရပ်ကွက်တာဝန်ရှိသူတွေနဲ့ မြို့နယ်၊ ခရိုင်တာဝန်ရှိသူတွေ ပူးတွဲဆောင်ရွက်နေပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့လည်း ကာကွယ်ဆေးတွေတိုက်ကျွေးပြီးပါပြီ။ ကလေးတွေပညာရေးနဲ့ပတ်သက်လို့တော့အဆင်ပြေမှုသိပ်မရှိသေးပါဘူး။ နောက်ပိုင်းဖွင့်မယ်လို့တော့ ပြောထားတာရှိပါတယ်။ ဈေးတွေလည်းပြန်လည်ဖွင့်လှစ်မယ်လို့ကြားသိရပါတယ်။ နှစ်ဖက်လူ့အဖွဲ့အစည်းတွေ နားလည်မှုရှိရှိနေထိုင်လျက်ရှိပါတယ်။ ဒါမှသာ ဒေသဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။

**ဦးကျော့ဂျီအောင်(မောင်တောမြို့နယ် ငါးခူရကျေးရွာအုပ်ချုပ်ရေးမှူး)**

အခုလက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ကျေးရွာမှာ စည်းစည်းလုံးလုံးနေထိုင်လျက်ရှိပါတယ်။ ကျွန်တော်တို့ကျေးရွာမှာ ရခိုင်တိုင်းရင်းသားတွေရော၊ ဟိန္ဒူဘာသာဝင်တွေနဲ့ အစ္စလာမ်ဘာသာဝင်တွေပါ အတူပူးတွဲနေထိုင်လျက်ရှိပါတယ်။ ပညာရေးပိုင်းမှာလိုအပ်ချက်ရှိပါတယ်။ ဆရာတွေ၊ ဆရာမတွေမရှိပါဘူး။ ကျန်းမာရေးပိုင်းမှာတော့ ကျန်းမာရေးဆရာမတစ်ယောက်တော့ရှိပါတယ်။ အခုလက်ရှိအခြေအနေမှာ အထောက်အပံ့ စားနပ်ရိက္ခာတွေရပါတယ်။ ပြည်နယ်၊ ခရိုင်တာဝန်ရှိသူတွေ၊ နောက်ပြီး လူမှုရေးအဖွဲ့အစည်းတွေက လာပြီတော့ ထောက်ပံ့မှုတွေအများကြီးလုပ်ပေးခဲ့ပါတယ်။ ဆန်စပါးတွေကတော့ ရှေ့လရိတ်သိမ်းမယ်ပြောပါတယ်။

**ဦးအောင်လှိုင်(မောင်တောမြို့နယ် တပ်ချောင်းကျေးရွာအုပ်ချုပ်ရေးမှူး)**

ကျွန်တော်တို့ကျေးရွာမှာ မြိုနဲ့ သက်တိုင်းရင်းသားတွေနေထိုင်ပါတယ်။ ဒေသကလမ်းပန်းဆက်သွယ်ရေးခက်ခဲတယ်၊ ဖုန်းလိုင်းတွေကလည်းမကောင်းဘူး။ လိုအပ်တဲ့စားသောက်ကုန်တွေကလည်းဝယ်ဖို့ကလည်း ဈေးတွေကမဖွင့်သေးတော့ ခက်ခဲပါတယ်။ ဒေသကထွက်တဲ့ စပါးနဲ့ကယ်ဆယ်ရေးထောက်ပံ့ပစ္စည်းတွေနဲ့ စားဝတ်နေရေးဖြေရှင်းနေရပါတယ်။ ထောက်ပံ့ပစ္စည်းတွေကလည်းတစ်ရက်တည်းနဲ့မရောက်ပါဘူး။ ကိုယ်တိုင်သွားသယ်ရပါတယ်။ ကလေးတွေပညာရေးပိုင်းနဲ့ပတ်သက်ပြီးပြောရရင် တာဝန်ကျ ဆရာ ဆရာမတွေ မရောက်သေးပါဘူး။ မြို့ပေါ်ကျောင်းတွေဖွင့်နေပေမယ့် ကျွန်တော်တို့ ကျေးလက်ဒေသတွေမှာ ကျောင်းမဖွင့်နိုင်သေးပါဘူး။ ကျန်းမာရေးတာဝန်ရှိသူကတော့ ရံဖန်ရံခါလာရောက်တတ်ပါတယ်။ ကျွန်တော်တို့ဒေသမှာ စပါးတွေတော့မရိတ်သိမ်းရသေးပါဘူး။ အဓိကမေတ္တာရပ်ခံချင်တာကတော့ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ဖို့၊ ဖုန်းလိုင်းတွေကောင်းမွန်ဖို့လိုအပ်ပါတယ်။ ဒီလိုကောင်းမွန်မှသာ အချိန်နဲ့တစ်ပြေးညီ သတင်းပေးနိုင်မှာဖြစ်ပါတယ်။

**ဦးမြအောင်ကျော်(မောင်တောမြို့နယ်မြောက်ပိုင်း ရေမျက်တောင်ကျေးရွာအုပ်ချုပ်ရေးမှူး)**

ပြဿနာဖြစ်ပွားပြီးနောက်ပိုင်း ဒေသကနေတိမ်းရှောင်သွားတဲ့ တိုင်းရင်းသားတွေ ပြန်ရောက်လာပါပြီ။ စားဝတ်နေရေးအခြေအနေကတော့ အခုလက်ရှိ ပြည်နယ်၊ ခရိုင်အုပ်ချုပ်ရေးတာဝန်ရှိသူတွေက ထောက်ပံ့ပေးထားပါတယ်။ ဆန်အိတ် ၁၅၀ ရပါတယ်။ အခုစီးပွားရေးလည်ပတ်မှုကတော့မရှိသေးပါဘူး။ ကျောင်းတွေကတော့ လောလောဆယ်ပိတ်ထားပါတယ်။ ကျန်းမာရေးပိုင်းမှာ အရင်ရှိတဲ့ ကျန်းမာရေးဆရာမ ပြောင်းသွားပြီးတဲ့နောက်ပိုင်း နောက်ထပ်ရောက်မလာသေးပါဘူး။ ကျန်းမာရေးကိစ္စဖြစ်လာရင် ငါးခူရကို တစ်ဆင့်သွားရပါတယ်။ အခုလက်ရှိကျေးရွာမှာ လူဦးရေ ၂၀၀ ကျော်ရှိပါတယ်။ တချို့ပြန်မလာသေးတဲ့သူတွေလည်း ရှိပါသေးတယ်။ အဲဒီသူတွေကလည်း ကောလာဟလတွေကြောင့် စိုးရိမ်စိတ်တွေများပြီး ကိုယ့်ဒေသကို ပြန်မလာသေးတာဖြစ်ပါတယ်။ လုံခြုံရေးကောင်းမွန်ဖို့ လိုပါတယ်။ ဒေသခံတွေအနေနဲ့ အမြဲတမ်း အိပ်မက်တစ္ဆေခြောက်သလိုခံစားနေရပါတယ်။ ဘယ်အချိန် ဒီလိုအကြမ်းဖက်မှုတွေ ထပ်မံဖြစ်လာမလဲဆိုတာ စိတ်ပူနေရတယ်။ စားဝတ်နေရေးတွေကတော့ နောက်ပိုင်းပြေလည်လာမယ်လို့ထင်ပါတယ်။ လမ်းပန်းဆက်သွယ်ရေးမကောင်းတဲ့အတွက် မောင်တောမြို့ကို ၄၅ မိနစ်နဲ့ရောက်နိုင်တဲ့ခရီးကို နှစ်နာရီနီးပါးကြာပါတယ်။ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေချင်ပါတယ်။

**ဦးဇော်ထူး(မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာအုပ်ချုပ်ရေးမှူး)**

အခုလက်ရှိမှာတော့ ပြဿနာထွေထွေထူးထူးဘာမှမရှိပါဘူး။ ငြိမ်သက်နေပါပြီ။ နေထိုင်စားသောက်ရေးအတွက်ကတော့ တပ်မတော်ရယ်၊ ပြည်နယ်၊ ခရိုင်အုပ်ချုပ်ရေးအဖွဲ့အစည်းတွေ၊ လူမှုအဖွဲ့အစည်းတွေက ထောက်ပံ့ပေးပါတယ်။ နေရပ်စွန့်ခွာသွားသူတွေပြန်လည်စုစည်းလျက်ရှိပါတယ်။ အခု ကျွန်တော်တို့ရွာမှာ ကျောင်းတွေပိတ်ထားဆဲပါ။ ကျောင်းတက်ချင်တဲ့ကလေးတွေအတွက်ကို မောရဝတီစာသင်ကျောင်းကို နေ့စဉ်ကြို/ပို့လုပ်ပေးပါတယ်။ စာသင်ကျောင်းတွေကို အမြန်ဆုံးပြန်ဖွင့်စေချင်ပါတယ်။ ကျန်းမာရေးနဲ့ပတ်သက်ပြီး လစဉ်စစ်ဆေးစမ်းသပ်မှုတွေလာရောက်လုပ်ဆောင်ပေးပါတယ်။ တိုက်နယ်ဆေးရုံမှာလည်း ဆရာ ဆရာမတွေ ရောက်နေပါပြီ။ စပါးတွေရိတ်သိမ်းဖို့အတွက် ခရိုင်၊ မြို့နယ်တာဝန်ရှိသူတွေက စိုက်ပျိုးရေးဦးစီးဌာနတွေနဲ့ ပူးပေါင်းပြီးရိတ်သိမ်းဖို့စီစဉ်လျက်ရှိပါတယ်။

**ဦးနူရ်အီစွလာမ်(မောင်တောမြို့နယ် သရက်အုပ်ကျေးရွာအုပ်စုတာဝန်ခံ)**

အခုလက်ရှိအခြေအနေမှာတော့ ကျွန်တော်တို့ကျေးရွာမှာ တည်ငြိမ်အေးချမ်းလျက်ရှိပါတယ်။ လုံခြုံရေးတွေလည်း ပုံမှန်ရှိပါတယ်။ ထောက်ပံ့ပစ္စည်းတွေလည်းပုံမှန်ရရှိပါတယ်။ ရခိုင်တိုင်းရင်းသားတွေနဲ့ အစ္စလာမ်ဘာသာဝင်တွေပူးတွဲပြီးနေထိုင်လျက်ရှိပါတယ်။ ဘာပြဿနာမှမရှိပါဘူး။ အားလုံးအတူတကွ ပူးတွဲနေထိုင်လျက်ရှိပါတယ်။ စာသင်ကျောင်းတွေမဖွင့်သေးတဲ့အတွက် ကလေးတွေ စာသင်ဖို့အခက်အခဲတော့ရှိပါတယ်။ ပုံမှန်အလုပ်တွေလည်း လည်ပတ်မှုမရှိသေးပါဘူး။ ကျေးလက်ကျန်းမာရေးဌာနရှိပေမယ့် ကျန်းမာရေးမှူးတော့ မရှိသေးပါဘူး။

**တွေ့ဆုံမေးမြန်း-အောင်ကျော်ဦး**
**ဟန်လင်းနိုင်၊ ဓာတ်ပုံ-နေသစ်ဦး**

# နေပြည်တော်လေဆိပ်တွင် မူးယစ်ဆေးဝါး၊ ဆက်သွယ်ရေးစက်၊ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများ ဖမ်းဆီးရမိမှုနှင့်ပတ်သက်၍ အထူးအမှုစစ်အဖွဲ့ ဖွဲ့စည်း၍ ဆက်လက်စစ်ဆေးလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၃၁**

နေပြည်တော်လေဆိပ်တွင် Hotel ACE ကုမ္ပဏီ ဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းထံမှ မူးယစ်ဆေးဝါး၊ ဆက်သွယ်ရေးစက်၊ လက်နက်ခဲယမ်းနှင့်ဆက်စပ်ပစ္စည်းများကို အောက်တိုဘာ ၁၅ ရက်က ဖမ်းဆီးရမိခဲ့ပြီး ဆက်လက်စစ်ဆေးဖော်ထုတ်မှုအရ WY စိတ်ကြွရူးသွပ်ဆေးပြား(၂၂)ပြား၊ ICE ၄ ဒသမ ၅၅ ဂရမ်ခန့်နှင့် စိတ်ကြွဆေးပြားသုံးစွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများ၊ ပစ္စတိုသေနတ် ၁၄ လက် (အပျက်တစ်လက်အပါအဝင်)နှင့် ယမ်းကျည် ၁၀၈၂ တောင့်၊ မောင်းပြန်ရိုင်ဖယ် ခြောက်လက် (အပျက်တစ်လက်၊ မောင်းတုံးမပါ တစ်လက်)၊ ယမ်းကျည် ၁၂၅ တောင့်နှင့် ဆက်စပ်ပစ္စည်းများ၊ သံဘောစေ့၊ ပလတ်စတစ်ဘောစေ့ဖြင့် ပစ်ခတ်ရသည့် သေနတ်လေးလက် (ပလတ်စတစ်၊ သံကိုယ်ထည်ပစ္စတိုပုံစံ သုံးလက်၊ M-16 ပုံစံ တစ်လက်)၊ စကားပြောစက် ၃၅ လုံး (အထိုင်စက် သုံးလုံးပါ) နှင့်ဆက်စပ်ပစ္စည်းများ၊ Drone ၁၄ ခု၊ တရားမဝင် တံဆိပ်များ၊ ကျည်ကာအင်္ကျီပုံစံ ချုပ်ထားသော အနက်ရောင်တူညီဝတ်စုံ Waist Coat ၁၅ ထည်၊ ဒူးလေး သုံးလက် (ကြိုးပါ ၁၊ ကြိုးမပါ ၂)၊ ကျည်ကာအင်္ကျီတစ်ထည်တို့ကို ဦးဖြိုးကိုကိုတင့်ဆန်းအပါအဝင် ၁၅ ဦးတို့နှင့်အတူ သိမ်းဆည်းရမိခဲ့သဖြင့် အမှုပေါင်း ၁၇ မှုဖြင့် အမှုဖွင့်အရေးယူစစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

လတ်တလောစစ်ဆေးချက်များအရ ဦးဖြိုးကိုကိုတင့်ဆန်းသည် မြန်မာနိုင်ငံမြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ သေနတ်ပစ်အဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လျက်ရှိပြီး ၂၀၀၅ ခုနှစ်က တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ ကျင်းပသော အာရှအားကစားပြိုင်ပွဲသို့ မြန်မာနိုင်ငံ မြားပစ်အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် သွားရောက်စဉ် အထူးနိုင်ငံကူးလက်မှတ်အား တရားဝင်ရရှိထုတ်ယူခဲ့ပြီး ပြန်လည်ရောက်ရှိသည့်အခါ သက်ဆိုင်ရာဝန်ကြီးဌာနသို့ အပ်နှံရမည်ဖြစ်သော်လည်း ပြည်ပသို့ မကြာခဏသွားလာလေ့ရှိသဖြင့် လက်ဝယ်တွင် ကိုင်ဆောင်ထားခြင်းဖြစ်ကြောင်း သိရသည်။

ဖြစ်စဉ်အရ သိမ်းဆည်းရမိသော HUMMER ယာဉ်ငါးစီးအား ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသို့ စာရွက်စာတမ်းများ ပေးပို့စစ်ဆေးခဲ့ရာ တရားဝင်မှတ်ပုံတင်ထားကြောင်း သိရှိရသော်လည်း အဆိုပါယာဉ်များတွင် လုံခြုံရေးဆောင်ရွက်သည့်ယာဉ်များကဲ့သို့ မီးတန်းများတပ်ဆင်ခြင်း၊ National Security Council (SPECIAL FORCE) SPIRIT DISPILINE POWER စတေကာကပ်လျက် တပ်ဆင်၍ အသုံးပြုခဲ့ခြင်းကြောင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်နှင့်ဆက်စပ်၍ National Security Council ကြေးပြားတံဆိပ်ကို နေပြည်တော် ဇမ္ဗူသီရိမြို့နယ် သစ္စာလမ်းရှိ နန်းသပြေဆိုင်မှ ပြုလုပ်ပေးခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် အဆိုပါဆိုင်အား ရှာဖွေရာ Lenovo တံဆိပ်ပါ လက်တော့ကွန်ပျူတာ တစ်လုံး၊ ပရင်တာ တစ်လုံး၊ အက်စ်အပူမှုန့် တစ်ထုပ်၊ ၁၃×၂၄ လက်မရှိ ကြေးပြားတစ်ချပ်တို့ကို သိမ်းဆည်းရမိသဖြင့် ဆိုင်ရှင်အား အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီးတို့တွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေတတ်သော ဆေးဝါးများဆိုင်ရာဥပဒေပုဒ်မ ၁၅/၁၆(ဂ)/၂၂(ခ)/၂၀ အရ အရေးယူမှုနှစ်မှု၊ ၁၅/၁၆(ဂ)အရ အရေးယူမှု တစ်မှု၊ ၁၆(ဂ)/၂၂(ခ)အရ အရေးယူမှု တစ်မှု ပေါင်းလေးမှု၊ ဆက်သွယ်ရေးဥပဒေပုဒ်မ ၆၇ အရ အရေးယူမှုလေးမှု၊ ပို့ကုန်/သွင်းကုန်ဥပဒေ ပုဒ်မ ၈ အရ အရေးယူမှု သုံးမှု၊ မြန်မာနိုင်ငံတော်အစိုးရ လျှို့ဝှက်ချက်အက်ဥပဒေပုဒ်မ ၆(၁)(က)(င) အရ အရေးယူမှု သုံးမှု၊ လက်နက် (ယာယီပြင်ဆင်ချက်) အက်ဥပဒေပုဒ်မ ၁၉-က အရ အရေးယူမှု တစ်မှု၊ လက်နက်ဥပဒေပုဒ်မ ၁၉(စ)အရ အရေးယူမှု တစ်မှု ပေါင်းနှစ်မှု၊ ရာဇသတ်ကြီး ပုဒ်မ ၄၈၄ အရ အရေးယူမှု တစ်မှု စုစုပေါင်း ၁၇ မှုဖြင့် အမှုဖွင့်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် အဆိုပါဖြစ်စဉ်မှ ဝှက်သိမ်းထားသော လက်နက်ခဲယမ်းများ ကျန်ရှိမှုရှိ၊ မရှိ စိစစ်ဖော်ထုတ်မှု၊ လက်နက်ခဲယမ်းများ ဝယ်ယူသယ်ဆောင်ရာလမ်းကြောင်းနှင့် ကွင်းဆက်တရားခံဖော်ထုတ်မှု၊ မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ကွင်းဆက်တရားခံဖော်ထုတ်မှု၊ တရားဝင်လုံခြုံရေးအဖွဲ့အစည်းနှင့် ဆင်တူသည့် တူညီဝတ်စုံများ၊ တံဆိပ်အမှတ်အသားများ၊ မော်တော်ယာဉ်များ၊ ခွင့်ပြုချက်မရှိဘဲ အသုံးပြုသော Drone များ၊ ဆက်သွယ်ရေးစက်များ၊ လုံခြုံရေးတပ်ဖွဲ့သုံးဆက်စပ်ပစ္စည်းများအား အသုံးပြုနေကြောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့၏ရည်ရွယ်ချက်အမှန်ဖော်ထုတ်နိုင်ရေးအတွက် အထူးအမှုစစ်အဖွဲ့ဖွဲ့စည်း၍ ဆက်လက်စစ်ဆေးလျက်ရှိပြီး စစ်ဆေးပေါ်ပေါက်ချက်များအပါအဝင် ထပ်မံစစ်ဆေးပေါ်ပေါက်လာမှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**



# မော်တော်ယာဉ်ပေါ်မှ ကုမ္ပဏီပိုင်ငွေများကို ယူဆောင်ပြီး ထွက်ပြေးတိမ်းရှောင်နေသူအား (၇)ရက်အတွင်း ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၃၁**

မရမ်းကုန်းမြို့နယ်ရှိ ကမ္ဘောဇဘဏ်(၁)တွင် ငွေထုတ်ရန် ရောက်ရှိနေသော မော်တော်ယာဉ်ပေါ်မှ ကုမ္ပဏီပိုင်ငွေကျပ် ၁၄၁၄၇၆၈၀၀ ကို ခိုးယူထွက်ပြေးသည့် ကုမ္ပဏီဝန်ထမ်း ယာဉ်မောင်းကျော်ဇင်ဦးအား ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် Diamond Dragon Co., Ltd. မှ ငွေထိန်းဝန်ထမ်းများဖြစ်သူ မယွန်းဖြူနှင့် မဇင်မာလွင်တို့သည် အဆိုပါယာဉ်မောင်းနှင့်အတူ ကုမ္ပဏီပိုင်မော်တော်ယာဉ် 5D----- ဖြင့် ကုန်သည်များမှ စားအုန်းဆီဖိုးငွေအဖြစ် ပေးသွင်းထားသောငွေများကို ထုတ်ယူရန်သွားရောက်စဉ် မယွန်းဖြူနှင့် မဇင်မာလွင်တို့ ကမ္ဘောဇဘဏ်(၁) အတွင်း ငွေများသွားရောက်ထုတ်ယူချိန် ယာဉ်မောင်းသည် အခြားဘဏ်များမှ ထုတ်ယူလာသော စားအုန်းဆီဖိုး ငွေကျပ် ၁၄၁၄၇၆၈၀၀ ကို ယူဆောင်ကာ ကုမ္ပဏီပိုင်ကားဖြင့် ထွက်ပြေးသွားခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် သက်ဆိုင်ရာ တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့များကို ပိတ်ဆို့ဖမ်းဆီးရန် ညွှန်ကြားခဲ့ပြီး ထိုသို့ ပိတ်ဆို့ဖမ်းဆီးမှုကြောင့် အောက်တိုဘာ ၂၄ ရက် ည ၇ နာရီခွဲတွင် ခိုးယူမောင်းနှင်သွားသော မော်တော်ယာဉ်အား အင်းစိန်မြို့နယ် ရွှေပြည်သာတံတားအဆင်း မြဧရာတိုက်တန်းရှေ့တွင် သိမ်းဆည်းရမိခဲ့ပြီး ယာဉ်မောင်းမှာ ငွေများနှင့်အတူ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေသူ ကုမ္ပဏီယာဉ်မောင်းအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် နေထိုင်သွားလာတတ်သော နေရာများသို့ သွားရောက်စုံစမ်းခြင်း၊ ရန်ကုန်မြို့အတွင်း ပိတ်ဆို့ရှာဖွေခဲ့ခြင်း၊ သွားရောက်နိုင်သည့်နေရာများရှိ သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် ရဲတပ်ဖွဲ့များနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ပြစ်မှုကျူးလွန်သူ ယာဉ်မောင်း၏ဓာတ်ပုံကို ဖော်ပြ၍ ဖမ်းဆီးရမိရေးအတွက် အသိပေးကြော်ငြာခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထွက်ပြေးတိမ်းရှောင်သူ ယာဉ်မောင်းအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် စုံစမ်းဆောင်ရွက်ခဲ့မှုကြောင့် လှိုင်သာယာမြို့နယ် ရေဥက္ကံကျေးရွာအုပ်စု စက်မှုဇုန်(၃) ဗန်းမော်အတွင်းဝန်လမ်း တိုက်(၂) အခန်း(၁)ရှိ ဒေါ်မြမြဦး အဆောင်တွင် ငှားရမ်းနေထိုင်ကြောင်း စုံစမ်းသိရှိရပြီး ကျော်ဇင်ဦးမှာ အဆောင်တွင်မရှိဘဲ သော့ခတ်ပိတ်ထားသဖြင့် ရဲတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လျှို့ဝှက်စွာ စောင့်ကြည့်လျက်ရှိစဉ် အောက်တိုဘာ ၃၁ ရက် နံနက် ၅ နာရီတွင် ငှားရမ်းနေထိုင်သည့်အဆောင်သို့ပြန်လာစဉ် ကျော်ဇင်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း၊ ခိုးယူလာသည့်ငွေများကို အဆောင်ခန်းအတွင်း အိပ်ရာကွပ်ပျစ်အောက်တွင် သံသေတ္တာနှင့် လက်ဆွဲအိတ်တို့ဖြင့် ခွဲ၍ ဝှက်သိမ်းထားကြောင်း တွေ့ရကာ ခိုးယူလာသည့်ငွေများအနက် ငွေကျပ် ၁၂၉၁ သိန်းနှင့် အခြားပစ္စည်းများကို သိမ်းဆည်းရရှိခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့အနေဖြင့် ကုမ္ပဏီဝန်ထမ်း ယာဉ်မောင်းကျော်ဇင်ဦးအား အခင်းဖြစ်ပြီးနောက် ခုနစ်ရက်အတွင်း ဖမ်းဆီးရမိခဲ့ပြီး ပြစ်မှုကျူးလွန်သူအား ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ရန် ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ပုဇွန်တောင်မြို့နယ်ရှိ ကြေးမုံသတင်းစာတိုက်တွင် ငွေအလွဲသုံးစားပြုရန် ရည်ရွယ်၍ မီးရှို့မှုဖြစ်ပွား

**ရန်ကုန် အောက်တိုဘာ ၃၁**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ် အမှတ်(၁)ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် (၅၂) လမ်းထောင့် အမှတ် (၇၇) ရှိ ကြေးမုံသတင်းစာတိုက် မန်နေဂျာရုံးခန်းတွင် အောက်တိုဘာ ၃၀ ရက် ညနေပိုင်းက မီးလောင်မှုတစ်ခု ဖြစ်ပွားခဲ့သည်။ ထိုမီးလောင်မှုသည် ဝိုင်ယာရှော့ကြောင့်မဟုတ်ဘဲ ဌာနမှဝန်ထမ်းတစ်ဦးဖြစ်သူ ငွေကိုင်တာဝန်ခံ ဒေါ်ဖြူဖြူဝင်းက ငွေအလွဲသုံးစားပြုရန်ရည်ရွယ်ချက်ဖြင့် အခန်းတွင်းသို့ ဓာတ်ဆီပက်ဖျန်းပြီး မီးလောင်မှုဖြစ်ပေါ်စေရန် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ပုဇွန်တောင်မြို့မရဲစခန်းမှ သိရသည်။

"ကျွန်တော်တို့ဆီကို ည ၈ နာရီခွဲလောက်မှာ အကြောင်းကြားတယ်။ ကျွန်တော်တို့သွားတော့ မီးတော့ရှို့တာပဲ လောင်မထားဘူး။ ဓာတ်ဆီထည့်ထားခဲ့တဲ့ ပလတ်စတစ်ဘူးခွံကိုလည်း အခန်းထဲမှာတွေ့ရတယ်။ အထုပ်ကြီးကို ဒီအတိုင်းမြင်နေရတယ်။ အထုပ်ကြီးကို ဖြည်ကြည့်လိုက်တော့ ပိုက်ဆံက နည်းနည်းလေးပဲပါတယ်။ ၅၀၀ ကျပ်တန် (၁၀)အုပ်ကျော်ကျော်လေးပဲပါတယ်။ တချို့ဟာတွေက သတင်းစာတွေကို ပိုက်ဆံပုံစံဖြတ်ပြီးတော့ သရေကွင်းနဲ့ ချည်ထားတာတွေ့ရတယ်။ ကျွန်တော်တို့ CCTV ကြည့်လိုက်တော့ ဘယ်သူတွေဝင်ထွက်တယ်ဆိုတာ အကုန်လုံးပေါ်နေတယ်။ CCTV ကြည့်လိုက်တော့ ဘာမှလိမ်လို့မရတော့ဘူး။ ပုဒ်မ ၄၀၉/၄၃၆ နှင့် အမှုဖွင့်ထားတယ်။ ပုဒ်မ ၄၃၆ က မီးရှို့မှုပါ။ ပုဒ်မ ၄၀၉ ကတော့ ဝန်ထမ်းက အလွဲသုံးစားပြုမှုပါ" ဟု ပုဇွန်တောင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူး ဦးမျိုးသက်က ပြောသည်။

မီးလန့်မှုကို ကြေးမုံသတင်းစာတိုက်မှ ဝန်ထမ်းများက အချိန်မီသိ၍ ငြိမ်းသတ်နိုင်ခဲ့ပြီး မန်နေဂျာရုံးခန်းအတွင်းရှိ မီးခံသေတ္တာမှာ ပွင့်လျက်အနေအထားတွင် တွေ့ရသဖြင့် ပုဇွန်တောင်မြို့မရဲစခန်းသို့ ဆက်သွယ်အကြောင်းကြားခဲ့ကြောင်း သိရသည်။

အဆိုပါအမှုနှင့်စပ်လျဉ်း၍ ပုဇွန်တောင်မြို့မရဲစခန်း၌ အမှုဖွင့်အရေးယူပြီး ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ



**နေပြည်တော် အောက်တိုဘာ ၃၁**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အောက်တိုဘာ ၃၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၄၅ စီး၊ သွင်းကုန် ၆၉၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၈ စီး၊ သွင်းကုန် ၁၂၉ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၃၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇ ဒသမ ၀၉၂ သန်းခန့်)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု နှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၉၃၉ သန်းခန့်) စုစုပေါင်း တားဆီးမှု ကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀ ဒသမ ၀၃၂ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် အောက်တိုဘာ ၃၀ ရက်တွင် မူဆယ်သို့ သွားရောက်မည့် ယာဉ်များအား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်စဉ် မိုင်တိုင်အမှတ် (၁၉၃) ပန်ဖတ်ကျေးရွာနှင့် မိုင်းလီကျေးရွာဟောင်းကြား ကျွန်းစိုက်ခင်းအနီးတွင် မသင်္ကာဖွယ်ရပ်တန့်ထားသော Mitsubishi Chariot ယာဉ်တစ်စီးနှင့် Toyota ISIS Platana ယာဉ်တစ်စီးတို့ကို တွေ့ရှိ၍စစ်ဆေးခဲ့ရာ ယာဉ်ပေါ်၌ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခြားရွေ ၁၆ တုံး (သုည ဒသမ ၆၆၈၈ တန်)၊ ပိတောက်သစ် ၃၂ ချောင်း (သုည ဒသမ ၉၅၀၄ တန်)နှင့် ပစ္စည်းသယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၈၅၇ သန်းခန့်)ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# လူကာကူမှာ တို့ထိလို့မရတဲ့ကစားသမားဟု မော်ရင်ဟို ဆိုပြီ

မေလဲ့သင်းရေးသားသည်



မန်ယူတိုက်စစ်မှူး လူကာကူမှာ တို့ထိလို့မရတဲ့ ကစားသမားစာရင်းတွင် နံပါတ်(၁) နေရာတွင် ရှိနေသူဖြစ်သည်ဟူသောစကားဖြင့် လူကာကူအပေါ် ဝေဖန်မှုများကို သွယ်ဝိုက်သောနည်းဖြင့် တုံ့ပြန်ခဲ့သည်။ လူကာကူမှာ မန်ယူအတွက် ပထမဆုံး ဝင်ရောက်ကစားသည့် ၁၀ ပွဲတွင် ၁၁ ဂိုးသွင်းယူနိုင်ခဲ့သော်လည်း နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ပေ။ မန်ယူပရိသတ်များက စပါးနှင့် ပွဲစဉ်တွင် ရက်ရှ်ဖို့ဒ်ထက် ခြေစွမ်းပျောက်ဆုံးခဲ့သည့် လူကာကူကိုသာ မာရှယ်လ်နှင့် နေရာလဲစေချင်ခဲ့သော်လည်း မော်ရင်ဟိုက ရက်ရှ်ဖို့ဒ်နှင့်သာ လူစားလဲခဲ့ရာ ယင်းဆုံးဖြတ်ချက်က ပရိသတ်များကို စိတ်ပျက်စေခဲ့သည်။

မော်ရင်ဟိုက "သူက အသင်းအတွက် အံ့အားသင့်စရာတွေ အများကြီးကို ယူဆောင်လာခဲ့တာဖြစ်ပါတယ်။ သူက အသင်းတစ်သင်းရဲ့ တိုက်စစ်နေရာအတွက် ကစားပေးတဲ့သူပါ။ ဒါက ဂိုးသွင်းဖို့ချည်းပဲသက်သက်တော့ မဟုတ်ဘူး" ဟု ဆိုခဲ့သည်။ ထို့ပြင် မော်ရင်ဟိုက လူကာကူမှ လူတိုင်းလေးစားခံ တို့ထိမရသည့်ကစားသမားဟုသူ ယူဆကြောင်းကိုလည်း "သူက ကျွန်တော်တို့အတွက် အလွန့်အလွန်ကို ကောင်းကောင်း ကစားပေးခဲ့တယ်။ ကစားသမားတစ်ယောက်က ထိုက်တန်တဲ့စွမ်းဆောင်ရည်ကို ပြသရင် ကျွန်တော်က သူ့ကိုကာကွယ်ပေးရမယ်လို့ ခံယူပါတယ်"ဟု ပွင့်ပွင့်လင်းလင်းပင် လူကာကူအပေါ် ကာကွယ်မှုပြုခဲ့သည်။

မော်ရင်ဟိုက ပရိသတ်များကမူ သူတို့ဆန္ဒအတိုင်း တောင်းဆိုကြမည်ဖြစ်သော်လည်း လူကာကူမှာ တို့လို့မရသည့်ကစားသမားနေရာမှ ရွေ့သွားစရာ အကြောင်းမရှိကြောင်းဆိုခဲ့ပြီး အခုမှပင် သူကိုင်တွယ်သည့်အသင်းတွင် တို့ထိလို့မရသည့်ကစားသမားများရှိခဲ့ခြင်းမဟုတ်ဘဲ ချယ်လ်ဆီးတွင်လည်း ယင်းသို့သော ကစားသမားအများအပြားရှိခဲ့ကြောင်း တစ်ပါတည်းရှင်းချက်ပေးခဲ့သည်။ ၂၀၀၆ ခုနှစ် အသင်းပိုင်ရှင် အေဗရာမိုဗစ်က အင်ဒရေရှက်ချန်ကိုအား ပုံမှန်ပွဲထွက်ခွင့်ပေးရန် မော်ရင်ဟိုကို ဖိအားပေးခဲ့သလားဟူသော မေးခွန်းအတွက်မူ မော်ရင်ဟိုက "တကယ်လို့ အေဗရာမိုဗစ်ကသာ မန်နေဂျာကို မယုံကြည်တော့ဘူးဆိုရင် သူက ကျွန်တော့်ကို ထုတ်ပယ်ပစ်လို့ရအောင် ငွေရှိတဲ့သူပါ။ ရှီဗာ(ရှက်ဗ်ချန်ကို)က တို့ထိလို့မရတဲ့ ကစားသမားပါ။ ဘာလို့လဲဆိုရင် သူက သူ့နည်းသူဟန်နဲ့ ဘောလုံးကစားသူဖြစ်လို့ပါ" ဟု ဖြေကြားခဲ့သည်။

# ဖာမီနိုသာ ဆက်ရှိလျှင် လီဗာပူးအတွက် ကော်တင်ဟို မလိုအပ်



လီဗာပူးအသင်းသည် အသင်း၏ ကွင်းလယ်ဖန်တီးရှင်လည်းဖြစ်၊ တောင်ပံနေရာတွင် ကစားနိုင်သူလည်းဖြစ်သူ ကော်တင်ဟိုအတွက် ကမ်းလှမ်းမှုများကို တောက်လျှောက် ပယ်ချနေသော်လည်း ဖာမီနိုသာ ဆက်ရှိနေပါက ကော်တင်ဟို မရှိလည်းဖြစ်သည့်အနေအထားကို ကိန်းဂဏန်းအချက်အလက်များအရ သိရသည်။ ဖာမီနိုမှာ ၂၀၁၅ နွေရာသီ ဟော့ဖန်ဟိမ်းအသင်းမှ ရောက်ရှိလာပြီးနောက် မည်သည့်လီဗာပူးကစားသမားမျှ ဖာမီနိုလောက် ဂိုးသွင်းယူနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

ဖာမီနိုမှာ နှစ်ရာသီအတွင်း လီဗာပူးအတွက် သွင်းဂိုး ၂၄ ဂိုးအထိ သွင်းယူပေးထားပြီးဖြစ်ရာ ပေါင် ၁၃၅ သန်းတန် ကော်တင်ဟိုပင် ဖာမီနို၏ သွင်းဂိုးအရေအတွက်ကို လိုက်မမီခဲ့ခြင်းမရှိခဲ့ပေ။ ကော်တင်ဟိုက ၂၃ ဂိုး၊ မာနေးက ၁၆ ဂိုး၊ စတားရစ်ချ်က ၁၃ ဂိုး သွင်းယူနိုင်ချိန်တွင် ဖာမီနို၏သွင်းဂိုးက ၂၄ ဂိုးအထိ ရောက်ရှိနေခြင်းဖြစ်သည်။ လီဗာပူးအနေဖြင့် အသင်းတွင် မနေချင်သည့် ကော်တင်ဟိုကို ဆက်ထိန်းရေးထက် ဖာမီနိုအား အသင်းတွင် တည်မြဲရေး ပိုမိုကြိုးပမ်းသင့်သည်ဟု The Sun သတင်းဌာနက ဖော်ပြသည်။

# ချယ်လ်ဆီးတွင် ပပျော်မရွှင်ဖြစ်နေသည်ဟူသောသတင်းများကို မိုရာတာ တုံ့ပြန်

ချယ်လ်ဆီးတိုက်စစ်မှူး မိုရာတာက သူ့အနေဖြင့် ချယ်လ်ဆီးနှင့် ၁၀ နှစ်စာချုပ်ပင် ချုပ်ဆိုလို့ရသည်အထိ ကျေနပ်မှုရှိကြောင်း လန်ဒန်အခြေစိုက် ချယ်လ်ဆီးတွင် စိတ်ဖိစီးမှုများနေပြီး မပျော်မရွှင်ဖြစ်နေသည်ဆိုသောသတင်းများအပေါ် တုံ့ပြန်ချေဖျက်ခဲ့သည်။

မိုရာတာမှာ အီတလီမီဒီယာတစ်ခုနှင့် မကြာသေးမီက ပြုလုပ်သည့် အင်တာဗျူးတစ်ခုတွင် ၂၀၁၆ ခုနှစ် ဂျူဗင်တပ်မှ ထွက်ခွာမိခဲ့ခြင်းအတွက် နောင်တရမိသလို အီတလီလူနေမှုဘဝကို နှစ်သက်ကြောင်းနှင့် လန်ဒန်တွင် ယင်းကဲ့သို့ ကျေနပ်မှုရအောင် ကြိုးစားနေရကြောင်း ဖြေကြားခဲ့သည်။ သို့သော် မိုရာတာက ယခုလို သတင်းများထွက်ပေါ်လာခြင်းက စကားပြန်၏ နားလည်မှုလွဲမှားခြင်းကြောင့်သာဖြစ်ပြီး စတန်းဖို့ဒ်ဘရစ်ချ်တွင် ကျေနပ်မှုရရှိနေကြောင်း မိုရာတာက တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

မိုရာတာက သူကစားသမားဘဝမှ အနားယူသည်အထိ ချယ်လ်ဆီးတွင် နေမည်မဟုတ်ဟုသာ ဆိုခဲ့ခြင်းဖြစ်ပြီး လက်ရှိဘဝကို ကျေနပ်ကြောင်း ရှင်းလင်းခဲ့သည်။ မိုရာတာက "ကျွန်တော့်ဇနီးနဲ့အတူ လန်ဒန်မှာ နေနေရတဲ့ဘဝကို တကယ့်ကို ကျေနပ်ပျော်ရွှင်ရပါတယ်။ ကျွန်တော် အနားယူရမယ့်အချိန်ရောက်လာရင်တော့ ဇာတိမြေကိုပဲ ပြန်လာမှာပါ။ ကိုယ့်မွေးရပ်မြေကို နှစ်သက်သဘောကျတတ်တာက ဖြစ်ရိုးဖြစ်စဉ်ပါဗျာ" ဟု ရှင်းလင်းခဲ့ခြင်းဖြစ်သည်။

မိုရာတာသည် ပြီးခဲ့သည့် နွေဈေးကွက်အတွင်း ရီးယဲလ်မက်ဒရစ်မှ ချယ်လ်ဆီးသို့ ကလပ်အသင်းစံချိန်တင်ပြောင်းရွှေ့ကြေး ပေါင်သန်း ၆၀ ဖြင့် ငါးနှစ်စာချုပ်ချုပ်ဆိုခဲ့သူဖြစ်သည်။ မိုရာတာက "ချယ်လ်ဆီးက ကျွန်တော့်ကို ၁၀ နှစ်စာချုပ်ဖို့ အဆိုပြုမယ်ဆိုရင် ကျွန်တော် လက်မှတ်ရေးထိုးမှာပါ" ဟု တုံ့ပြန်ခဲ့သည်။




မိုရာတာမှာ ရီးယဲလ်မှ ဂျူဗင်တပ်၊ ဂျူဗင်တပ်မှ ရီးယဲလ်သို့ ပြန်လည်ရောက်ရှိလာချိန်တွင် နည်းပြ ဇီဒန်း၏ စိတ်ကြိုက်ကစားသမားမဖြစ်ခဲ့ဘဲ အရန်ခုံတွင် အချိန်ကုန်ဆုံးခဲ့ရပြီးနောက် ချယ်လ်ဆီးသို့ ပြောင်းရွှေ့လာခဲ့သည်။ သို့သော် မိုရာတာမှာ ဂျူဗင်တပ်တွင် တီဗက်ဇ်၊ ဒိုင်ဘာလာတို့နှင့် တွဲဖက်ကစားခဲ့ရသလို ရီးယဲလ်တွင်လည်း စီရိုနယ်လ်ဒို၊ ဂါရတ်ဘေးလ်၊ အစ္စကိုတို့လို ထိပ်တန်းကစားသမားများနှင့် တွဲဖက်ကစားခဲ့ရသော်လည်း ချယ်လ်ဆီးတွင် တိုက်စစ်ကို သူတစ်ဦးတည်း ဦးဆောင်နေရသဖြင့် ဖိစီးမှုများကာ မပျော်မရွှင်ဖြစ်နေသည်ဟူသော သတင်းများ ထွက်ပေါ်လာခြင်းဖြစ်သည်။



# မိုဒရစ်နှင့် မာဆယ်လိုတို့ကြား စကားအချေအတင်ဖြစ်

ရီးယဲလ်က တန်းတက် ဂျီရိုနာအသင်းကို အရေးနိမ့်ခဲ့တဲ့ပွဲမှာ ရီးယဲလ်ကစားသမားများဖြစ်တဲ့ မိုဒရစ်နဲ့ မာဆယ်လိုတို့ကြား ပဋိပက္ခဆန်ဆန် အချေအတင်ဖြစ်ခဲ့တာကို တွေ့ခဲ့ရပါတယ်။ ရီးယဲလ်က ပွဲအစ ၁၂ မိနစ်ကတည်းက ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပေမယ့် ဒုတိယပိုင်း လေးမိနစ်အတွင်းမှာ နှစ်ဂိုးသွင်းခံခဲ့ရပြီး ရီးယဲလ်ရဲ့ ဂိုးသွင်းခွင့် မြောက်မြားစွာကို ဂျီရိုနာဘက်က ကြံ့ကြံ့ခံကာကွယ်သွားတာကြောင့်လည်း ရီးယဲလ်တို့ ရှုံးနိမ့်ခဲ့ရတာဖြစ်ပါတယ်။ ရီးယဲလ်အသင်းသားတွေက သူတို့ရဲ့မြောက်မြားစွာသော အခွင့်အရေးတွေဆုံးရှုံးခဲ့ပြီးနောက် ဖိအားအဖြစ်ပြောင်းလဲကာ နောက်ခံလူ မာဆယ်လိုနဲ့ မိုဒရစ်ကြား တစ်ဦးကိုတစ်ဦး အော်ဟစ်ပြီး စကားအချေအတင်ဖြစ်ခဲ့တာကို တွေ့ကြရပါတယ်။

မိုဒရစ်က ဘောလုံးပေးပို့မှုတွေ အပျက်များနေတဲ့အတွက် မာဆယ်လိုကို အော်ဟစ်ကြိမ်းမောင်းခဲ့တာကြောင့် မာဆယ်လိုက "ခင်ဗျားက ပြောတယ်။ ကျွန်တော်နေရာယူတာ ရှုပ်ထွေးနေတယ်လို့။ ဒါဆို ခင်ဗျားကရော" လို့ တုံ့ပြန်ခဲ့တာဖြစ်ပါတယ်။

# ဘာစီလိုနာ၏ ကမ်းလှမ်းမှုအကြောင်းကို ထုတ်ပြောလိုက်သည့် အစ္စကို




ရီးယဲလ်မက်ဒရစ်နှင့် ၂၀၂၂ ခုနှစ်အထိ သက်တမ်းရှိ စာချုပ်ကိုလက်မှတ်ရေးထိုးခဲ့သည့် ရီးယဲလ်စူပါစတား အစ္စကိုက ပြီးခဲ့သည့် နွေဈေးကွက်အတွင်း ဘာစီလိုနာအသင်း၏ကမ်းလှမ်းမှုများကို တောက်လျှောက်ရရှိခဲ့ကြောင်း အတည်ပြုခဲ့သည်။ အစ္စကိုမှာ ဘာကာနည်းပြသစ်ဗယ်လ်ဗာဒီ၏ နွေဈေးကွက် အဓိကပစ်မှတ်ဖြစ်ခဲ့ပြီး ကစားသမားက စပိန်ကလပ်အသင်းအချင်းချင်း ပြောင်းရွှေ့မည့် ကိစ္စရပ်ကို လုံးဝစဉ်းစားခြင်းမရှိခဲ့ကြောင်း စပိန်စာစောင် မာကာ၏ ဖော်ပြချက်အရ သိရသည်။

အစ္စကိုက "ကျွန်တော် ဘယ်တုန်းကမှ လက်ခံနားထောင်ခြင်းမရှိပါဘူး။ ကျွန်တော်က ဒီအသင်းမှာပဲအောင်မြင်မှုရရှိဖို့ အမြဲစဉ်းစားထားပြီး ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်မှုရှိသူပါ။ ကျွန်တော်က ကိုယ့်အနေအထားကို ခိုင်မာအောင် တည်ဆောက်ပြီး ပွဲထွက်ခွင့်တွေရရှိအောင်ကြိုးစားရင်း အသင်းနဲ့အတူ ဆုဖလားတွေများစွာ ရယူသွားဖို့ ကြိုးစားသွားမှာဖြစ်ပါတယ်" ဟု ပြန်ပြောင်းပြောကြားခဲ့ခြင်းဖြစ်သည်။

**နိုဝင်ဘာ ၁/၂ ရက်တွင် ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်အုပ်စုပွဲစဉ်(၄)**

| | | | | | | |
|---|---|---|---|---|---|---|
| ဘီဆီတပ်စ် - မိုနာကို | ည ၁၁:၃၀ | လီဗာပူး - မာရီဘော | နံနက် ၂:၁၅ |
| ပေါ်တို - လိုက်ပ်ဇစ်ပ် | နံနက် ၂:၁၅ | ဆီဗီလာ - စပါးတပ်စ်မော်စကို | နံနက် ၂:၁၅ |
| ဒေါ့မွန် - အေပိုရယ် | နံနက် ၂:၁၅ | ရှက်တာဒိုးနက် - ဖီယင်နော့ဒ် | နံနက် ၂:၁၅ |
| စပါး - ရီးယဲလ် | နံနက် ၂:၁၅ | နာပိုလီ - မန်စီးတီး | နံနက် ၂:၁၅ |

(ခိုင်ဝင်း)

# ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း

**ပြည်သူများသိရှိလေ့လာအကြံပြုနိုင်ပါရန်ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကိုပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

**၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း**

**(၂၀၁၇ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)**

**၁၃၇၉ ခုနှစ်၊ လ ရက်**

**(၂၀၁၇ ခုနှစ်၊ လ ရက်)**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

## အမည်၊ စတင်အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်များ

၁။ (က) ဤဥပဒေကို ၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာဖြင့် သတ်မှတ်သည့်နေ့ရက်တွင် စတင်အာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်-

(က) **မြေ**ဆိုသည်မှာ မြေမှထွက်ပေါ်သောအကျိုးအမြတ်များနှင့် မြေတွင်စွဲကပ်နေသော အရာဝတ္ထုများ သို့မဟုတ် မြေတွင်စွဲကပ်နေသော အရာတစ်ခုခုတွင် ထာဝရတွယ်ကပ်ထားသည့် အရာများလည်း အကျုံးဝင်စေရမည်။

(ခ) **မြေတွင် အကျိုးစီးပွားသက်ဆိုင်သူ**ဆိုရာတွင် အောက်ပါသူများပါဝင်သည်-

(၁) ဤဥပဒေအရ မြေသိမ်းဆည်းခြင်းပြုရာတွင် မြေရှင်များနှင့် လျော်ကြေးငွေ တောင်းဆိုခွင့်ရှိသူများ၊

(၂) သိမ်းဆည်းမြေတွင် သီးစားအဖြစ်ဖြင့် ဖြစ်စေ၊ အကျိုးတူအဖြစ်ဖြင့် ဖြစ်စေ၊ ငှားရမ်း၍ ဖြစ်စေ လုပ်ကိုင်နေသူများ။

(ဂ) **ထိခိုက်နစ်နာသူမိသားစု**ဆိုရာတွင် အောက်ပါသူများပါဝင်သည်-

(၁) ယင်းတို့၏ မြေ သို့မဟုတ် အခြားမရွှေ့မပြောင်းနိုင်သော ပစ္စည်းကို သိမ်းယူခြင်းခံရသည့် မိသားစု၊

(၂) မြေတစ်ရပ်ရပ်ကို ပိုင်ဆိုင်မှုမရှိသော်လည်း၊ မိသားစုဝင်တစ်ဦး သို့မဟုတ် အများသည် လယ်ယာလုပ်သားအဖြစ်ဖြင့်ဖြစ်စေ၊ လက်ခစားအဖြစ်ဖြင့်ဖြစ်စေ၊ ထိခိုက်နစ်နာသည့် အရပ်ဒေသအတွင်း မြေကိုသိမ်းဆည်းခြင်း မပြုမီကာလတွင် အစဉ်အဆက် လုပ်ကိုင်ခဲ့ပြီးလျှင်၊ မြေကိုသိမ်းဆည်းမှုကြောင့် ယင်းတို့၏ စားဝတ်နေရေး ထိခိုက်မှုဖြစ်ပွားရသည့် မိသားစု၊

(၃) သိမ်းဆည်းမြေကိုအကြောင်းပြု၍ စားဝတ်နေရေး ထိခိုက်နစ်နာရသူများ၊

(၄) သိမ်းဆည်းသည့် မြေပေါ်တွင် သိမ်းယူခြင်းမပြုမီ ကာလတစ်ရပ်အထိ တရားဝင်ပိုင်ဆိုင်မှု အထောက်အထားမရှိသည်ဖြစ်စေကာမူ အမှန်တကယ် နေထိုင်လုပ်ကိုင်၍သိမ်းယူသည့် မြေအပေါ် ရင်းနှီးမြှုပ်နှံ မှီခိုအသက်မွေးဝမ်းကျောင်းပြုနေသော မိသားစု။

(ဃ) **မြေရှင်**ဆိုရာတွင် အောက်ပါသူများပါဝင်သည်-

(၁) ဥပဒေအရ သတ်မှတ်သည့် မြေယာမှတ်တမ်းများတွင် မြေ သို့မဟုတ် အဆောက်အအုံ သို့မဟုတ် ယင်းတို့၏ အစိတ်အပိုင်း၏ ပိုင်ရှင်ဖြစ်ကြောင်း သို့မဟုတ် လက်ဝယ်ထားပိုင်ခွင့်ရှိသူဖြစ်ကြောင်း သို့မဟုတ် အသုံးပြုခွင့်ရသူဖြစ်ကြောင်း တရားဝင် မှတ်တမ်းတင်ထားသူ၊

(၂) တည်ဆဲဥပဒေတစ်ရပ်ရပ်အရ ယင်းမြေနှင့်စပ်လျဉ်း၍ အပိုင်ဂရန်၊ အငှားဂရန်ချထားခြင်းခံရသူ၊

(၃) တရားရုံး သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာရှိသူ၏ အမိန့်တစ်ရပ်ရပ်ဖြင့် မြေပိုင်ရှင်ဖြစ်ကြောင်း ကြေညာခြင်းခံရသူ၊ စာရင်းသွင်းခံရသူများ၊

(၄) တရားဝင် မှတ်တမ်းအထောက်အထားမရှိသော်လည်း ဒေသဆိုင်ရာ ထုံးတမ်းစဉ်လာများနှင့်အညီ ပိုင်ဆိုင်သည်ဟု အသိအမှတ်ပြုခံရသူ။

(င) **လျော်ကြေး**ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခံရခြင်းအတွက် အကျိုးစီးပွားသက်ဆိုင်သူတို့အား ပြန်လည်ပေးလျော်သည့် အစားထိုးဖလှယ်ပေး မြေ သို့မဟုတ် ငွေကြေး သို့မဟုတ် အခွင့်အရေး သို့မဟုတ် အခြားပစ္စည်း တစ်ရပ်ရပ်ကို ဆိုသည်။

(စ) **နစ်နာကြေး** ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းဆည်းခြင်းကြောင့် ထိခိုက်နစ်နာသူ မိသားစုတို့အား ထိခိုက်နစ်နာမှုအတွက် ပြန်လည်ဖြည့်ဆည်းထောက်ပံ့သည့် ငွေကြေး သို့မဟုတ် အခွင့်အရေး သို့မဟုတ် အခြားပစ္စည်းတစ်ရပ်ရပ်ကိုဆိုသည်။

(ဆ) **ရွှေ့ပြောင်းနေရာချထားစရိတ်** ဆိုရာတွင် သိမ်းဆည်းခံရသည့် မြေပေါ်မှ ရွှေ့ပြောင်းဖယ်ရှားရသည့် စရိတ်စကများနှင့်ရွှေ့ပြောင်းနေရာ၌ နေထိုင်ရန်အတွက် ထောက်ပံ့မှုများ ပါဝင်သည်။

(ဇ) **ပြန်လည်နေရာချထားခြင်း**ဆိုသည်မှာ သိမ်းဆည်းမြေပေါ်မှ ရွှေ့ပြောင်းခံရသူများအတွက် အနည်းဆုံးရှိသင့်သည့် လူနေမှုအဆင့်အတန်းထက် မနိမ့်ကျသော လူနေအိမ် အဆောက်အဦနှင့် အခြေခံအဆောက်အအုံများ စီစဉ်ဆောင်ရွက်ပေးခြင်းကိုဆိုသည်။

(ဈ) **လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ခြင်း** ဆိုရာတွင် မြေသိမ်းဆည်းခံရမှုကြောင့် အကျိုးစီးပွားထိခိုက်နစ်နာသူများအတွက် အနည်းဆုံးရှိသင့်သည့် လူနေမှုအဆင့်အတန်းနှင့် လူမှုစီးပွားရေးစံနှုန်းများထက်မနိမ့်သော အလုပ်အကိုင်အခွင့်အလမ်းများ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ ယာယီဘဝရပ်တည်မှုစရိတ်စကများ၊ လူမှုရေးပံ့ပိုးမှုလုပ်ငန်းစဉ်များ စီစဉ်ဆောင်ရွက်ပေးခြင်းတို့ ပါဝင်သည်။

(ည) **တရားရုံး**ဆိုသည်မှာ မြေတည်ရှိရာအရပ်အတွက် စီရင်ပိုင်ခွင့်ရှိသော တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်တရားလွှတ်တော်ထက်မနိမ့်သော တရားရုံးများကို ဆိုသည်။

(ဋ) **မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့** ဆိုသည်မှာ မြေသိမ်းယူရန် အလိုရှိကြောင်း နိုင်ငံတော်သမ္မတမှ အမိန့်ကြော်ငြာစာ ထုတ်ပြန်ကြေညာသည့်အခါ မြေသိမ်းယူမှု လုပ်ငန်းအဝဝကို အကောင်အထည်ဖော်ဆောင်ရွက်ရန် တစ်ပါတည်း ဖွဲ့စည်းတာဝန်ပေးအပ်သော အဖွဲ့အစည်းကိုဆိုသည်။

(ဌ) **ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး ဗဟိုကော်မတီ**ဆိုသည်မှာ သိမ်းယူသည့် မြေပေါ်မှ ရွှေ့ပြောင်းဖယ်ရှားခံရသူများ၊ မြေသိမ်းဆည်းခံရမှုကြောင့် ထိခိုက်နစ်နာသူများအား ရွှေ့ပြောင်းနေရာချထားရေး၊ လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များ ကြီးကြပ်ကွပ်ကဲရန် နိုင်ငံတော်သမ္မတက အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကို ဆိုသည်။

(ဍ) **တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ** ဆိုသည်မှာ သိမ်းယူသည့် မြေပေါ်မှ ရွှေ့ပြောင်းဖယ်ရှားခံရသူများ၊ မြေသိမ်းဆည်းခံရမှုကြောင့် ထိခိုက်နစ်နာသူများအား ရွှေ့ပြောင်းနေရာချထားရေး၊ လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး လုပ်ငန်းစဉ်များအား တာဝန်ခံဆောင်ရွက်ရန် ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ရေး ဗဟိုအဖွဲ့က အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ဖွဲ့စည်းတာဝန်ပေးအပ်သောအဖွဲ့ကိုဆိုသည်။

(ဎ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထဲရေးဝန်ကြီးဌာနကို ဆိုသည်။

(ဏ) **ဦးစီးဌာန**ဆိုသည်မှာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကို ဆိုသည်။

(တ) **အဆောတလျင် မြေသိမ်းခြင်း**ဆိုသည်မှာ အရေးပေါ်ဖြစ်ပေါ်လာသည့် ကိစ္စတစ်ရပ်ရပ်အပေါ်မူတည်၍ မလွှဲမရှောင်သာသော အခြေအနေတစ်ရပ်ရပ်တွင် အလျင်အမြန် မြေသိမ်းယူခြင်းကိုဆိုသည်။

(ထ) **ယာယီမြေသိမ်းခြင်း**ဆိုသည်မှာ မြေကိုရေရှည်အသုံးချရန် မရည်ရွယ်ဘဲ သတ်မှတ်ကာလတစ်ခုအတွင်း ယာယီအသုံးပြုရန်အတွက်သာ သိမ်းယူခြင်းကိုဆိုသည်။

(ဒ) **မြေကို အလိုရှိကြောင်း အသိပေးကြော်ငြာခြင်း**ဆိုသည်မှာ မြေတစ်ရပ်ရပ်ကို သိမ်းယူရန် ရည်ရွယ်ကြောင်းကိုလည်းကောင်း၊ အများပြည်သူသို့ ကန့်ကွက်နိုင်ရန်၊ ရပိုင်ခွင့်များ တောင်းဆိုနိုင်ရန်နှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို သိရှိနိုင်ရန်လည်းကောင်း ပွင့်လင်းမြင်သာစွာ အသိပေးကြော်ငြာသည်ကို ဆိုသည်။

(ဓ) **မြေကို သိမ်းယူမည်ဖြစ်ကြောင်း ကြေညာခြင်း** ဆိုသည်မှာ မြေကို သိမ်းယူရန် ပဏာမစစ်ဆေးချက်များကို ပြည့်စုံလုံလောက်စွာ ဆောင်ရွက်ပြီးနောက် ပြည်ထောင်စုအစိုးရအဖွဲ့၏ အတည်ပြုချက်အရ မြေကိုသိမ်းယူမည်ဖြစ်ကြောင်း အများပြည်သူသို့ ပွင့်လင်းမြင်သာစွာ အသိပေးကြေညာခြင်းကိုဆိုသည်။

(န) **မြေ လက်ရောက်သိမ်းယူခြင်း**ဆိုသည်မှာ သာမန်အားဖြင့် သိမ်းယူရန် အဆိုပြုသည့်မြေအား အဆိုပြုသည့် ဌာနအဖွဲ့အစည်းသို့ ကြွေးမြီကင်းရှင်းသည့် နိုင်ငံပိုင်မြေအဖြစ်ဖြင့် လွှဲပြောင်းပေးအပ်နိုင်ရေးအတွက် မြေသိမ်းယူမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့က လက်ရောက်ရယူခြင်းကိုဆိုသည်။

(ပ) **အများပြည်သူအလို့ငှာ** ဆိုသည်မှာ နိုင်ငံတော်၏ လုံခြုံရေး၊ အမျိုးသားစီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးနှင့် အများပြည်သူတို့၏ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ရည်ရွယ်ချက်များကိုဆိုသည်။

## အခန်း(၂)

## ရည်ရွယ်ချက်

၃။ ဤ ဥပဒေ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ဥပဒေနှင့်အညီ မြေသိမ်းမှု ဖြစ်ပေါ်စေခြင်းဖြင့် မတရားမြေသိမ်းဆည်းမှုများကို တားဆီးရန်နှင့် မြေသိမ်းခံရသူများ၏ အကျိုးစီးပွားကို ဥပဒေ၏ ကာကွယ်စောင့်ရှောက်မှု ရရှိစေရန်၊

(ခ) မြေသိမ်းခြင်းပြုရာတွင် အကျိုးစီးပွားထိခိုက်နစ်နာသူမိသားစုများ၊ ဒေသခံပြည်သူများ ပါဝင်သော ကြိုတင်အသိပေးခြင်း၊ လွတ်လပ်စွာ ညှိနှိုင်းခြင်း၊ ဆုံးဖြတ်ချက် ချမှတ်ခြင်း လုပ်ငန်းစဉ်များဖြင့် ပွင့်လင်းမြင်သာစွာ ဆောင်ရွက်ရန်၊

(ဂ) အကျိုးစီးပွား ထိခိုက်နစ်နာမှုခံရသူ မိသားစုများအတွက် တရားမျှတ လျော်ကန်သည့် လျော်ကြေးနှင့် နစ်နာကြေးများ ခံစားရရှိစေရန်၊

(ဃ) မြေသိမ်းရာတွင် အိမ်ရာမြေ စွန့်လွှတ်ဖယ်ရှားခံရခြင်းကြောင့် ဖြစ်ပေါ်လာသည့် ဆုံးရှုံးနစ်နာမှုများအတွက် ပြန်လည်နေရာချထားပေးခြင်း ခံစားရရှိစေရန်၊

(င) မြေသိမ်းခံရခြင်းကြောင့် အကျိုးစီးပွားထိခိုက်သူနှင့် နစ်နာသူမိသားစုများ၏ လူမှုစီးပွားရေး ဘဝပြန်လည်ထူထောင်ပေးခြင်း ခံစားရရှိစေရန်၊

(စ) မြေကို သိမ်းယူအသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသည့် သဘာဝပတ်ဝန်းကျင်နှင့် အများပြည်သူ၏ လူမှုစီးပွားထိခိုက်နစ်နာမှုများအား တားဆီးကာကွယ်ရန်။

## အခန်း (၃)

## မြေသိမ်းဥပဒေနှင့်သက်ဆိုင်သည့်ကိစ္စရပ်များ

၄။ ဤဥပဒေပြဋ္ဌာန်းချက်များသည် ပြည်ထောင်စုအစိုးရအဖွဲ့အနေဖြင့်ဖြစ်စေ၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူခွင့်ပြုချက်ဖြင့်ဖြစ်စေ၊ မြေတစ်ရပ်ကို အများပြည်သူအလို့ငှာ ထာဝရဖြစ်စေ၊ ယာယီဖြစ်စေ လိုအပ်မှုအပါအဝင် မြေကို ကိုယ်တိုင်အသုံးပြုမှု၊ လက်ဝယ်ထိန်းသိမ်းထားမှုနှင့် ကြီးကြပ်ကွပ်ကဲမှုများအတွက် မြေသိမ်းဆည်းခြင်း၊ လျော်ကြေးငွေ ပေးအပ်ခြင်း၊ လူမှုစီးပွားရေးဘဝ ပြန်လည်ထူထောင်ပေးခြင်းနှင့် ပြန်လည်အခြေချနေထိုင်စေခြင်းများနှင့် စပ်လျဉ်း၍ သက်ဆိုင်စေရမည်ဖြစ်ပြီး အောက်ဖော်ပြပါ အချက်များနှင့်လည်း အကျုံးဝင် သက်ဆိုင်စေရမည် -

(က) နိုင်ငံတော်၏ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကိစ္စရပ်များအတွက် မြေလိုအပ်မှုများ၊

(ခ) အမျိုးသားစီးပွားရေးမူဝါဒအရ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်မည့် စီမံကိန်းများ၊

(ဂ) လူမှုစီးပွားရေး ဖွံ့ဖြိုးမှုဆိုင်ရာ စီမံကိန်းများ၊

(ဃ) မြို့ပြနှင့် ကျေးရွာတိုးချဲ့တည်ဆောက်ရေးနှင့် အခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းများ၊

(င) ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်နေရာချထားရေး ကိစ္စရပ်များ၊

(စ) တည်ဆဲအခြားဥပဒေများပါ မြေသိမ်းရန် ကိစ္စရပ်များ။

၅။ အောက်ဖော်ပြပါ မြေနေရာများကို သိမ်းယူမည့်မြေ လျာထားချက်တွင် ပါဝင်ပါက ပြည်ထောင်စု လွှတ်တော်၏ သဘောတူအတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။ ပြည်ထောင်စုလွှတ်တော်က သဘောတူအတည်ပြုခြင်း မရှိပါက သိမ်းယူခြင်းမှ ကင်းလွတ်စေရမည်-

(က) သမိုင်းဝင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ တည်ရှိသည့်နေရာများ၊

(ခ) သမိုင်းကြောင်း ခိုင်မာစွာ တည်ရှိလာပြီး ပြည်သူအများ တန်ဖိုးထား ထိန်းသိမ်းလာသည့် အထင်ကရ သဘာဝနယ်မြေများ၊ ဘာသာရေးအဆောက်အဦများ၊ ပရိဝုဏ်များ၊ အထိမ်းအမှတ်နေရာများ၊

(ဂ) တိုင်းရင်းသားလူမျိုးစုများ၏ ရိုးရာဓလေ့ထုံးစံအရ အသုံးပြုနေသော မြေများနှင့် အမြတ်တနိုးရှိသေတန်ဖိုးထား စောင့်ရှောက်ထိန်းသိမ်းထားသည့် နေရာများ။

## အခန်း (၄)

## မြေသိမ်းရန် အဆိုပြုခြင်းနှင့် စိစစ်ခြင်း

၆။ မြေတစ်ရပ်ရပ်ကို အများပြည်သူအလို့ငှာ အသုံးပြုရန် ရရှိလိုသည့် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ဌာနမဆို မြေတည်ရှိရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် ဝန်ကြီးချုပ် သို့မဟုတ် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌထံသို့ တိုက်ရိုက်ဖြစ်စေ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း သို့မဟုတ် ဒေသဥက္ကဋ္ဌမှတစ်ဆင့်ဖြစ်စေ အဆိုပြု လျှောက်ထားရမည်။

၇။ ဤဥပဒေအရ မြေသိမ်းခြင်းပြုပေးရန် အောက်ပါသူတို့သည်လျှောက်ထားပိုင်ခွင့်ရှိသည်-

(က) နိုင်ငံတော် အဖွဲ့အစည်းများ၊

(ခ) ပြည်ထောင်စုအစိုးရအဖွဲ့၏ လက်အောက်ရှိ ဌာနများနှင့်အဖွဲ့အစည်းများ၊

(ဂ) ဖက်စပ်ရင်းနှီးမြှုပ်နှံသူများနှင့် ပူးပေါင်းဆောင်ရွက်မည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၊

(ဃ) တည်ဆဲဥပဒေများနှင့်အညီ နိုင်ငံတော်နှင့် အများပြည်သူအတွက် ထောက်ပံ့ကူညီ လှူဒါန်းသည့် ပြည်တွင်းပြည်ပမှ ပုဂ္ဂလိကတစ်ဦးချင်းနှင့် အဖွဲ့အစည်းများကိုယ်စား ဦးစီးဆောင်ရွက်ပေးမည့် အစိုးရဌာန၊ အဖွဲ့အစည်းများ။

၈။ အများပြည်သူအလို့ငှာ မြေသိမ်းပေးရန် အဆိုပြုသည့် တင်ပြချက်တွင် အောက်ပါလိုအပ်သည့် အထောက်အထားများ ပူးတွဲပါရှိစေရမည်-

(က) အဆိုပြုတင်ပြသူ သို့မဟုတ် အဆိုပြုရန် တာဝန်ပေးအပ်ခံရသူ ကိုယ်တိုင်လက်မှတ်ရေးထိုးထားသည့် အဆိုပြုလွှာ၊

(ခ) အလိုရှိသည့် မြေနှင့်ပတ်သက်သည့် မြေပုံနှင့် မြေရာဇဝင်မှတ်တမ်း၊

(ဂ) မြေကို သိမ်းယူရန် အလိုရှိသည့် အကြောင်းရင်း ဖော်ပြချက်၊

(ဃ) အလိုရှိသည့် မြေပေါ်တွင် ဘာသာရေး အဆောက်အဦများ၊ အများပြည်သူဆိုင်ရာ သုသာန်မြေနှင့် သင်္ချိုင်းဂူများ ပါဝင်မှုရှိ၊ မရှိနှင့် ပါရှိပါက ယင်းနေရာကို ချန်လှပ်ထားရေးအပေါ် သဘောထားတင်ပြချက်၊ ချန်လှပ်ခြင်းမရှိဘဲ သိမ်းယူလိုပါက ပြောင်းရွှေ့ဖယ်ရှားမှုအတွက် ကုန်ကျစရိတ်အဝဝ တာဝန်ယူကြောင်း ကတိခံဝန်ချက်၊

(င) အလိုရှိသည့်မြေတွင် လုပ်ဆောင်မည့် လုပ်ငန်းတို့အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်ဆောင်ရွက်ထားရှိမှု အစီရင်ခံစာနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်၊

**ဆက်လက်ဖော်ပြပါမည်။**

# ပြည်သူများ၏စားနပ်ရိက္ခာအထောက်အကူဖြစ်စေရန် ဘောနီဆည်အတွင်းငါးမျိုးစိုက်ထည့်

**ပဲခူး အောက်တိုဘာ ၃၁**
ပဲခူးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှကြီးမှူး၍ အောက်တိုဘာ ၃၀ ရက် နံနက် ၈ နာရီခွဲကပြည်သူများ၏ စားနပ်ရိက္ခာအတွက် အထောက်အကူဖြစ်စေရန် ဒိုက်ဦးမြို့နယ် ဘောနီဆည်အတွင်း ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွက် ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကျင်းပသည်။

ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးဝင်းသိန်းက တိုင်းဒေသကြီးအတွင်း နှစ်စဉ်တိုးပွားလာသောလူဦးရေနှင့်အညီ ငါးစားသုံးမှုမှာလည်းပိုမိုမြင့်မားလာသည့်အတွက် ဒေသတွင်း ငါးထုတ်လုပ်မှု ပိုမိုတိုးတက်လာစေရေး စီမံဆောင်ရွက်ရန်လိုကြောင်း၊ ရေရှည်စဉ်ဆက်မပြတ်ငါးထုတ်နိုင်ရေး၊ ငါးသယံဇာတများ ရေရှည်တည်တံ့စေရေးအတွက် ဒေသခံပြည်သူများ၊ ရေလုပ်သားများအနေဖြင့် ရေချိုငါးလုပ်ငန်းဥပဒေ၊ နည်းဥပဒေ၊ အမိန့်ညွှန်ကြားချက်များ၊ စည်းကမ်းချက်များနှင့်အညီစနစ်တကျ၊ စည်းကမ်းတကျ ဖမ်းဆီးကြရန်လိုကြောင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူးဦးစိုင်းကျော်မြင့်က ငါးမျိုးစိုက်ထည့်ရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားပြီး ဘောနီဆည်အတွင်းသို့ ဝန်ကြီးချုပ်၊ ဝန်ကြီးနှင့် တက်ရောက်လာကြသူများက ငါးမြစ်ချင်းငါးသားပေါက်အကောင်ရေ သုံးသိန်းငါးသောင်းအား စုပေါင်းစိုက်ထည့်ကြသည်။

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီးအတွင်းရှိဆည်မြောင်း၊ တာတမံ ၃၉ ခုနှင့် စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်းလုပ်ငန်းကို နှစ်စဉ်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ငါးသားပေါက်ကောင်ရေ ၁၂၇ ဒသမ ၈၉ သိန်း၊ ၂၀၁၇-၁၈ ဘဏ္ဍာနှစ် ယနေ့အချိန်ထိငါးသားပေါက်ကောင်ရေ ၉၈ ဒသမ ၁၃ သိန်းအား မျိုးစိုက်ထည့်ထားရှိပြီးဖြစ်သည်။

ငါးမျိုးများစိုက်ထည့်ခြင်းအားဖြင့် မျိုးများပြန့်ပွားကာ ငါးထုတ်လုပ်မှုတိုးတက်လာသည့်အတွက် ပြည်သူများ၏ စားနပ်ရိက္ခာအတွက် အထောက်အကူဖြစ်သည့်အပြင် ဆည်မြောင်း၊ တာတမံများမှတစ်ဆင့်လယ်ကြားမြောင်းများသို့ ဝင်ရောက်ပြန့်ပွားလာသည့်ငါးများကို တောင်သူများ၊ ဒေသခံပြည်သူများဖမ်းယူစားသောက်နိုင်ခြင်းဖြင့် အကျိုးများစွာရှိမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါအခမ်းအနားသို့ ဝန်ကြီးချုပ်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ တိုင်းဒေသကြီးအဆင့်ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ တက် ရောက်ကြကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**



# ခရီးသွားဇုန် ခြောက်ဇုန်နှင့် နေရာသစ်များကို ပူးပေါင်းအဖွဲ့အစည်းများဖြင့် အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်

**စစ်ကိုင်း အောက်တိုဘာ ၃၁**
စစ်ကိုင်းတိုင်းဒေသကြီး ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသူများကို ဖိတ်ခေါ်လက်ကမ်းကြိုဆိုနေသလို တိုင်းဒေသကြီးအတွင်းမှ ခရီးသွားဇုန်ခြောက်ဇုန်နှင့် ဖော်ဆောင်နေသောအခြားခရီးသွားနေရာသစ်များကို ပူးပေါင်းအဖွဲ့အစည်းများဖြင့် အောင်မြင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စီမံ/ဘဏ္ဍာဝန်ကြီး ဦးစိုးဦး ထံမှ သိရသည်။

"စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအသုံးစရိတ်ထဲမှာခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနဲ့ ပတ်သက်ပြီး အောင်မြင်အောင် ဆောင်ရွက်ဖို့ထည့်သွင်းရေးဆွဲအသုံးပြုသွားဖို့စီစဉ်ထားပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးရဲ့ခရီးသွားလုပ်ငန်းကို နှစ်ဆလောက်မြင့်တက်လာအောင်အားလုံးပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်"ဟု ဝန်ကြီးဦးစိုးဦးက အောက်တိုဘာ ၂၉ ရက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရရုံးတွင် ကျင်းပသော ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲတွင်ပြောကြားသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ ဒေါက်တာမြင့်ဆန်း၊ ဒေါက်တာ တင်ထူးနိုင်၊ ဦးဇော်မင်းကျော်နှင့် ခရိုင်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတာဝန်ရှိသူများ၊ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍနယ်ပယ်မှ လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

အလုပ်ရုံဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအဆင့်ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို ဖွဲ့စည်းရန် အဓိကထားဆွေးနွေးခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအနေဖြင့်စက်မှုလုပ်ငန်းများဖွံ့ဖြိုးတိုးတက်ရေး၊ လမ်းပန်းဆက်သွယ်မှုတိုးတက်ရေးနှင့် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးလုပ်ဆောင်မည် ဖြစ်သည့်အတွက် ခရီးသွားလုပ်ငန်းဆောင်ရွက်ရာတွင် အားလုံးပူးပေါင်းဆောင်ရွက်ရန် အထူးလိုအပ်နေမှုကိုမည်သို့ ပူးပေါင်းဆောင်ရွက်သွားမည်များကိုဆွေးနွေးခဲ့ကြသည်။

"တိုင်းဒေသကြီးအစိုးရနဲ့ ဟိုတယ်ခရီးသွားလုပ်ငန်းပူးပေါင်းပြီးခရီးသွားလုပ်ငန်းနဲ့ ပတ်သက်တဲ့စီမံချက်စီမံကိန်းတွေရေးဆွဲသွားမှာဖြစ်သလို ခရီးသွားလုပ်ငန်းဖွံ့ဖြိုး တိုးတက်လာတာနဲ့အမျှ အဆိုပါ ခရီးသွားနေရာများမှာ အသေးစားအလတ်စားလုပ်ငန်းများ တိုးတက်လာစေဖို့ကို တစ်ဆက်တစ်စပ်တည်းဆောင်ရွက်ဖို့ကိုဆွေးနွေးခဲ့ကြပါတယ်။

ဒေသနဲ့ ပတ်သက်တဲ့ ထွက်ကုန်ပစ္စည်းအသေးလေးတွေကို ပြည်တွင်းပြည်ပဧည့်သည်တွေ ကြိုက်နှစ်သက်ပြီး သယ်ယူရလွယ်ကူအောင် ဘယ်လိုစီမံဆောင်ရွက်ရမယ်ဆိုတာကိုဖော်ဆောင်မယ့်ခရီးသွားဒေသခံတွေနဲ့တိုင်ပင်ညှိနှိုင်းဆောင်ရွက်ဖို့လိုပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီးဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဦးစီးမှူးဦးအောင်သူဦးက ပြောကြားသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ တက်ရောက်လာသော ခရီးသွားလုပ်ငန်းဝန်ဆောင်ရေးလုပ်ငန်းလုပ်ကိုင်သူက "ခရီးသွား တစ်ယောက်ရောက်လာရင် ဟိုတယ်ပိုက်ဆံရမယ်။ ဟိုတယ်မှာတည်းပြီး ထမင်းမစားဘူးဆိုရင်အပြင်မှာရောင်းတဲ့ဒေသခံတွေပိုက်ဆံရမယ်။ ဒါအပြင် အဲဒီအနီးဝန်းကျင်ကို ဆိုက်ကားနဲ့သွားသွား သုံးဘီးနဲ့သွားသွား သယ်ယူပို့ဆောင်ပေးမယ့်သူပိုက်ဆံရမယ်။ ဒေသထွက်ပစ္စည်းအသေးစားလေးတွေကိုအမှတ်တရအဖြစ်ဝယ်ရင် ပစ္စည်းလုပ်ရောင်းတဲ့သူပိုက်ဆံရမယ်။ ဒါ့အပြင်ဒေသတွင်းမှာရှိတဲ့ ခရီးသွားလမ်းညွှန်လုပ်ငန်းလုပ်သူတွေအနေနဲ့လည်း ကိုယ့်ဒေသတွင်းမှာအလုပ်ဖြစ် ပိုက်ဆံရမယ့်အပြင် ဒေသတွင်း ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်း အဆောက်အအုံတွေကို ဒေသတွင်း ပြည်သူတွေက ပူးပေါင်းပါဝင်ထိန်းသိမ်းပေးကြဖို့လိုအပ်ပါတယ်" ဟု ပြောကြားသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

# ဘိန်းစိုက်ပျိုးမှုပပျောက်ရေး အစိုးရ၊ ပြည်သူနှင့် ဌာနဆိုင်ရာများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်သွားမည်

**လွိုင်ကော် အောက်တိုဘာ ၃၁**
ကယားပြည်နယ်အတွင်း မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပိုမိုထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အတွင်းလုပ်ငန်းအဖွဲ့ငယ် ဆပ်ကော်မတီ(၉)ဖွဲ့ ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီး ဘိန်းစိုက်ဧရိယာလျော့နည်းပပျောက်စေရန်အတွက် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်တို့တွင် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းများအား ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိုက အနာဂတ်လူငယ်များနှင့် ဘိန်းသုံးစွဲသူတို့၏ ဘဝမျှော်လင့်ချက်များကို ပျက်စီးစေသည့်အတွက် ဘိန်းစိုက်ပျိုးမှုပပျောက်ရေးလုပ်ငန်းကိုဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အစိုးရအနေဖြင့် နှစ်တိုနှစ်ရှည် စီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဧကအထွက်နှုန်းကောင်းပြီး ပြည်နယ်၏ စားသုံးဆီလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ရန် ဧရိယာ ၈၄ ဧကအတွက် စပ်မျိုး နေကြာမျိုးနှင့် ကွန်ပေါင်းမြေဩဇာတို့အား စုစုပေါင်း တောင်သူ ၆၅ ဦးထံသို့ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ဘိန်းစိုက်ပျိုးမှု ပပျောက်ရေးအတွက် အစိုးရ၊ ပြည်သူ၊ ဌာနဆိုင်ရာများ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားခဲ့သည်။

ဆက်လက်၍ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးခန့်က ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းနှင့်ပတ်သက်ပြီး ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးလုပ်ငန်းအတွက် ပံ့ပိုးပစ္စည်းများပေးအပ်ပြီး တက်ရောက်လာသည့် တောင်သူများကိုယ်စား တောင်သူတစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် ဖရူဆိုမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သော ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ပံ့ပိုးပစ္စည်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဖရူဆိုမြို့နယ်အတွင်း ကျေးရွာအုပ်စု(၁)အုပ်စုမှ ကျေးရွာ(၂)ရှိ တောင်သူ ၂၅ ဦးထံသို့ ပံ့ပိုးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးရေးလုပ်ငန်းအတွက် ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ပံ့ပိုးပစ္စည်းပေးအပ်ပွဲ အခမ်းအနားအား အောက်တိုဘာ ၃၀ ရက် နံနက် ၉ နာရီခွဲတွင် ဒီးမော့ဆိုမြို့နယ် မြို့နယ်ခန်းမ၌ ကျင်းပရာ ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ် စာရင်းစစ်ချုပ်နှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ပြည်နယ်(ပြန်/ဆက်)**

## ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော် ကသာမြို့၌ ကျင်းပမည်

**ကသာ အောက်တိုဘာ ၃၁**
ကလေးလူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာပေဗဟုသုတရရှိရေး၊ ကလေးငယ်များ ဉာဏ်ရည် ထက်မြက်စေရေးနှင့် ကလေးများစွမ်းဆောင်ရည်မြင့်တင်ရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ကလေးစာပေပွဲတော်နှင့် စာအုပ်ဈေးရောင်းပွဲတော်ကို နိုဝင်ဘာ ၁၂ ရက်နှင့် ၁၃ ရက်တို့တွင် ကသာမြို့ အထက (၁) ၌ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကလေးများအတွက် ပြိုင်ပွဲများ ပြုလုပ်နိုင်ရေး၊ ၎င်းပြိုင်ပွဲများတွင် ကျောင်းသား ကျောင်းသူများပါဝင်ယှဉ်ပြိုင်နိုင်ရေး၊ ပြခန်းများ ပြသနိုင်ရေး၊ ပျော်ပွဲရွှင်ပွဲနှင့် ဆုချီးမြှင့်ပွဲလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးစသည့် ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းဆွေးနွေးနေပြီဖြစ်ကြောင်း၊ နိုဝင်ဘာ ၁၂ ရက်တွင် ကလေးစာပေပွဲတော် ဖွင့်ပွဲနှင့် ပြိုင်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများကိုလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်တွင်လည်းကောင်း ဆုချီးမြှင့်ပွဲများ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သာကျော်(ကသာ)**

# အမှိုက်စီမံခန့်ခွဲမှုဆိုင်ရာဆွေးနွေးပွဲကျင်းပ

**သာကေတ အောက်တိုဘာ ၃၁**
တောင်ပိုင်းခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနခရိုင်မှူး ဦးသက်ဝေ၊ သာကေတ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သန်း၊ မြို့နယ်သန့်ရှင်းရေးတာဝန်ခံ ဦးကျော်မင်းထွန်းနှင့် ၂/တောင်ရပ်ကွက် အုပ်ချုပ်ရေးမှူးတို့ ပူးပေါင်းစီစဉ်မှုဖြင့် အောက်တိုဘာ ၃၀ ရက် မွန်းလွဲပိုင်းက ၂/တောင် ရပ်ကွက် ရန်အောင်မြင်ဓမ္မာရုံ၌ စွန့်ပစ်အမှိုက်စီမံခန့်ခွဲရေးအတွက် မိဘပြည်သူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့သည်။

တွေ့ဆုံဆွေးနွေးရာတွင် တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ်ဒေါ်သက်ထားနွယ်ဝင်းက အမှာစကားပြောကြားသည်။ ထို့နောက် ခရိုင်မှူးဦးသက်ဝေနှင့် မြို့နယ်သန့်ရှင်းရေးတာဝန်ခံဦးကျော်မင်းထွန်းတို့က ရပ်ကွက်အလိုက် မြို့နယ်အလိုက် သန့်ရှင်းရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ ၂/တောင် ရပ်ကွက်အတွင်း အိမ်တိုင်ရာရောက် အမှိုက်ထုပ်ကောက်ခြင်းနှင့် အမှိုက်အစို၊ အမှိုက်အခြောက် ခွဲခြားစွန့်ပစ်ပေးရန်တို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြသည်။

အမှိုက်စွန့်ပစ်မှုစီမံခန့်ခွဲရေးလုပ်ငန်း ဆွေးနွေးပွဲသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့်တာဝန်ရှိသူများ၊ သန့်ရှင်းရေးဌာန တောင်ပိုင်းခရိုင်မှူးနှင့် ဝန်ထမ်းများ၊ တောင်ပိုင်းခရိုင်စည်ပင်သာယာရုံးဌာနခွဲမှူး ဦးမြင့်ဝင်း၊ သာကေတမြို့နယ် ဒုတိယအထွေထွေအုပ်ချုပ်ရေးမှူး၊မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အတွင်းရှိ အိမ်ထောင်ဦးစီးများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

**မောင်မောင်**

## ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၃၀ ရက်နေ့ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ ၁၈ တွင် ဖော်ပြခဲ့သည့် "တက္ကသိုလ်ာမြကျွန်းသာ၏ ဥယျာဉ်မှူး"ဆောင်းပါး ကော်လံ ၁ စာကြောင်း ၁၀ ၌ "ရှင်ဗုဒ္ဓဂေါသကျောင်းမှာပညာသင်ကြား" ဟူသော နေရာတွင် "ရှင်မဟာဗုဒ္ဓဃောသကျောင်း" ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**စာတည်း**

## မန်ယူအတွက် သတင်းဆိုးပေမယ့် လီဗာပူးအတွက် သတင်းကောင်း

ဘာစီလိုနာအသင်းက လီဗာပူးရဲ့ ကော်တင်ဟိုကိုတော့ ခေါ်ယူဖို့ ကြိုးပမ်းမှုကို လက်လျှော့ပြီး အက်သလက်တီကိုရဲ့ စူပါစတား ဂရစ်ဇ်မန်းကို လာမယ့်နွေဈေးကွက်အတွက် ဦးစားပေး နံပါတ်(၁) ပစ်မှတ်အဖြစ် ရရှိဖို့ ကြိုးပမ်းမှာဖြစ်တယ်လို့ သတင်းတွေ ထွက်လာပါတယ်။ ဒီသတင်းက လီဗာပူးအတွက် သတင်းကောင်းဖြစ်ပေမယ့် ဂရစ်ဇ်မန်းကိုရဖို့ တောက်လျှောက်ကြိုးပမ်းနေတဲ့ မန်ယူအတွက်တော့ သတင်းဆိုးဖြစ်စေခဲ့ပါတယ်။

ဂရစ်ဇ်မန်းရဲ့ အကောင်းဆုံး စွမ်းဆောင်ရည်ကို ၂၀၁၆ ခုနှစ်မှာ မြင်တွေ့ခဲ့ရပေမယ့် ဒီနှစ်တော့ ခြေစွမ်းရုန်းကန်နေရကာ ပြိုင်ပွဲစုံမှာ သုံးဂိုးသာ သွင်းယူထားနိုင်ပါတယ်။ စပိန်သတင်းစာ မန်ဒို ဒီပို့တီဗိုက ဘာစီလိုနာက ဂရစ်ဇ်မန်းရရှိရေး လှုပ်ရှားမှု စတင်လာပြီဖြစ်ပြီး ဂရစ်ဇ်မန်းရဲ့ စာချုပ်ပါ ထွက်ခွာခွင့် တန်ဖိုး ပေါင် ၈၆ သန်းပေးချေဖို့အသင့်ရှိနေတယ်လို့ ဖော်ပြခဲ့ပါတယ်။ ဂရစ်ဇ်မန်းဘက်ကလည်း အပြောင်းအရွှေ့ဆွေးနွေးဖို့ ဘာစီလိုနာဘက်ကို မီးစိမ်းပြလိုက်ပြီဖြစ်တယ်လို့ ဒီဆောင်းပါးမှာ ဖော်ပြထားပါတယ်။

ဂရစ်ဇ်မန်းက ယခုနှစ် နွေဈေးကွက် အစောပိုင်းကာလမှာ မန်ယူကို ပြောင်းရွှေ့ရေးအတွက် ပုဂ္ဂိုလ်ရေးဆိုင်ရာသဘောတူညီချက်တောင်ရပြီးဖြစ်ပေမယ့် အက်သလက်ရဲ့ ကစားသမားခေါ်ယူခွင့် ပိတ်ပင်ခံရမှုကြောင့် အက်သလက်အတွက် ဆက်ရှိပေးဖို့ ဆုံးဖြတ်ခဲ့တာဖြစ်ပါတယ်။ ဘာစီလိုနာက ဂရစ်ဇ်မန်းကိုသာ ထိပ်တန်းပစ်မှတ်အဖြစ် ခေါ်ယူဖို့ ကြိုးပမ်းတဲ့ကိစ္စဟာ တစ်နည်းအားဖြင့်ဆိုရရင် ကော်တင်ဟိုကို ခေါ်ယူဖို့ကြိုးပမ်းမှု အဆုံးသတ်သွားခြင်းလို့ အဓိပ္ပာယ်ရပါတယ်။ ဘာစီလိုနာက ပြီးခဲ့တဲ့ နွေဈေးကွက်အတွင်း ဒမ်ဘီလီကို ခေါ်ယူပြီးနောက်မှာ သူတို့အသင်းရဲ့ ကစားသမားတွေကြား အသက်ကွာဟမှုကို လျှော့ချဖို့ ဂရစ်ဇ်မန်းတို့လို အရွယ်တွေကို ခေါ်ယူဖို့ ပစ်မှတ်ထားလာတာဖြစ်ပါတယ်။

ဒါ့အပြင် အင်းနရစ်နေရာ အစားထိုးတာဝန်ယူခဲ့တဲ့ နည်းပြ ဗယ်လ်ဗာဒီက ဂရစ်ဇ်မန်းရဲ့ အမာခံ ပရိသတ်ဖြစ်တာကလည်း ဘာစီလိုနာရဲ့ အဓိကပစ်မှတ်က ဂရစ်ဇ်မန်းဖြစ်လာခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် ဂရစ်ဇ်မန်းဟာ ပြီးခဲ့တဲ့နွေရာသီကပဲ အက်သလက်နဲ့ စာချုပ်သစ် ချုပ်ဆိုခဲ့ပြီး အဲဒီစာချုပ်မှာ အရင်က ထွက်ခွာခွင့်တန်ဖိုးကို နှစ်ဆအထိ တိုးမြှင့်ခဲ့တာကြောင့် သူ့ကို ခေါ်ယူချင်တဲ့ အသင်းက ပေါင်သန်း ၁၇၀ လောက်အသုံးပြုရတော့မယ့် သဘောရှိပါတယ်။ ရီးယဲလ်ကလည်း ဂရစ်ဇ်မန်းကို ခေါ်ယူချင်ပေမယ့် ကစားသမားဘက်ကတော့ မြို့ခံပြိုင်ဘက်အသင်းတစ်ခုဆီကိုပြောင်းရွှေ့ဖို့ သိပ်ပြီးဆန္ဒမရှိတာကြောင့် ရီးယဲလ်ထက်ဆို ဘာစီလိုနာကို ရွေးချယ်မယ့် သဘောရှိပါတယ်။ ဘာစီလိုနာရဲ့ အခု လှုပ်ရှားမှုဟာ ပရီမီယာလိဂ် အသင်းတွေဆီပါ ရိုက်ခတ်ခဲ့ကာ မန်ယူကတော့ ဘာစီလိုနာကို ယှဉ်နိုင်ဖို့ ကြိုးပမ်းရတော့မှာဖြစ်ပါတယ်။ မန်ယူက ပေါ့ဘာကို ခေါ်ယူရေးကိစ္စမှာတော့ ဘာစီလိုနာကို အသာ ရထားဖူးတဲ့ အစဉ်အလာရှိတော့ ဒီတစ်ခါဘယ်လိုဖြစ်လာဦး မလဲဆိုတာလည်း စိတ်ဝင်စားဖို့ကောင်းပါတယ်။




## ဘယ်သူအကောင်းဆုံးလဲ



စီရိုနယ်လ်ဒိုနဲ့ မက်ဆီဘယ်သူပိုကောင်းသလဲဆိုတာ သူတို့ရဲ့ ဆိုင်ရာဆိုင်ရာ ပရိသတ်တွေကြား နှစ်ပေါင်းများစွာ အငြင်းပွားလာတဲ့ ကိစ္စရပ်ဖြစ်သလို ဘောလုံးလောကတွင်း ကျင်လည်နေသူတွေကိုလည်း မီဒီယာတွေက ဘယ်သူပိုကောင်းသလဲဆိုတာ မေးခွန်းတစ်ခုအနေနဲ့ မေးတတ်တာကြောင့် ဘယ်သူကတော့ မက်ဆီက ပိုကောင်းတယ်၊ ဘယ်သူကတော့ စီရိုနယ်လ်ဒိုပိုကောင်းတယ်။ ဘယ်လိုထင်တယ်ဆိုတဲ့ အမြင်တွေက ပုံမှန်တွေ့ရလေ့ရှိတဲ့ အဖြေသာဖြစ်ပါတယ်။ ဒါပေမယ့် ခုကတော့ စီရိုနယ်လ်ဒိုရဲ့ အသင်းဖော်ဟောင်း ဘာဘာတော့ဗ်က မက်ဆီကို 'အကောင်းဆုံး' ဆိုတဲ့ အသုံးအနှုန်းကို သုံးနှုန်းခဲ့ချိန်မှာ စီရိုနယ်လ်ဒိုကိုတော့ 'ထူးချွန်သူ' လို့သာ သုံးစွဲခဲ့တာကြောင့် ဒါကိုပဲ မီဒီယာတွေက ဦးစားပေးဖော်ပြနေကြပါတယ်။

ဘာဘာတော့ဗ်နဲ့ စီရိုနယ်လ်ဒိုတို့က မန်ယူမှာ နှစ်ရာသီ တွဲဖက်ကစားခွင့်ရခဲ့ပြီး မက်ဆီကိုတော့ ၂၀၀၉ ခုနှစ် ချန်ပီယံလိဂ် ဗိုလ်လုပွဲမှာ ပြိုင်ဘက်အဖြစ် ရင်ဆိုင်ခဲ့ဖူးတာဖြစ်ပါတယ်။ ဘာဘာတော့ဗ်က မက်ဆီဟာ ကိုယ်တိုင် ဂိုးသွင်းစွမ်းရည်ကောင်းသလို ဂိုးဖန်တီးမှုကောင်းကောင်းလုပ်နိုင်ပြီး ပွဲတစ်ပွဲလုံးကို ပါးပါးနပ်နပ် ချဉ်းကပ်တတ်တဲ့သူအဖြစ် အမွှမ်းတင်ခဲ့ပြီး မက်ဆီက သူ့စိတ်ကြိုက်ပုံစံရှိသူလို့ ဆိုလိုက်ပါတယ်။

သူက "ကျွန်တော်တို့မျိုးဆက်အတွက် မက်ဆီလား ရိုနယ်လ်ဒိုလား ဆိုတဲ့အခါ သူတို့နှစ်ယောက်လုံးက တကယ်ကို အများကြီး ကောင်းကြပါတယ်။ ဒါပေမယ့် မက်ဆီကတော့ ကျွန်တော့်ကို မက်ဆီ၊ မက်ဆီလို့ အော်ပြီး အားပေးအောင် လုပ်ဆောင်နိုင်စွမ်းရှိပါတယ်"လို့ ဆိုခဲ့ပါတယ်။

ဘာဘာတော့ဗ်က သူက မက်ဆီကို ပိုသဘောကျတယ်လို့ ပြောပေမယ့် စီရိုနယ်လ်ဒိုအပေါ်ထားတဲ့ သူ့ရဲ့ ချစ်ခြင်းကို ထုတ်ဖော်ပြသခဲ့ပြီး "လူငယ်လေးတွေအနေနဲ့ အကောင်းဆုံးဆိုတဲ့ ရိုနယ်လ်ဒိုလို ကြိုးစားလေ့ကျင့်ပြီး အတုခိုးပါ။ သူတို့တွေက သူဝတ်တဲ့ အဝတ်၊ သူစီးတဲ့ကား၊ သူ့ဆံပင်၊ ဉာဏ်နီဉာဏ်နက် ထုတ်တတ်မှု ဒါတွေကိုပဲ အတုယူကြတယ်။ ကျွန်တော်ပြောတဲ့ သူ့ဆီက အတုခိုးရမယ်ဆိုတဲ့အရာက သူ့ရဲ့ လေ့ကျင့်ပြီးရင်း လေ့ကျင့်တတ်တဲ့ ကြိုးစားမှုကိုပါ" လို့ ပြောခဲ့ပါတယ်။ ဒါ့အပြင် ဘာဘာတော့ဗ်က စီရိုနယ်လ်ဒိုက အဝတ်လဲခန်းမှာ ရယ်စရာတွေကို ပြောတတ်သူဖြစ်ပေမယ့် ကွင်းထဲရောက်ရင်တော့ စူးစိုက်မှု အပြည့်နဲ့ ဘာမဆိုလေးလေးနက်နက်ထား ကစားတတ်သူလို့ ချီးကျူးခဲ့ပါတယ်။

ဘာဘာတော့ဗ်အတွက် မက်ဆီက အကောင်းဆုံးဆိုပေမယ့် ပြီးခဲ့တဲ့ အောက်တိုဘာ ၂၃ရက်က ကျင်းပခဲ့တဲ့ ဖီဖာရဲ့ ၂၀၁၇ ကမ္ဘာ့အကောင်းဆုံးဆုချီးမြှင့်ပွဲ အခမ်းအနားမှာတော့ စီရိုနယ်လ်ဒိုက ၄၃ ဒသမ ၂ ရာခိုင်နှုန်း၊ မက်ဆီကတော့ ၁၉ ဒသမ ၃ရာခိုင်နှုန်းသာ ရရှိခဲ့တာဖြစ်ပါတယ်။

## ဘာစီလိုနာကိုပြန်ခဲ့တယ်



ဘရာဇီးတိုက်စစ်မှူး နေမာက ပြီးခဲ့တဲ့နွေဈေးကွက်အတွင်း ဘာစီလိုနာကနေ ပီအက်စ်ဂျီကို ကမ္ဘာ့စံချိန်တင်ကြေး ပေါင်သန်း ၂၀၀ နဲ့ ပြောင်းရွှေ့သွားခဲ့ပြီးနောက် သူ့ကို ဆုကြေးမပေးတဲ့ ဘာစီလိုနာကို ချန်ပီယံလိဂ်ကနေ ထုတ်ပယ်ပစ်ဖို့ တောင်းဆို၊ ဘာစီလိုနာဥက္ကဋ္ဌ ဘာတိုမူကလည်း နေမာတို့ဘက်က ချွတ်ယွင်းချက်တွေကို ဖွင့်ချနဲ့ အပြန်ပြန်အလှန်လှန်ဖြစ်ခဲ့ကြတာပါ။ နေမာကိုယ်တိုင်ကလည်း ပီအက်စ်ဂျီမှာ ရှင်ဘုရင်တစ်ပါးလို နေထိုင်ပြုမူ မှုတွေကြောင့် အသင်းဖော်တွေက မျက်မုန်းကျိုးကာ ဆန့်ကျင်မှုတွေကို သူတို့နည်း သူတို့ဟန်နဲ့ ပြုခဲ့ကြတယ်ဆိုတဲ့ သတင်းတွေ ထွက်နေပါတယ်။

နေမာက သူ့နောက်မှ ပီအက်စ်ဂျီကို ရောက်လာတဲ့ လူငယ်တိုက်စစ်မှူးလေး မက်ပီ၊ ကျန်ဘရာဇီးကစားသမားတွေနဲ့ ပြေလည်ပေမယ့် ကျန်ကစားသမားအများစုနဲ့တော့ အဆင်မပြေဘူးဆိုတဲ့ အကြောင်းကို ပီအက်စ်ဂျီတောင်ပံတိုက်စစ်မှူး ဒီမာရီယာက ဖွင့်ချအပြီးမှာတော့ ဘာစီလိုနာ အသင်းဖော်တွေကို နေမာလွမ်းဆွတ်နေပြီဆိုတဲ့ သတင်းတွေ ပလူပျံလာခဲ့ပါတယ်။ နေမာက ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ဘာစီလိုနာအသင်းဆီကို သွားရောက်လည်ပတ်ခဲ့ပြီး "မက်ဆီနဲ့ ဆွာရက်ဇ် အစ်ကိုတို့ကို တွေ့ရတာဝမ်းသာပါတယ်" လို့ သူ့ရဲ့ လူမှုကွန်ရက်ပေါ်ကနေ ဓာတ်ပုံနဲ့တကွ တင်ခဲ့သလို ဘာစီလိုနာဝက်ဘ်ဆိုက်ကလည်း နေမာနဲ့ ဘာစီလိုနာ အသင်းသားတွေ တွေ့ဆုံနေတဲ့ ပုံကိုတင်ခဲ့ပါတယ်။

နေမာဟာ အရင်က ဘာစီလိုနာရဲ့ MSN (မက်ဆီ-ဆွာရက်ဇ်-နေမာ) တိုက်စစ်အတွဲမှာ တွဲဖက်ကစားတဲ့ မက်ဆီ၊ ဆွာရက်ဇ်တို့နဲ့ ရင်းနှီးတဲ့ ဆက်ဆံရေးကို တည်ဆောက်နိုင်ခဲ့ပေမယ့် ပီအက်စ်ဂျီမှာတော့ အသင်းဖော်အများစုရဲ့ မနာလိုခံရ၊ တွဲဖက် တိုက်စစ်ကစားဖော် ကာဗာနီရဲ့ ဆန့်ကျင်မှုခံရတဲ့ အနေအထားတွေကြောင့် ဘာစီလိုနာမှာ တုန်းကရရှိတဲ့ နွေးထွေးတဲ့ ဆက်ဆံရေးကို တမ်းတနေတဲ့ ပုံပေါ်ပါတယ်။

## ဒီတစ်ခါတော့ တကယ်ပြောပါပြီ

ချယ်လ်ဆီးကွင်းလယ်လူ ဘာကာယိုကိုကို ပရိသတ်တွေက နှုတ်ကတိ တည်ဖို့လိုတယ်လို့ တိုက်တွန်းမှုတွေ ထွက်လာပြီးနောက်မှာတော့ ဘာကာယိုကိုရဲ့ ဆံပင်လည်း ပြာသွားခဲ့ပြီဖြစ်ပါတယ်။ ဘာကာယိုကိုက သူသာ ပရီမီယာလိဂ် ပထမဆုံးဂိုးကို သွင်းယူနိုင်မယ်ဆိုရင် ဆံပင်ကို အပြာရောင်ဆေးဆိုးမယ်လို့ ကတိပေးခဲ့ပြီး သိပ်မကြာမီမှာပဲ သူ့ရဲ့ ပရီမီယာလိဂ် ပထမဦးဆုံးဂိုးကို သွင်းယူနိုင်ခဲ့ပါတယ်။

ဘာကာယိုကိုက ကာရာဘတ်ကို ခြောက်ဂိုးပြတ်နဲ့ အနိုင်ရတဲ့ ပွဲမှာ ချယ်လ်ဆီးအတွက် ဂိုးစတင်သွင်းယူနိုင်ခဲ့တာဖြစ်ပေမယ့် အဲဒီအချိန်တုန်းက ပရီမီယာလိဂ်သွင်းဂိုး မသွင်းယူနိုင်ခဲ့သေးပါဘူး။ ဘာကာယိုကိုက "ကျွန်တော်ဂိုးသွင်းနိုင်ပြီး သိပ်မကြာခင်မှာ ဆံပင်ကို အရောင်ပြောင်းဖြစ်ပါလိမ့်မယ်။ ဖြစ်နိုင်တာကတော့ အပြာရောင်ပေါ့။အချိန်ကာလ တစ်ခုနဲ့ တစ်ခုကြားမှာ ဆံပင်အရောင် ပြောင်းရတာကို ကျွန်တော်ကြိုက်ပါတယ်" လို့ ဆိုခဲ့တာဖြစ်ပါတယ်။ ဒါပေမယ့် သူသွင်းယူနိုင်တဲ့ ပွဲဟာ တန်းဆင်းဇယားအောက်ဆုံးက ခရစ္စတယ်ပဲလေ့စ်အသင်းဘက်ကို သွင်းယူနိုင်ခဲ့တာဖြစ်ပြီး ဒီထက်ဆိုးတာက အဲဒီပွဲမှာ ချယ်လ်ဆီးက နှစ်ဂိုး-တစ်ဂိုးနဲ့ အရေးနိမ့်သွားခဲ့တာကြောင့် ဘာကာယိုကိုရဲ့ ပရီမီယာလိဂ် အဖွင့်ဂိုးပွဲစဉ်ဟာ လှပမှုမရှိခဲ့ဘူးလို့ ဆိုရမှာဖြစ်ပါတယ်။

ဒါကြောင့်လည်း ကာယကံရှင်ကိုယ်တိုင်က ဒီကတိကို မသိကျိုးကျွံပြုကာ ဆံပင်ကို မဆိုးဘဲ ထားခဲ့ပေမယ့် ပရိသတ်တွေကတော့ ဘာပဲဖြစ်ဖြစ် ကိုယ့်ကတိစကားကို ကိုယ်တာဝန်ယူဖို့ အထပ်ထပ်အခါခါ တိုက်တွန်းနေကြတာ ဘုန်းမောက်ကို ရင်ဆိုင်မယ့် ပရီမီယာလိဂ်ပွဲစဉ်မတိုင်မီ အသင်းလေ့ကျင့်ရေးကွင်းကို လာရောက်ချိန်မှာ ဆံပင်ကို အပြာရောင် ဆိုးထားပြီးဖြစ်တာကို မြင်တွေ့ခဲ့ရပါတယ်။






## အာဆင်နယ်အတွက် အရာအားလုံးပေးဆပ်ခဲ့ပေမယ့်

အာဆင်နယ်ကွင်းလယ်လူ မီဆပ်အိုဇေးလ်က မန်ယူကို အလွတ်ပြောင်းရွှေ့ကြေးနဲ့ ထွက်ခွာဖို့ ကြိုးစားနေတယ်ဆိုတဲ့ သတင်းတွေ ပလူပျံနေချိန်မှာ သူ့ရဲ့ အာဆင်နယ်မှာ လက်ရှိကာလ ခံစားချက် အချို့ကို လှစ်ဟပြခဲ့ပါတယ်။ အာဆင်နယ်အဓိကရှယ်ယာရှင် ခရွန်ကီက အိုဇေးလ်နဲ့ ဆန်းချက်ဇ်တို့ နှစ်ဦးကို စာချုပ်သစ် ထပ်ချုပ်ဖို့ ကြိုးပမ်းသွားမယ်လို့ မှတ်ချက်ပြုခဲ့အပြီးမှာ အိုဇေးလ်က ဒီစကားအပေါ် ကျေနပ်မိသလို သူဟာ အာဆင်နယ်အတွက် ရာနှုန်းပြည့် ပေးဆပ်ထားပေမယ့် ဝင်းဂါးလက်အောက်မှာ ကစားရတဲ့ သူ့ရဲ့ နေရာကိုတော့ ကျေနပ်ခြင်းမရှိဘူးဆိုတာကို ပြောကြားလိုက်ပါတယ်။

အိုဇေးလ်က သူဟာ ကျောနံပါတ် (၁၀) ဝတ်ကစားသမားတွေ ကစားလေ့ရှိတဲ့ ကွင်းလယ်ဖန်တီးရှင်နေရာကိုပဲ ကစားချင်တယ်ဆိုတာ အားလုံးသိကြပြီးဖြစ်ပေမယ့် ဝင်းဂါးက သူ့ကိုညာတောင်ပံမှာ ထွက်ကစားခိုင်းထားတယ်လို့ ဆိုလိုက်တာဖြစ်ပါတယ်။ ဒီအချက်က ဝင်းဂါးချပေးတဲ့ လက်ရှိကစားရတဲ့ နေရာအပေါ် သူ့အနေနဲ့ ကျေနပ်ခြင်းမရှိဘူးဆိုတဲ့ အချက်ကို လှစ်ပြခဲ့တာပဲဖြစ်ပါတယ်။

မေလှဲ့သင်း


နိုင်ငံတကာအဆင့်မီ
ရွှေနန်းတော်
စိန်ရွှေရတနာဆိုင်
ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်(သပြေကုန်းဈေးအနီး)
၂-၁၁-၂၀၁၇- ၃၀-၁၂-၂၀၁၇ နေ့ထိ
သိန်းပေါင်း (1700)ကျော် ချီးမြှင့်ပေးမည့်
နိုဝင်ဘာလ(၂)ရက်မှ(၁၃)ရက်နေ့အထိ ဝယ်ယူသူတိုင်းကို
ရွှေဆွဲပြားများလက်ဆောင်ပေးမည်။ (ကံစမ်းရန်မလို)
5 to 50% off
Grand Opening
2-11-2017 (ကြာသပတေးနေ့)
ကော်ဇောနီခင်း၍ ကြီးကျယ်ခမ်းနားစွာ
ဖွင့်လှစ်မည်
နေတိုး၊ ပြေတီဦး၊ မြင့်မြတ်၊ ဇေရဲထက်၊
ထွန်းအိန္ဒြာဗို၊ အိန္ဒြာကျော်ဇင်၊ စိုင်းသင်းကြည်၊ ဝတ်မှုန်ရွှေရည်၊ အေးမြတ်သူ၊
ယွန်းယွန်း၊ ရွှေထူး၊ အောင်ထက်၊ ပြုံးပြုံးကျော်သိန်း၊ နီနီခင်ဇော်၊ ဝိုင်းစုခိုင်သိန်း၊
Dancer - Project K အဖွဲ့များဖြင့်
၂-၁၁-၂၀၁၇ မှစ၍ (၄)ရက်တိုင်တိုင် ကြီးကျယ်ခမ်းနားစွာ ဖွင့်လှစ်မည်။
နေပြည်တော်နှင့်အနီးတဝိုက်မြို့များဖြစ်သည့် ပျဉ်းမနား၊
လယ်ဝေး၊ တပ်ကုန်း ကျေးရွာများအတွက်
အသွားအပြန် အခမဲ့ဘတ်စ်ကားကြီးများစီစဉ်ပေးမည်။
Grand Lucky Draw Program
Toyato Brand New ကား (၁)စီး
Brand New Honda ဆိုင်ကယ် (၅)စီး
Brand New ဆိုင်ကယ် (၂၀)စီး
(၈)ပဲသားရွှေဆွဲကြိုး (၁၀)ကုံး
(၄)ပဲသားရွှေဆွဲကြိုး (၁၀)ကုံး
(၅)TV (၁၀)လုံး
(၆)EVD Player (၁၀)ခု
ချက်ခြင်းပေါက်ချက်ခြင်းယူဗလာမပါကံစမ်းမဲ
Brand New ဆိုင်ကယ် (၁၅) စီး
(၈)ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၄)ပဲသား ရွှေဆွဲကြိုး (၁၀) ကုံး
(၂)ပဲသား ရွှေလက်စွပ် (၂၀) ကုံး
နှင့် အခြားအဖိုးတန်ပစ္စည်းများ
အများဆုံးဝယ်ယူသူ(၁၀)ဦး
Brand New Honda ဆိုင်ကယ်- (၁)စီး
Brand New ဆိုင်ကယ် - (၂)စီး
(၈) ပဲသားရွှေဆွဲကြိုး - (၃)ကုံး
TV နှင့် EVD Player - (၄)ခု
ကံစမ်းရန်မလို
New Arrival
3D CAD/CAM
ပွဲတက်ရွှေထည် လက်ဝတ်ရတနာ
ဒီဇိုင်းဆန်းများ


GRAND
SALES EVENT
OPENING
2-11-2017 (Thursday)
New Arrival
3D CAD/CAM
Invisible and Micro Setting
လက်ဝတ်ရတနာများ

## ooredoo

ပျော်ရွှင်စရာ အင်တာနက်စွမ်းအား

# အချိန်နေရာမရွေး ချက်ချင်းမြန်မြန် ငွေလွှဲရန်

